ကြေးမုံ
The Mirror Daily
Established in 1957

ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည် သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 June 2020 ၁၀၀၃၆

ကြေးမုံ ယနေ့ ဖတ်စရာ

ဆက်ဆံရေး နှစ် (၇၀) ခရီးမှသည်....

စာမျက်နှာ » ၆

နယ်စပ်အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းရန် အိန္ဒိယနှင့်တရုတ် သဘောတူ

စာမျက်နှာ » ၁၁

ဂျာမနီနိုင်ငံ၌ တပ်ဖြန့်ထားသော အမေရိကန်တပ်သား ၉၅၀၀ ခန့်ကို ပြန်လည်ရုပ်သိမ်းရန် သမ္မတထရမ့် ဆုံးဖြတ်

စာမျက်နှာ » ၁၃

မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ပျိုးခြင်းဖြင့် တောင်သူဘဝတိုးတက်အောင် ဆောင်ရွက်ကြပါစို့

စာမျက်နှာ » ၁၉

မြဝတီတံတားအမှတ် (၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၇၈၄ ဦး ဆက်လက်ဝင်ရောက်

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ကျန်းမာရေးစစ်ဆေးစဉ်။

မြဝတီ ဇွန် ၆

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၇၈၄ ဦးသည် မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဝင်ရောက်

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀ ဦး၊ ၂ ရက်တွင် ၅၄ ဦး၊ ၃ ရက်တွင် ၁ ဦး၊ ၄ ရက်တွင် ၄၄ ဦး၊ ၅ ရက်တွင် ၂၃ ဦး၊ ၈ ရက်တွင် ၁၀၀၊ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၂ ရက်တွင် ၃၆ ဦး၊ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူများအား နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်

ကော့သောင်း ဇွန် ၆

ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ နေရပ်ပြန်မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၉၇ ဦး၊ အမျိုးသမီး ၇၃ ဦး စုစုပေါင်း အလုပ်သမား ၁၇၀ တို့သည် ယမန်နေ့ညနေပိုင်းက ရေလမ်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကာလအတွင်း နှစ်နိုင်ငံကူးသန်းသွားလာမှုများ ပိတ်သိမ်းခဲ့၍ ထိုင်းနိုင်ငံတွင် ကြန့်ကြာနေခဲ့ရခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါသံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်းရှိမရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ၊ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ကြေးမုံ

သဘာဝဘေးကို မပေါ့မဆသတိပြု

ယခုကာလ ကိုဗစ်-၁၉ ရောဂါဘေး ကာကွယ်၊ ထိန်းချုပ်ရေးကို တစ်နိုင်ငံလုံး ဝိုင်းဝန်းဆောင်ရွက်နေကြသည့်အချိန်တွင် အထူးသတိထားရမည့်ကိစ္စတစ်ခုမှာ မိုးရာသီတွင်ဖြစ်ပေါ်တတ်သော မိုးကြိုးပစ်သည့်အန္တရာယ်ဖြစ်သည်။ ယခုမိုးကြိုကာလ ဧပြီလနှင့် မေလအတွင်း မိုးကြိုးဘေးကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် လူ ၂၅ ဦး သေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်။

ဆက်လက်၍ ယခုဇွန်လ ၁ ရက်မှ လေးရက်အတွင်း မိုးကြိုးဒဏ်ကြောင့် သေဆုံးသူ ၁၃ ဦးရှိရာ ယခုကာလ မိုးကြိုးပစ်ခဲ့သည့် ၃၄ ကြိမ်တွင် သေဆုံးသူ ၄၀ နီးပါးရှိခဲ့သည်။ ယခုနှစ်မှာ မိုးကြိုးပစ်ခံရသော ပြည်သူအရေအတွက်မှာ မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်မှတ်တမ်းတွင် မကြုံစဖူး ထူးကဲများပြားလွန်းသည်ဟု ဆိုရမည်ဖြစ်သည်။ ပြီးခဲ့သည့် ဇွန်လ ၃ ရက်နေ့က မြိတ်မြို့နယ်တွင် တစ်နေရာထဲသို့ မိုးကြိုးပစ်ခဲ့ရာ အမျိုးသမီးလေးဦးနှင့် ကလေးတစ်ဦးသေဆုံးရပြီး အမျိုးသမီးခုနစ်ဦး ဒဏ်ရာရရှိခဲ့သဖြင့် မိုးကြိုးအန္တရာယ်ကို အထူးသတိထားရတော့မည် ဖြစ်သည်။

ယခုနှစ် နွေအကုန် မိုးအကူးကာလတွင် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ လေထုအပူချိန်မြင့်တက်လာခြင်းတို့ကြောင့် အပူရှိန်အလွန်မြင့်လာပြီး မိုးကြိုးပစ်သည့်ဖြစ်စဉ်များ ပိုများလာသည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းကြသည်။ မုတ်သုံအဝင်ကာလတွင် အပူချိန်များ မြင့်တက်ခဲ့ပြီးနောက် မိုးရွာသွန်းမှုများဖြစ်ပေါ်လာရာ ယခုကာလ၌ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းတို့ နိုင်ငံတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သည်။ မိုးရာသီကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့မှာ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝပင်ဖြစ်သော်လည်း ထိုသို့ဖြစ်ပေါ်နေသောအချိန်အခါတွင် မိုးကြိုးစက်ကွင်းထိနိုင်သော ပြုမူလုပ်ကိုင်မှုများကိုရှောင်ရှား၍ ဘေးအန္တရာယ်မဖြစ်အောင် သတိထားနေထိုင်တတ်ဖို့ လိုအပ်သည်။

လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်လေ့ရှိပြီး ထိုအချိန်ကာလတွင် ပတ်ဝန်းကျင်၌ လျှပ်စစ်စီးကြောင်းများ လျှပ်တစ်ပြက်စီးဆင်းပြီး ပေါက်ကွဲမှုပြင်းထန်နိုင်ရာ ထိုအချိန်တွင် လက်ကိုင်ဖုန်းအသုံးပြုပါက အလွန်အန္တရာယ်များသည်ကို သတိထားရမည်ဖြစ်သည်။ လျှပ်စီးလက်စဉ် လက်ကိုင်ဖုန်းအသုံးပြုလျှင် မိုးကြိုးစက်ကွင်းမိနိုင်သည့်အပြင် နေအိမ်အတွင်းရှိ တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ ဟင်းအိုး၊ လျှပ်စစ်မီးပူ၊ ကွန်ပျူတာ စသည့်လျှပ်စီးပစ္စည်းများပါ ထိခိုက်ပျက်စီးနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

နေအိမ်ပြင်ပသို့ ရောက်ရှိနေစဉ် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းဖြစ်လာပါက လက်ကိုင်ဖုန်းအသုံးပြုခြင်းကို ချက်ချင်းရပ်ဆိုင်းရန်လိုအပ်ပြီး မိုးကြိုးပစ်နေစဉ်အတွင်း ကွင်းပြင်ကျယ်များ၊ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ၊ သတ္တုပစ္စည်းများအနီးအနားတွင် မနေထိုင်သင့်ဘဲ အိမ်အပြင်ဘက်ရှိ လျှပ်စစ်စက်ကွင်းကျရောက်နိုင်သော နေရာများတွင် လူစုလူဝေးကို ရှောင်ရှား၍ ဖြန့်ခွဲနေထိုင်သင့်ပါသည်။ မိုးရွာသွန်းနေစဉ်၊ လျှပ်စီးလက်နေစဉ်၊ မိုးခြိမ်းနေစဉ် လူစုလူဝေးဖြင့်နေထိုင်မိပြီး မိုးကြိုးပစ်ခြင်းခံရသောကြောင့် လူ့အသက်များဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည်မှာ သင်ခန်းစာယူဖွယ်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များ ယခုနှစ်တွင် အများဆုံးကျရောက်နိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားရာ ယခုနှစ်တွင် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ ရုတ်တရက် လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည်ကို သတိမူရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာဆောင်ရွက်ခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးစေမည့်အချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်
အရေးပေါ်တုံ့ပြန်ရေးကော်မတီ

SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

ကျောက်ဆည်မြို့နယ်၌ ရေတွင်းအသက်ကယ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်

ကျောက်ဆည် ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက မြို့နယ်မီးသတ်စခန်းအတွင်းရှိ ရေတွင်း၌ ရေတွင်းအသက်ကယ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အချိန်နှင့်တစ်ပြေးညီ

အဆိုပါ ရေတွင်းအသက်ကယ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်မှုကို ကျောက်ဆည်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်စခန်းတာဝန်ခံ ဦးကျော်မျိုးထွန်း ဦးဆောင်၍ မီးသတ်သန္နေတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနိုင်ရန်၊ ဆောင်ရန်၊ ရှောင်ရန်အချက်များသိရှိစေရန် လေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရေတွင်းအသက်ကယ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ရာတွင် ရေတွင်းထဲသို့ မတော်တဆပြုတ်ကျသူများ၊ ပိတ်မိနေသူများအား အသက်အန္တရာယ်မဆုံးရှုံးရစေရန် အမြန်ဆုံးနှင့် ထိရောက်စွာကူညီ

ကယ်ဆယ်နိုင်ရေးအတွက် လေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးကျော်မျိုးထွန်းထံမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

■

စာအုပ်စာပေ လူ့မိတ်ဆွေ

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ်	-	ဦးစိုးစိုးနိုင်
စာတည်းမှူး	-	ဦးဝင်းနိုင်
စာတည်းများ	-	ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး	-	ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ	-	ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း	-	ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊
သတင်းထောက်များ		ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း	-	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ		ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက်	-	ဦးခင်မောင်ဝင်း
သုတေသန	-	ဒေါ်ဇင်မာဝင့်
စာပြင်	-	ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း	-	ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ ကြေးမုံသတင်းစာတိုက် ကွန်ပျူတာခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ စာပေဗိမာန်နှင့် သတင်းစာတိုက်များကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် ပြည်သူ့စာကြည့်တိုက်၊ ကြေးမုံ၊ မြန်မာ့အလင်းနှင့် The Global New Light of Myanmar သတင်းစာတိုက်တို့တွင် လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး MRTV Webportal အခန်းတွင် Website လွှင့်တင်ခြင်းနှင့် Social Media များမှတစ်ဆင့် သတင်းနှင့် ရုပ်သံအစီအစဉ်များ လွှင့်တင်ဆောင်ရွက်နေမှု၊ MITV သတင်းခန်းတွင် လုပ်ငန်းဆောင်ရွက်နေမှု၊ Graphic Room တွင် Computer Graphic လုပ်ငန်းဆောင်ရွက်နေမှု၊ Archiving Room တွင် Digital မှတ်တမ်းထိန်းသိမ်းမှု၊ သတင်းစတူဒီယိုများတွင် သတင်းနှင့် အစီအစဉ်ရိုက်ကူးဆောင်ရွက်နေမှုနှင့် Studio 1 တွင် MRTV နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့ ပူးပေါင်းပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် တေးသံရှင်များဖြစ်ကြသော ဂရေဟာမ်၊ ချောစုခင်၊ အိုင်းရင်းဇင်မာမြင့်၊ ခင်စုစုနိုင်တို့နှင့် လှုံ့ဆော်ရေးတေးသီချင်း ရိုက်ကူးမှုများကိုလည်းကောင်း၊ ကိုဗစ်-၁၉ သတ်မှတ်ကာလအတွင်း ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် ပြည်သူ့စာကြည့်တိုက်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းရှိ ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိပြီး ကြေးမုံခင် စာအုပ်ဆိုင်၊ စာတည်းခန်း၊ စာပြင်ဌာနနှင့် ကြော်ငြာဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟန်းမြို့နယ်ရှိ The Global New Light of Myanmar သို့ ရောက်ရှိပြီး စာတည်းခန်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိပြီး သတင်းခန်းနှင့် ပုံနှိပ်စက်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

စာပေဗိမာန်စာမူဆု(၂၀၁၉) ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

ရန်ကုန် ဇွန် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်သည် ဘာသာပြန်စာပေဖွံ့ဖြိုးရေးနှင့် ဘာသာပြန်ဝါသနာရှင်များ တိုးတက်ရေးအတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲကို နှစ်စဉ် ဖိတ်ခေါ်ကျင်းပလျက်ရှိရာ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိသည်။

ယခင်နှစ်များတွင် ဘာသာပြန်စာမူပြိုင်ပွဲ၌ သုတဘာသာရပ်တစ်မျိုးသာ ပြဋ္ဌာန်းခဲ့သော်လည်း ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုမှစ၍ ဘာသာပြန်(သုတ)နှင့် ဘာသာပြန်(ရသ)ဟူ၍ နှစ်မျိုးခွဲလျက် ပြဋ္ဌာန်းလိုက်ပါသည်။

၂၀၁၉ ခုနှစ်အတွက် ဘာသာပြန်





(ရသ) ပြဋ္ဌာန်းစာအုပ်မှာ V.S NAIPAUL ရေးသားသည့် COLLECTED SHORT FICTION စာအုပ်ဖြစ်ပြီး ဘာသာပြန်(သုတ) ပြဋ္ဌာန်းစာအုပ်မှာ MIKE GONZALEZ and MARIANELLA YANES တို့ ရေးသားသည့် THE LAST DROP : The Politics of Water စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန် အရောင်းဆိုင် ဖုန်း ၀၁-၃၈၁၄၄၈၊ သပြေကုန်း နေပြည်တော်ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း ၀၆၇-၃၄၀၄၁၆၈၊ ၈၆လမ်း ၂၁x၂၂ ကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် COLLECTED SHORT FICTION စာအုပ်ကို တန်ဖိုးငွေကျပ် ၅၀၀၀၊ THE LAST DROP : The Politics of Water စာအုပ်ကို တန်ဖိုးငွေကျပ် ၇၀၀၀ တို့ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ပြိုင်ပွဲဝင် စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ Website www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း၊ စာပေဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀ ဖြင့် သော်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှု ကော်မတီ၊ စာပေဗိမာန်ရုံး အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်ပါသည်။

ပြိုင်ပွဲဝင် စာမူများကိုလည်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ယင်းလိပ်စာသို့ပင် လိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျိုးပင်များဖြန့်ဝေ

မြဝတီ ဇွန် ၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျိုးပင်များဖြန့်ဝေခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းတို့ကို မြဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့ အထက(၁)ရှေ့တွင် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းဝတ်ဆင်လာခြင်းမရှိသူများအား ဝတ်ဆင်ပေးခြင်း၊ အချိုရည်၊ မုန့်နှင့် ရေသန့်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် မဲကနယ်တိုးချဲ့ရပ်ကွက်အတွင်း စိုက်ပျိုးရန် သက်န်းညီနောင်သစ်တောပျိုးဥယျာဉ်မှ ပျိုးပင်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အစေ့ထုတ်ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် ဇွန် ၆

အစေ့ထုတ်ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ပုဂ္ဂလိကကဏ္ဍများဖွံ့ဖြိုးတိုးတက်

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပုဂ္ဂလိကကဏ္ဍများဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် မှီတည်နေသည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာအောင် နိုင်ငံတော်ဘက်မှ လိုအပ်သည့်ဖြေလျှော့ပေးမှုများ၊ လုပ်ငန်းလွယ်ကူလျင်မြန်ချောမွေ့စေရေးအစီအမံများကို စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို အဟန့်အတားဖြစ်စေသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ရေးဆွဲပြဋ္ဌာန်းပေးခြင်း စသည့်လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးနေကြောင်း၊ မြန်မာနိုင်ငံတွင် ပြောင်းကို နှစ်စဉ်ပြည်တွင်းစားသုံးမှုထက် ပိုလျှံစွာထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပတင်ပို့မှုအပိုင်းတွင်လည်း အာဆီယံဒေသတွင်း နိုင်ငံပေါင်း ၁၀ နိုင်ငံအနက် ဒုတိယအများဆုံး တင်ပို့သောနိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက ၁ ဒသမ ၉ သန်းခန့်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တောင်ပိုင်း၊ ကယား၊ ကရင်၊ ဧရာဝတီတိုင်း၊ နေပြည်တော် စသည့်နေရာများမှထွက်ရှိသော ပြောင်းများကို တရုတ်ဈေးကွက်သို့ အများဆုံးတင်ပို့လျက်ရှိရာ ပြောင်းအဓိကဝယ်ယူနေသည့် တရုတ်နိုင်ငံက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကစ၍ လျော့နည်းဝယ်ယူလာခြင်းကြောင့် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုအရ ပြောင်းသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် အခြေအနေကောင်း၊ အခွင့်အလမ်းကောင်းများရှိသည့်အတွက် ပြောင်းကဏ္ဍ၌ ပါဝင်ပတ်သက်သူများအားလုံး စိတ်ပါဝင်စားစွာလက်တွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်သလို လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက အားကိုးအားထားပြုရသည့် လုပ်ငန်းရှင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်ပွဲစားများ၊ ပြည်ပတင်ပို့သူများအနေဖြင့် အချင်းချင်း ရောင်းဝယ်မှုပြုလုပ်ရာတွင် အွန်လိုင်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်မှာ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြမည့် အကြောင်းအရာများမှတစ်ဆင့် ဖော်ထုတ်ရရှိမည့်အချက်များသည် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နိုင်မည့် အခြေခံအချက်များဖြစ်ပြီး နိုင်ငံတကာသို့ ပြောင်းတင်ပို့မှုကို မြှင့်တင်နိုင်မည့် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်ပပို့ကုန်အတွက် အလားလာရှိ

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက ဈေးကွက်နှင့် ပို့ကုန်အခြေအနေ လိုအပ်ချက်ရှိသည့် သီးနှံများအား ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြောင်းကို ပြည်တွင်းအစာထုတ်လုပ်ငန်းများမှလည်း တန်ချိန် ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၅ သန်းအထိ သုံးစွဲပါကြောင်း၊ ကမ္ဘာ့ပြောင်းထွက်ရှိမှု တန်ချိန်သန်း ၁၁၀၀ ကျော်ထွက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ၂ ဒသမ ၃ သန်းခန့် ထွက်ရှိသည်ဟု စာရင်းအင်းများအရ သိရှိရကြောင်း၊ ပြည်ပတင်ပို့မှုတွင်လည်း ယခုနှစ်တွင် ပြောင်းတန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့ထားပြီး ထိုင်းနိုင်ငံသို့ တန်ချိန် ၁ ဒသမ ၂ သန်းခန့် တင်ပို့ထားပါကြောင်း၊ ပြည်ပပို့ကုန်အတွက် အလားလာရှိသည့်အပြင် ပြည်တွင်းအစာစပ်လုပ်ငန်းများနှင့် ဝယ်လိုအား မြင့်တက်လာလျက်ရှိသည့်အတွက်လည်း ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ Zoom Application ဖြင့် ဖိုရမ်သို့ပါဝင်တက်ရောက်ကြသူများက ပြောင်းသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မျိုးစေ့သုံးစွဲမှု၊ ပြောင်းစိုက်ပျိုးမှုနှင့် ပြည်ပတင်ပို့မှုတို့တွင် ကြုံတွေ့ရသည့်အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲများ၊ ကိုဗစ်-၁၉ ကာလ ပြည်တွင်းပြောင်းဈေးကွက်အခြေအနေနှင့် ကိုဗစ်-၁၉ ကာလအလွန် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ပြည်တွင်းရှိ အစာစပ်လုပ်ငန်းတွင် လက်ရှိပြောင်းသုံးစွဲနေမှုအခြေအနေ၊ တိရစ္ဆာန်အစာပြည်တွင်းဖြန့်ဝေရောင်းချမှု အခြေအနေ၊ ကိုဗစ်-၁၉ အလွန်ကာလများတွင် ပြောင်းကုန်ကြမ်းဝယ်ယူမည့် အခြေအနေများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိဂုံးချုပ်စကားပြောကြားသည်။

ဖိုရမ်သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ အသင်းအဖွဲ့များနှင့် ကုန်သည်လုပ်ငန်းရှင်များ၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့မှ စိုက်ပျိုးတောင်သူများ၊ အစေ့ထုတ်ပြောင်းကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကိုယ့်အားကိုယ်ကိုး တိုးချဲ့ ၃၁၅ ကေဗွီအေ ထရန်စဖော်မာမှ လျှပ်စစ်ဓာတ်အား စတင်ပေး

နေပြည်တော် ဇွန် ၆

ကိုယ့်အားကိုယ်ကိုး ၃၁၅ ကေဗွီအေ ထရန်စဖော်မာမှ မီးစတင်ပေးခြင်းကို ယမန်နေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် တောင်ဂေါ်ရခါးအုပ်စု ရပ်ကွက်ကြီး (၂၁) မိုးကြိုးစံပြကျေးရွာ၌ ပြုလုပ်သည်။

ထိုကဲ့သို့ တိုးချဲ့တပ်ဆင်လိုက်သော ထရန်စဖော်မာမှ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

မောင်မောင်မျိုး

❖ **ကော့သောင်းမှ**

ပြန်လည်ဝင်ရောက်လာသူများ မိမိတို့နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များအသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များရှိ စောင့်ကြည့်ရေးစခန်းများ၌ ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်နှင့် နေအိမ်တွင် ကန့်သတ်စောင့်ကြည့်မှု ခုနစ်ရက် ထားရှိစောင့်ကြည့်မှုခံယူကြရမည်ဖြစ်ပြီး ကော့သောင်းဒေသခံများကို ကော့သောင်းမြို့ရှိ ကန့်သတ်စောင့်ကြည့်မှုစင်တာများ၌ ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်နှင့် နေအိမ်ကန့်သတ်စောင့်ကြည့်မှု ခုနစ်ရက် ဆက်လက်ထားရှိစောင့်ကြည့်ပြီး Swab နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကျော်စိုး(ကော့သောင်း)

◆ **ရွှေ့ဖုံးမှ**

၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀ ဦး၊ ယနေ့တွင် ၁၇၈၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၁၉၉၆၅ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၁၁၁ ဦး၊ အမျိုးသမီး ၆၇၃ ဦး စုစုပေါင်း ၁၇၈၄ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

COVID-19 ကာလတွင်စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေးအသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်းစိတ်ဖိစီးမှုများ ခံစားနေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစား လက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အဆင့်သို့ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်

"အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော စာပေဗိမာန်၏ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများအသိဉာဏ်ပညာတိုးပွားစေရန်နှင့် မြန်မာစာပေဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်ရှိ **"စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်"**ကို အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံ၌ ဖွင့်လှစ်ထားပါသည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်၏ ရည်ရွယ်ချက်မှာ ပြည်သူတို့ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်အလေ့အကျင့် တိုးပွားစေရန်လည်းကောင်း၊ အတွေးအခေါ်ရင့်သန်လာ၍ ဉာဏ်အမြော်အမြင် ကြီးမားလာစေရန်လည်းကောင်း၊ နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်လည်းကောင်း၊ စာဖတ်သူများ အားကိုးအားထားပြုနိုင်သည့် စာကြည့်တိုက်တစ်ခုဖြစ်လာစေရန်လည်းကောင်း ရည်ရွယ်ချက်များနှင့် သုတ/ရသစာအုပ်မျိုးစုံဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

သုတ/ရသ မြန်မာစာအုပ်ပေါင်း ၆၂၈၂၈ အုပ်နှင့် အင်္ဂလိပ်စာအုပ်ပေါင်း ၂၃၁၅၄ အုပ် စုစုပေါင်း ၈၅၉၈၂ အုပ် စုဆောင်းထားရှိပါသည်။ e-book စာအုပ်ပေါင်း ၂၆၈၁၆ အုပ်ကိုလည်း e-book အဖြစ် ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဥပဒေရေးရာ၊ သမိုင်း၊ ပထဝီ၊ အတ္ထုပ္ပတ္တိ၊ စွယ်စုံကျမ်းများနှင့် အဘိဓာန်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းစာအုပ်များ၊ နိုင်ငံတော်ပြန်တမ်းများနှင့် ဗဟုသုတရရှိစေမည့် သုတ/ရသကဏ္ဍစုံ စာအုပ်ပေါင်းများစွာကို စုဆောင်းထားလျက်ရှိပါသည်။

ထို့ပြင် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် ၃၉၆၆၀ ရှိပြီး နေ့စဉ်ထုတ် သတင်းစာများဖြစ်သော ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာများကို တစ်လစာ တစ်အုပ်စီ ချုပ်ပြီး ၁၉၉၅ ခုနှစ်မှစ၍ ယနေ့အထိ စုဆောင်းထားရှိပါသည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သည် ပြည်သူ့စာကြည့်တိုက်အမျိုးအစားဖြစ်သည်နှင့်အညီ လူတန်းစားမျိုးစုံ အလွှာပေါင်းစုံ ဖတ်ရှုအသုံးပြုနိုင်စေရန် သုတ/ရသကဏ္ဍစုံစာအုပ်များကို စုဆောင်းဝယ်ယူထိန်းသိမ်းပြီး ဝန်ဆောင်မှုပေးလျက်ရှိသော စာကြည့်တိုက်ဖြစ်ပါသည်။

စာကြည့်တိုက်ရှိစာအုပ်များ၏ Data အချက်အလက်များကို Electronic library Management System Software ဖြင့် ကွန်ပျူတာအတွင်း ထည့်သွင်းထားသဖြင့် စာဖတ်သူများသိလိုသော အကြောင်းအရာ၊ အချက်အလက်၊ စာအုပ်စာတမ်းများကို e-Catalogue စနစ်ဖြင့် ရှာဖွေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသဖြင့် အချိန်တိုအတွင်း ရှာဖွေဖတ်ရှုနိုင်ပါသည်။ စာကြည့်တိုက်ရှိ e-book များကိုလည်း Local Network ချိတ်ဆက်ထားပြီး ကွန်ပျူတာအသုံးပြုကာ စာကြည့်တိုက်အတွင်းတွင် အလွယ်တကူဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။ ထို့အပြင် Internet နှင့် Wi-Fi တို့ကိုလည်း အခမဲ့ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားသည်။ စာတမ်းပြုစုသူ ကျောင်းသား ကျောင်းသူများ၊ သုတေသနပြုသူ စာပေသုတေသီများနှင့် ဌာနဆိုင်ရာများအတွက်လိုအပ်သော စာအုပ်စာတမ်းများကိုလည်း ငှားရမ်းဖတ်ရှုခြင်းနှင့် မိတ္တူကူးယူခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။ စာပေဝါသနာရှင်များနှင့် စာအုပ်ငှားရမ်းဖတ်ရှုလိုသူများကို စာကြည့်တိုက်အသင်းဝင်ကတ်ပြား ပြုလုပ်ပေးပြီး အိမ်သို့ ငှားရမ်းမှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စာကြည့်တိုက်ဖွင့်လှစ်ချိန်ကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း၊ စနေနေ့တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း ဖွင့်လှစ်ထားရှိပါသည်။ ယခုအခါ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်သောအားဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် **"စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်"**သို့ လာရောက်အသုံးပြုနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Video Conferencing ဖြင့် တိုက်ရိုက်ချိတ်ဆက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရခိုင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်မောင်မြင့်က ရခိုင်ပြည်နယ်အတွင်း ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား အခြေအနေကိုလည်းကောင်း၊ အဓိက ဦးစားပေးဆောင်ရွက်နေသည့် တောင်ကုတ်–မအီ–ကျောက်ဖြူလမ်း၊ အမ်း–ပဒဲကြော–မအီလမ်း၊ မင်းဘူး–အမ်း–စစ်တွေလမ်းနှင့် ကျောက်ပန္နူ–အင်းဒင်–စေတီပြင်–တောင်ကျော်လမ်း (မေယုတောင်ကျော်လမ်း) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်အတွင်း လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၇) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူရက ရန်ကုန်–စစ်တွေ လမ်းပေါ်ရှိ အရှည် ပေ ၉၆၀၊ ဒါးလက်ချောင်း တံတားသစ် တည်ဆောက်ပြီးစီးမှု၊ အရှည် ပေ ၃၆၀ တိမ်ညို တံတားသစ်တည်ဆောက်ပြီးစီးမှု၊ မြေပုံ–မင်းပြား လမ်းပေါ်ရှိ အရှည် ပေ ၁၈၂၀ ကြပ်စင်တံတား တည်ဆောက်ပြီးစီးမှု၊ စစ်တွေမြို့ပေါ်ရှိ အရှည် ၁၆၄၂ ပေ ဆက်ရိုးကျတံတား တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို လည်းကောင်း။

Video Clip ဖြင့် ပြသ

လေးမြို့မြစ်ကိုဖြတ်၍ တည်ဆောက်ခဲ့သော ယခင်ကြံ့ခိုင်မှုအားနည်းသည့် ရာမောင်ကြိုးတံတားနေရာတွင် အရှည် ၁၂၈၄ ဒသမ ၃ ပေ၊ တံတားသစ် တည်ဆောက်နေမှု၊ အရှည် ပေ ၇၄၀ မြောင်းဘွေတံတား တည်ဆောက်နေမှု၊ အရှည် ပေ ၂၇၀ အုန်းတည်ချောင်းတံတား Steel Decking ပြုပြင်လဲလှယ်နေမှု၊ အရှည် ပေ ၄၂၀ ယိုးချောင်းတံတား Steel Decking ပြုပြင်လဲလှယ်နေမှု၊ မင်းချောင်းတံတား သံကူကွန်ကရစ်ကြမ်းခင်းပြုပြင်နေမှုအခြေအနေကို လည်းကောင်း။

ဆက်လက်၍ မြေပုံ–ကံသာ–ကပိုင်လမ်းပေါ်ရှိ အရှည် ပေ ၉၀၀ ပွန်ရှည်တံတား တည်ဆောက်နေမှု၊ ပေါက်တော–မင်းပြားလမ်းပေါ်ရှိ အရှည် ပေ ၂၆၀ ရွာချောင်းကြီးတံတား တည်ဆောက်နေမှု၊ မင်းဘူး–တပ်တောင်လမ်းပေါ်ရှိ တံတားများတည်ဆောက်နေမှုအခြေအနေကို လည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းနိုင်က ရခိုင်ပြည်နယ် ဇင်ချောင်း–ကင်းမြောက်–လေးတောင် လမ်းပေါ်ရှိ အရှည် ၁၂၅၆ ဒသမ ၇ ပေ ကင်းချောင်းတံတားတည်ဆောက်ပြီးစီးမှု၊ ဂွ–ကျောက်ချွန်လမ်းပေါ်ရှိ အရှည် ပေ ၁၄၀၀ ဂွချောင်းတံတား၊ သံတွဲ–ဂွ လမ်းပေါ်ရှိ အရှည် ပေ ၃၀၀ ကျောက်ပါးစပ်တံတားတည်ဆောက်နေမှု၊ မြေပုံ–မင်းပြားလမ်းပေါ်ရှိ အရှည် ပေ ၁၅၀ ငတန်ပျင်းတံတား၊ မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ အရှည် ပေ ၁၃၀ ပန်းခြံချောင်းတံတား၊ အရှည် ၁၉၅ ပေ ကျီချောင်းတံတား တည်ဆောက်နေမှုအခြေအနေကို လည်းကောင်း။

ကျောက်ချောင်း–လေးတောင်လမ်းပေါ်ရှိ အရှည် ပေ ၁၆၀ ဆိပ်နားပြင် တံတားနှင့် အရှည် ၁၆၄ ဒသမ ၀၅ ပေ ကျောက်တွေတံတား၊ ကျွဲကူး–တပ်တောင် လမ်းပေါ်ရှိ အရှည် ပေ ၅၆၀ ကျွဲကူးတံတား၊ အမ်း–မင်းတက် လမ်းပေါ်ရှိ အရှည် ပေ ၄၀၀ မင်းတက်ချောင်းတံတားနှင့် မရွတ်ချိန် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည် ပေ ၃၀၀ ဒေါရထချောင်းတံတား တည်ဆောက်နေမှုအခြေအနေတို့ကို လည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

တိုးတက်မှုအခြေအနေ

ထို့နောက် တံတားဦးစီးဌာန တံတားစီမံကိန်းအဖွဲ့(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်ဝင်းက ရခိုင်ပြည်နယ်အတွင်း တာဝန်ယူဆောင်ရွက်နေသည့် တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းမြင့်နိုင်က ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်၊ ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်အတွင်း ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် လမ်းအဆင့်အတန်းအလိုက် ဦးစားပေးဆောင်ရွက်ထားရှိမှု၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လမ်း/တံတားလုပ်ငန်းများ၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)၊ ပြည်နယ်(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်သည့် လမ်း/တံတားတိုးတက်မှုအခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လမ်း/တံတားလုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် ရခိုင်ပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ထွန်းနိုင်က ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၄)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးချစ်မောင်က ရခိုင်ပြည်နယ်အတွင်း အဆောက်အဦအထူးအဖွဲ့(၁၄)မှ တာဝန်ယူတည်ဆောက်နေသော အဆောက်အဦစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကကျပါကြောင်း၊ လမ်း၊ တံတားများ တိုးတက်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ ယခင်က တစ်လမ်းမောင်း ဘေလီတံတားများကိုလည်း နှစ်လမ်းမောင်း ကွန်ကရစ်တံတားများအဖြစ် ပြောင်းလဲတည်ဆောက်ပေးခဲ့ပါကြောင်း၊ အလားတူ ကြံ့ခိုင်မှုအားနည်းသော ကြိုးတံတားများကိုလည်း နည်းပညာသစ်များကို အသုံးပြု၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများတွင် စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရန် ဆောင်ရွက်ရန်လိုပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် တာဝန်ရှိသူများက အမြဲမပြတ် ကြီးကြပ်ဆောင်ရွက်ရန်လိုပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်စဉ် အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့လာနိုင်ခြင်းကိုလည်း အထူးသတိပြုရန်လိုပါကြောင်း၊ မိုးတွင်းကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားရန် လိုပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးသဲများကို ကလိုရိုဒ်မပါသော သဲကိုသာသုံးရန်လိုပါကြောင်း၊ သံချောင်းများကို Anti-corrosive Paint သုတ်ပြီးမှ သုံးရန်လိုပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အညီ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း မှာကြားသည်။

သတင်းစဉ်

● **မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ**

ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဒုတိယအကျော့ သုံးပွဲကစားရန် ကျန်ရှိနေသောကြောင့် အောက်တိုဘာလတွင် နှစ်ပွဲ၊ နိုဝင်ဘာလတွင် တစ်ပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၈ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အုပ်စု (F) ၌ ပါဝင်နေပြီး ငါးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ သုံးပွဲရှုံး၊ ခြောက်မှတ်ဖြင့် အုပ်စုအဆင့် ၄ နေရာ ရပ်တည်နေသည်။ ယင်းအုပ်စုတွင် ဂျပန်အသင်းက လေးပွဲကစား ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ကာဂျစ္စတန်အသင်းနှင့် တာဂျစ်ကစ္စတန်အသင်းက ငါးပွဲကစား ခုနစ်မှတ်စီ၊ မွန်ဂိုလီးယားအသင်းက ငါးပွဲကစား သုံးမှတ်ရရှိထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိအနေအထားအရ အုပ်စုဒုတိယနေရာ မျှော်လင့်ချက်ရှိနေပြီး ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်အသင်းတို့နှင့် ပွဲများတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။

ရှိုင်းထက်ဇော်

COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID – 19 ကာလတွင် စိတ်ဖိစီးမှုများကို ကြုံတွေ့လာရတတ်ပါသည်။

ကြုံတွေ့ရသော ကိစ္စအဝဝကို ဒေါသစိတ်ဖြင့် မဖြေရှင်းမိစေရန် အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါ မပြုခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကို ရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေးအခြေအနေတို့နှင့် လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသော အာဟာရမှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းတို့သည် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများဖြစ်ပါသည်။

ထိုနည်းလမ်းများကို တစ်ဦးချင်းက နားလည်သတိပြုဆင်ခြင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စိတ်ခံတော်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းသည့် အဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် နှစ်နိုင်ငံချစ်ကြည်ရေး ဂုဏ်ပြုဆောင်းပါး

(ဤ မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် နှစ်နိုင်ငံချစ်ကြည်ရေး ဂုဏ်ပြုဆောင်းပါးတွင်ပါရှိသည့် ဖော်ပြချက်များသည် စာရေးသူ၏ အတွေ့အကြုံများနှင့် လေ့လာမှတ်သားထားသည့် အချက်များအပေါ် မူတည်ရေးသားထားသော စာရေးသူ၏ အာဘော်နှင့် ယူဆချက်များသာဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။)

ဆက်ဆံရေး နှစ် (၇၀) ခရီးမှသည်....

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ

ရောက်ရပြန်ပြီ မြောက်ပိုင်းမြို့တော်ဆီ

ကျွန်တော့်အနေဖြင့် နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်ထမ်းဆောင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ၂၀၁၉ ခုနှစ် စက်တင်ဘာလဆန်းတွင် ရောက်ရှိခဲ့ပါသည်။ တရုတ်ဘာသာဖြင့် "ပေ" မှာ မြောက်ပိုင်းဖြစ်ပြီး "ကျင်း"မှာ မြို့တော်ဖြစ်၍ ပေကျင်း၏ အဓိပ္ပာယ်မှာ မြောက်ပိုင်းမြို့တော်ဟု အဓိပ္ပာယ်ရပါသည်။ ပေကျင်းမြို့သည် ပူပြင်းလှသည့် နွေရာသီကုန်လွန်၍ ရာသီဥတုမျှတသည့် ဆောင်းဦးအဝင်ကာလဖြစ်သည့်အားလျော်စွာ အပူရှိန် အနည်းငယ်ကျန်ရှိနေသေးသော်လည်း နေထိုင်ကောင်းသည့် အချိန်ဖြစ်ပါသည်။ မြန်မာ သံရုံးတည်ရှိရာ ချောင်ယန်းရပ်ကွက် စန်းလိထွန်းအပိုင်း တုန်းချိမင်းဝေလမ်းမကြီးသည် သစ်ပင်ကြီးများ စီတန်းလျက် သာယာလှပလွမ်းမောဖွယ်ရာ၊ တည်ငြိမ်ခန့်ညားစွာ၊ နွေးထွေးစွာဖြင့် ကျွန်တော့်အား ကြိုဆိုခဲ့ပါသည်။

အမှန်စင်စစ် ကျွန်တော်သည် တရုတ်နိုင်ငံနှင့် သော်လည်းကောင်း၊ မြို့တော်ပေကျင်းနှင့်သော်လည်းကောင်း၊ တရုတ်နိုင်ငံ၏ ပြည်နယ်မြို့တော်များနှင့် သာယာလှပသည့်နေရာဒေသများနှင့်သော်လည်းကောင်း များစွာရင်းနှီးခဲ့သူဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလတစ်လျှောက်တွင် နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များတွင် လိုက်ပါခြင်း၊ အဆင့်အသီးသီးတွင် ကျင်းပသည့် နှစ်နိုင်ငံအစည်းအဝေးများ တက်ရောက်ခြင်း၊ နိုင်ငံတော်အဆင့် ကွန်ဖရင့်များ၊ ဆွေးနွေးပွဲများ၊ ဖိုရမ်များတက်ရောက်ခြင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးအခမ်းအနားများ တက်ရောက်ခြင်း၊ လေ့လာရေးခရီးစဉ်များတွင် ပါဝင်ခြင်းများအပါအဝင် တရုတ်နိုင်ငံသို့ အကြိမ်ပေါင်း (၃၀) ထက်မနည်း ရောက်ရှိခဲ့ပါသည်။ ရောက်ရှိခဲ့သည့် ခရီးစဉ်အကြိမ်တိုင်းတွင် တရုတ်လုပ်ဖော်ကိုင်ဖက်များနှင့် တာဝန်ရှိသူများ၏ ညွှေ့ဝတ်ကျေပွန်မှုနှင့် တရုတ်ပြည်သူများ၏ နွေးထွေးပျူငှာမှုများကို ကြုံတွေ့ခဲ့ရပြီး ခင်မင်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့အပေါ် အခြေခံ၍ ဆွေးနွေးနိုင်ခဲ့ကာ အောင်မြင်သည့် ခရီးစဉ်များသာ ဖြစ်ခဲ့ပါသည်။

ရှေးပဝေသဏီက ဆက်ဆံရေး

မြန်မာနှင့် တရုတ်နိုင်ငံတို့သည် ရေမြေတောတောင်၊ မြစ်ချောင်းများ ထိစပ်လျက်ရှိကြပြီး နှစ်နိုင်ငံပြည်သူများသည်လည်း ရှေးနှစ်ပေါင်းများစွာကပင် ချစ်ခင်ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့ကြပါသည်။ နှစ်နိုင်ငံတွင် တူညီသော တိုင်းရင်းသားလူမျိုးစုများ နေထိုင်လျက်ရှိကြပြီး တူညီနီးစပ်သည့် ဘာသာစကား၊ ယဉ်ကျေးမှုများ ဖြစ်ထွန်းတည်ရှိနေကြပါသည်။ ရှေးပဝေသဏီကပင် မြန်မာ-တရုတ်ဆက်ဆံရေးမှာ ပြည်သူများကို အခြေပြု၍ ဖြစ်ထွန်းတည်ရှိခဲ့ပြီးဖြစ်ပါသည်။

သမိုင်းအထောက်အထားများအရ အေဒီ (၄) ရာစုကပင် မြန်မာ-တရုတ်ကုန်သွယ်ရေးလမ်း တည်ရှိခဲ့ပြီး ခရစ်သက္ကရာဇ် ၈၀၂ ခုနှစ်တွင် ပျူခေတ် မြန်မာအနုပညာရှင်များသည် မိုင်ပေါင်းထောင်ချီ၍ တရုတ်နိုင်ငံ ချန်အန်းမြို့တော်သို့ သွားရောက်ဖျော်ဖြေခဲ့ဖူးသည်ဟု သိရှိရပါသည်။ ထိုအချိန်က တရုတ်နိုင်ငံတွင် ထန်မင်းဆက်ကာလဖြစ်ပြီး ပျူခေတ်မြန်မာအနုပညာရှင်များအား ထိုစဉ်က တရုတ်ပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကာ ဖျော်ဖြေမှုများကိုလည်း များစွာနှစ်ခြိုက်ကြကြောင်း သိရှိရပါသည်။ ချန်အန်းမြို့ဆိုသည်မှာ ယနေ့ခေတ်တွင် ရှန်ရှီးပြည်နယ်ရှိ ရှီအန်းမြို့ (Xi'an) ဖြစ်ပြီး ကမ္ဘာကျော်ရှေးခေတ်ဟောင်း တရုတ်စစ်သည်ရုပ်တုများ (Terracotta) ပြတိုက်ရှိရာမြို့ ဖြစ်ပါသည်။ ထို့အပြင် ရှီအန်းမြို့သည် တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဇာတိမြို့လည်းဖြစ်ပါသည်။ သို့ဖြစ်ရာ ပျူခေတ်တွင် မြန်မာအနုပညာရှင်များ သွားရောက်ဖျော်ဖြေခဲ့သည့် တရုတ်နိုင်ငံမှ မြို့တော်သည် မျက်မှောက်ခေတ် လက်ရှိတရုတ်ခေါင်းဆောင်၏ ဇာတိမြို့ဖြစ်သည်မှာ တော်တန်ရုံတိုက်ဆိုင်မှု မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကျွန်တော့်အနေဖြင့် ရှီအန်းမြို့သို့ သုံးကြိမ် ရောက်ဖူးပြီး ရောက်ရှိသည့်အကြိမ်တိုင်းတွင် ပျူခေတ် မြန်မာအနုပညာရှင်များ ရောက်ရှိဖျော်ဖြေကာ ထိုစဉ်ထိုကာလကပင် ဖြစ်ထွန်းခဲ့သည့် နှစ်နိုင်ငံပြည်သူများ၏ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှု ကူးလူးဆက်ဆံမှု အသွင်သဏ္ဌာန်များကို စိတ်တွင် ဝင်စားခံစားခဲ့ရပါသည်။ မြန်မာနိုင်ငံပြတိုက်အတွင်းမှ ပျူခေတ်တီးမှုတ်ကခုန်နေဟန် ကြေးရုပ်တုကလေးများကိုလည်း သတိရမိပါသည်။

မြန်မာနှင့် တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေး သမိုင်းကြောင်းမှာ နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်ပြီး၊ ပုဂံခေတ်က မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော သံတမန်ဖြစ်သည့် ရှင်ဒိသာပါမောက်အား တရုတ်နိုင်ငံသို့ စေလွှတ်ခဲ့ပြီး ထိုခေတ် နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင်လည်း နှစ်နိုင်ငံပြည်သူတို့သည် နယ်ချဲ့တွန်းလှန်ခဲ့မှု၊ လွတ်လပ်ရေးကြိုးပမ်းခဲ့မှုများနှင့် တိုင်းပြည်ကြိုးပမ်းတည်ထောင်ခဲ့မှုများတွင် တူညီသည့် သမိုင်းအတွေ့အကြုံများရှိကြပါသည်။ ထို့အပြင် နှစ်နိုင်ငံပြည်သူများသည် အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်း အပြန်အလှန်နားလည်မှုရှိခြင်း၊ ရိုင်းပင်းစာနာခြင်းနှင့် သံယောဇဉ်ရှိခြင်းတို့အပေါ် အခြေခံ၍ အတူတကွ ကျော်လွှားနိုင်ခဲ့ကြပါသည်။

> ❍ **မြန်မာနှင့် တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေး သမိုင်းကြောင်းမှာ နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်ပြီး၊ ပုဂံခေတ်က မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော သံတမန်ဖြစ်သည့် ရှင်ဒိသာပါမောက်အား တရုတ်နိုင်ငံသို့ စေလွှတ်ခဲ့ပြီး ထိုခေတ် နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့။**
>
> ❍ **နောက်ပိုင်းတွင်လည်း နှစ်နိုင်ငံပြည်သူတို့သည် နယ်ချဲ့တွန်းလှန်ခဲ့မှု၊ လွတ်လပ်ရေးကြိုးပမ်းခဲ့မှုများနှင့် တိုင်းပြည် ကြိုးပမ်းတည်ထောင်ခဲ့မှုများတွင် တူညီသည့် သမိုင်းအတွေ့အကြုံများရှိကြ။**
>
> ❍ **နှစ်နိုင်ငံပြည်သူများသည် အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်း အပြန်အလှန်နားလည်မှုရှိခြင်း၊ ရိုင်းပင်းစာနာခြင်းနှင့် သံယောဇဉ်ရှိခြင်းတို့အပေါ် အခြေခံ၍ အတူတကွ ကျော်လွှားနိုင်ခဲ့။**

ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု (သို့မဟုတ်) ပေါက်ဖော်ချင်းယိ

ဤနေရာတွင် မြန်မာ-တရုတ်ဆက်ဆံရေးအား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဟု ခေါ်တွင်လျက်ရှိသည်ကို ဆစ်ဆစ်ပိုင်းပိုင်း ဖော်ပြလိုပါသည်။ တရုတ်သမ္မတကြီး မစ္စတာရှီကျင့်ဖျင်က မြန်မာ-တရုတ်ဆက်ဆံရေးအား နှစ်ပေါင်းထောင်ချီကြာမြင့်သော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဟူ၍ ခေါ်တွင်သုံးစွဲခဲ့ပါသည်။ ဤကဲ့သို့ ခေါ်ဝေါ်သုံးစွဲခြင်းမှာ မြန်မာနှင့် တရုတ်ပြည်သူတို့အကြား ဆွေမျိုးရင်းချာ ဆက်ဆံရေးရှိကြောင်းဆိုလိုပြီး ပေါက်ဖော်ဟူသည်မှာ မြန်မာစကားအဓိပ္ပာယ်အရ အတူတကွ မွေးဖွားလာခြင်းဟု ဆိုနိုင်ပါသည်။ တရုတ်သမ္မတကြီးက မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို ပေါက်ဖော်ချင်းယိဟု သုံးစွဲခဲ့သည်ကိုလည်း မှတ်မိနေပါသည်။ တရုတ်ဘာသာဖြစ်သည့် ချင်းယိ၏ အဓိပ္ပာယ်မှာ ချစ်ကြည်ရင်းနှီးမှုဟူ၍ အဓိပ္ပာယ်ရသဖြင့် ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု တစ်နည်းအားဖြင့် မွေးချင်းတူ ညီအစ်ကိုမောင်နှမ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးဟု ညွှန်းဆိုချင်ပါသည်။

ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုသည် မြန်မာနှင့် တရုတ် နှစ်နိုင်ငံအကြားတွင် ဖြစ်ထွန်းခဲ့ခြင်းမှာ ထူးခြားသည့်အချက်ဖြစ်ပါသည်။ ထိုချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးများကို နှစ်နိုင်ငံအတူတကွ ချမှတ်ကျင့်သုံးနိုင်ခဲ့သည့်အပြင်၊ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများကို စွဲမြဲစေခဲ့ကာ အနာဂတ်ဆက်ဆံရေးအတွက် အရေးကြီးသည့် နှစ်နိုင်ငံအကြား နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ ဆက်လက်၍လည်း ဆက်ဆံရေး အဆင့်များကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်တက်လှမ်းနိုင်ခဲ့ကြပါသည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြားတွင် မဟာဗျူဟာမြောက်သည့် ရှုထောင့်မှ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးနှင့် ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေများအရ မိတ်ဖက်ကျသည့် ဆက်ဆံရေး အဆင့်ဖြစ်သော ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဆင့်သို့ တက်လှမ်းရောက်ရှိခဲ့ပါသည်။

အချို့သောမှတ်တမ်းများတွင် ၁၉၇၁ ခုနှစ်နောက်ပိုင်းတွင်မှ နှစ်နိုင်ငံဆက်ဆံရေးအဆင့်ကို ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုဟု အမည်မှည့်ခေါ်ခဲ့သည်ဟုလည်း သိရှိရပါသည်။ သို့ရာတွင် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်ကျော်ကာလများအကြား ထုတ်ဝေခဲ့သည့် မြန်မာသတင်းစာများတွင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၊ ပေါက်ဖော်ဆက်ဆံရေးအစရှိသဖြင့် သုံးစွဲဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမှာ ရှေးယခင်က အစပြု၍ ကမ္ဘာတည်သရွေ့ တည်ရှိနေမည်သာ ဖြစ်ပါသည်။

နှစ်နိုင်ငံဆက်ဆံရေး နှစ် (၇၀) ခရီးအစ

၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ခဲ့ပြီးနောက် ကျင့်သုံးသည့် နိုင်ငံရေးစနစ်မတူညီသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်းကို ပထမဆုံး အသိအမှတ်ပြုခဲ့ပါသည်။ ထို့နောက် မရှေးမနှောင်းဖြစ်သည့် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ပြီး ရန်ကုန်မြို့နှင့် ပေကျင်းမြို့များတွင် သံရုံးများ အပြန်အလှန်ဖွင့်လှစ်ခဲ့ကြရာ ယခု ၂၀၂၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် နှစ် (၇၀) ပြည့်မြောက်ပြီ ဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပထမဦးဆုံး မြန်မာသံအမတ်ကြီးမှာ ဦးမြင့်သိန်းဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ပထမဦးဆုံး တရုတ်သံအမတ်ကြီးမှာ မစ္စတာ Yao Zhong Min ဖြစ်ပါသည်။ ယခုဆိုလျှင် ကျွန်တော့်အနေဖြင့် ၁၉ ဦးမြောက် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့ရှိ တရုတ်သံအမတ်ကြီးမှာ ၁၈ ဦးမြောက် တရုတ်သံအမတ်ကြီး ဖြစ်ပါသည်။

နှစ်နိုင်ငံဆက်ဆံရေးအတွက် အခြေခံကောင်းများ (သို့မဟုတ်) သမိုင်းမှတ်တိုင်များ

သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ်မှစတင်၍ အပြန်အလှန် နားလည်မှုရှိသည့် ချစ်ကြည်ရင်းနှီးမှုရှိသော အိမ်နီးချင်းဆက်ဆံရေး ဖြစ်ထွန်းလာစေရန်အတွက် ဆက်ဆံရေးသမိုင်းမှတ်တိုင်များစွာကို နှစ်နိုင်ငံပြည်သူများနှင့် ခေါင်းဆောင်များမှ ယနေ့တိုင် စိုက်ထူနိုင်ခဲ့ရာ သိမှတ်ဖွယ်ရာများကို ကောက်နုတ်ဖော်ပြသွားပါမည်။ နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ပြီးချိန်မှ ဆယ်စုနှစ်တစ်ခုခွဲခန့်ကာလများသည် ဆက်ဆံရေး ရွှေလမ်းငွေလမ်းဖောက်နိုင်ခဲ့သည့် ကာလများဟု ဆိုနိုင်ပါသည်။ ယနေ့အထိ ဆက်ဆံရေး အဆင့်များ မြှင့်တင်ခြင်းဖြင့် နှစ် (၇၀) ခရီးမှတ်တိုင်သို့ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ခြင်းသည်လည်း ခိုင်မာသည့်အခြေခံအုတ်မြစ်များ ချနိုင်ခဲ့ခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။

၁၉၅၄ ခုနှစ်တွင် မြန်မာဝန်ကြီးချုပ် ဦးနုနှင့် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်ကို ကနဦးစတင်ချမှတ်လိုက်နာကျင့်သုံးနိုင်ခဲ့ကြပါသည်။ ထိုစဉ်က အိန္ဒိယဝန်ကြီးချုပ်ပါ ပါဝင်ခဲ့ပါသည်။ မြန်မာနှင့် တရုတ်နိုင်ငံတို့ စတင်ချမှတ်ကျင့်သုံးခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်သည် ယနေ့ခေတ် ယနေ့အချိန်အထိ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် နိုင်ငံအချင်းချင်း ဆက်ဆံရာ၌ လက်ကိုင်ပြု၍ လိုက်နာကျင့်သုံးကြရမည့် မူကြီးများအဖြစ် တည်ရှိလျက်ရှိပါသည်။ ထိုမူကြီး (၅) ချက်သည် နှစ်နိုင်ငံဆက်ဆံရေး အောင်မြင်ဖြစ်ထွန်းရေးအတွက် အရေးကြီးသော အခြေခံကောင်းတစ်ခုဖြစ်ပါသည်။

ထို့အပြင် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် ဆွေးနွေးမှုများကို ၁၉၅၀ ပြည့်နှစ်တွင် စတင်နိုင်ခဲ့ပြီး နှစ်နိုင်ငံ ပထမဦးဆုံး ကုန်သွယ်ရေးသဘောတူညီချက်စာချုပ်ကို ၁၉၅၄ ခုနှစ်တွင်လည်းကောင်း၊ နှစ်နိုင်ငံလေကြောင်းပျံသန်းသွားလာရေးစာချုပ်ကို ၁၉၅၅ ခုနှစ်တွင်လည်းကောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရေးစာချုပ်ကို ၁၉၆၀ ပြည့်နှစ်တွင်လည်းကောင်း အသီးသီးချုပ်ဆိုနိုင်ခဲ့ပါသည်။ ထိုစာချုပ်များသည် နှစ်နိုင်ငံအကြား ယုံကြည်မှုများ ပိုမိုဖြစ်ထွန်းလာစေရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေရေးတို့အတွက် ကနဦးခြေလှမ်းများ ဖြစ်ခဲ့ကြပါသည်။

၁၉၆၁ ခုနှစ် နှစ်ဦးပိုင်းတွင် နှစ်နိုင်ငံအကြား နယ်နိမိတ်သဘောတူစာချုပ်ကို ပေကျင်းမြို့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ရာ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့စဉ် ၁၉၅၀ ပြည့်နှစ်ကပင် နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့သော နယ်နိမိတ်နှင့်ပတ်သက်သည့် သဘောတူညီချက် (Treaty) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံအနေဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် နိုင်ငံ (၁၄) နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် ပထမဦးဆုံးနယ်နိမိတ်စာချုပ် ချုပ်ဆိုနိုင်သည့် အိမ်နီးချင်းနိုင်ငံဖြစ်ပါသည်။ ထိုစာချုပ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အတွက်သာမက အခြားသောနိုင်ငံများအတွက်ပါ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်စာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် တွန်းအားများပေးခဲ့သည့် စံပြသဘောတူညီချက်ဖြစ်ခဲ့ပါသည်။

ထို့အပြင် နှစ်နိုင်ငံနယ်နိမိတ်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် တစ်ဦးနှင့်တစ်ဦး တိုင်ပင်နှီးနှောမှု၊ တန်းတူရည်တူရှိမှု၊ အပြန်အလှန်စာနာမှုနှင့် နားလည်နိုင်မှုတို့အပေါ်အမှီပြု၍ မဖြစ်မနေဆောင်ရွက်ရမည့် သမိုင်းဝင်တာဝန်တစ်ရပ်ကို အပေးအယူမျှတစွာဖြင့် အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေး ရလဒ်ကောင်းတစ်ခုဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❖

❖စာမျက်နှာ ၆ မှ

ကျွန်တော့်အနေဖြင့် နိုင်ငံခြားရေးဝန်ထမ်းအဖြစ် မိခင်မြန်မာနိုင်ငံ၏ နယ်နိမိတ်ကိစ္စရပ်များကိုလည်း တာဝန်ယူခဲ့ရသည့် အတွေ့အကြုံရှိခဲ့ပါသည်။ ပိုင်နက်နယ်မြေများ နေရာချထားခြင်း (Allocation)၊ နယ်နိမိတ်မျဉ်းကြောင်း သတ်မှတ်ခြင်း (Delimitation)၊ နယ်နိမိတ်မျဉ်းကြောင်း တိုင်းတာသတ်မှတ်ခြင်း (Demarcation) နှင့် နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက်အား စီမံခန့်ခွဲခြင်း (Boundary Management) လုပ်ငန်းစဉ်များ၏ ပင်ပန်းခက်ခဲခြင်း၊ အချိန်ယူညှိနှိုင်းရခြင်း၊ လူသူအရောက်အပေါက်နည်းပါးကာ ဝေးလံခေါင်သီသည့် ဒေသများတွင် ဆောင်ရွက်ရခြင်း၊ တာဝန်ယူရခြင်း၊ စွန့်စားရခြင်း၊ စိတ်ရှည်သည်းခံရခြင်းများအား ကောင်းစွာ သိရှိထားပါသည်။ ထိုစဉ်က ဘဘစစ်ဆင်ရေးအမည်ဖြင့် တစ်နှစ်တာအချိန်တိုကာလအတွင်း နှစ်နိုင်ငံနယ်နိမိတ် အရှည်ကီလိုမီတာ (၂၀၀၀) ကျော်၊ မိုင်အားဖြင့် (၁၃၀၀) ကျော်အား ညှိနှိုင်းတိုင်းတာသတ်မှတ်နိုင်ခဲ့ခြင်းမှာ များစွာ လေးစားအသိအမှတ်ပြုဖွယ်ရာ ဖြစ်ပါသည်။

သို့ဖြစ်၍လည်း ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးဝင်းမောင်က နယ်နိမိတ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် "စေတနာမေတ္တာထက်သန်စွာဖြင့် ပူးတွဲဆောင်ရွက်မှုအတွက် ဂုဏ်ပြုသောအားဖြင့်" ဟူသည့် အသုံးအနှုန်းဖော်ပြချက်ဖြင့် တရုတ်ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းအား အဂ္ဂမဟာမေတ္တာသီရိရေဘွဲ့နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မာရှယ်ချိန်ယိအား အဂ္ဂမဟာသရေစည်သူဘွဲ့များ ပေးအပ်ခဲ့ပါသည်။ နယ်နိမိတ်ပူးတွဲ ကော်မတီခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ သက်ဆိုင်သူများနှင့် ပါဝင်သူများကိုလည်း ဘွဲ့များ အသီးသီး ပေးအပ်ခဲ့ကြောင်းကို နှစ်နိုင်ငံဆက်ဆံရေး သမိုင်းမှတ်တမ်းတစ်ခုအဖြစ် ဖော်ထုတ်တင်ပြအပ်ပါသည်။

ကမ္ဘာတည်သရွေ့

နှစ်နိုင်ငံအကြား နယ်နိမိတ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် နယ်စပ်ကုန်သွယ်ရေး၊ စီးပွားဆက်ဆံရေးမှသည် လူမှုရေးနှင့် ယဉ်ကျေးမှုအပါအဝင် ရှည်လျားသည့် နယ်နိမိတ်တစ်လျှောက် ပြည်သူများ၏ ကူးလူးဆက်ဆံမှုများ တိုးတက်များပြားလာခဲ့ပါသည်။ နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးနှင့် စီမံခန့်ခွဲအုပ်ချုပ်မှုများ ဆောင်ရွက်ရန် လိုအပ်လာသည့်အလျောက် နှစ်နိုင်ငံနယ်စပ်ဒေသ စီမံခန့်ခွဲရေးစာချုပ်ဖြစ်သည့် မြန်မာ-တရုတ်နယ်စပ်ဒေသ စီမံခန့်ခွဲရေး သဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် ချုပ်ဆိုနိုင်ခဲ့ပြီး နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်အဆင့်များ ဦးဆောင်ကာ တစ်နိုင်ငံစီတွင် အလှည့်ကျနှစ်စဉ် ကျင်းပလျက်ရှိပါသည်။

၁၉၆၁ ခုနှစ် နှစ်နိုင်ငံနယ်နိမိတ် သဘောတူစာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းတွင် နယ်စပ်မှတ်တိုင်များ ထိန်းသိမ်းရေး၊ ပြုပြင်ရေး၊ အသစ်စိုက်ထူရေးနှင့် နယ်နိမိတ်မျဉ်းကြောင်း ထိန်းသိမ်းရေးတို့အတွက် နယ်နိမိတ်ပူးတွဲစစ်ဆေးမှုကို နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှစတင်၍ ထပ်မံမပြုလုပ်နိုင်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ပါသည်။ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး ပမာဏမှာ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်အထိ ရောက်ရှိခဲ့ပြီး သမ္မတမစ္စတာ ရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်ရေးဇုန်အတွက် နှစ်ဖက်သဘောတူခဲ့ရာ ဆက်လက်မြင့်တက်ဦးမည် ဖြစ်ပါသည်။ နှစ်ဖက်ကူးလူးဆက်ဆံမှုများလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာခဲ့ပြီး ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းနှင့်အတူ နယ်စပ်တစ်လျှောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နယ်နိမိတ်မျဉ်းကြောင်း ထင်ရှားပြတ်သားရေးမှာ များစွာအရေးကြီးလာသည့်အလျောက် တတိယအကြိမ် နယ်နိမိတ်ပူးတွဲစစ်ဆေးရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း အစည်းအဝေးများကို ကျွန်တော့်အနေဖြင့် နယ်နိမိတ်ကိစ္စရပ်များ တာဝန်ယူစဉ်က စတင်ခဲ့ရာ ယခုဆိုလျှင် နယ်နိမိတ်မျဉ်းတစ်လျှောက် ကောင်းကင်ဓာတ်ပုံရိုက်ကူးခြင်းများ ပြီးဆုံးလုနီးပြီဟု သိရပါသည်။

နှစ်နိုင်ငံအကြားတွင် ရှည်လျားသည့် နယ်နိမိတ်တည်ရှိနေခြင်းသည် မြန်မာနှင့်တရုတ် အိမ်နီးချင်းနှစ်နိုင်ငံဆက်ဆံရေးတွင် အခြားသောနိုင်ငံများနှင့် မတူညီသည့် ထူးခြားသောအချက် တစ်ချက်ဖြစ်ပါသည်။ ထိုထူးခြားသည့်အချက်ကို နှစ်နိုင်ငံပြည်သူများက အခွင့်အရေးကောင်းတစ်ရပ်အဖြစ် အမိအရဆုပ်ကိုင်နိုင်ခဲ့ကြပါသည်။ ပြည်သူချင်းချစ်ခင်ရင်းနှီးမှုကို ပိုမိုပုံဖော်နိုင်ခဲ့ကြပါသည်။ အိမ်နီးချင်းနိုင်ငံများဆိုသည်မှာ ရွေးချယ်၍မရသလို ရှောင်လွှဲ၍လည်းမရပါ။ အိမ်နီးချင်းနိုင်ငံများ ဖြစ်ခြင်းကြောင့် ကမ္ဘာတည်သရွေ့ အတူယှဉ်တွဲ နေထိုင်သွားကြရမည်ဖြစ်ပါသည်။ နှစ်နိုင်ငံအကြား ရှည်လျားသည့် နယ်နိမိတ်တည်ရှိနေခြင်းနှင့် နယ်နိမိတ်သဘောတူ စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး အတွက် မည်မျှအရေးကြီးကြောင်းကို အထူးတလည် ထုတ်နုတ်ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

ဆက်ဆံရေးအစဉ်အလာကောင်းအား လက်ဆင့်ကမ်း သယ်ဆောင် အဆင့်မြှင့်တင်ခြင်း

တရုတ်နိုင်ငံသည် ၁၉၇၈ ခုနှစ်နောက်ပိုင်းမှစတင်၍ မူဝါဒအပြောင်းအလဲပြုလုပ်ခဲ့ကာ တံခါးဖွင့်ဝါဒ စတင်ကျင့်သုံးခဲ့ရာ ထို့နောက်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေး အစဉ်အလာကောင်းကို မှန်မှန်ဆက်လက်ဖွံ့ဖြိုးတိုးတက်စေနိုင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပြည်တွင်းရေး အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ချစ်ခင်ရင်းနှီးစွာဖြင့် ဆက်လက်ဆက်ဆံခဲ့ကာ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများ ပေးအပ်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအား စတင်နိုင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် သန်လျင်တံတားအား ဖွင့်လှစ်နိုင်ခဲ့ကာ ၁၉၉၁ ခုနှစ်တွင် အမျိုးသားကဇာတ်ရုံကို လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ၁၉၉၀ ပြည့်နှစ် ပတ်ဝန်းကျင်ခန့်မှအစပြု၍ စီးပွားရေး သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုမြောက်မြားစွာ တရုတ်နိုင်ငံသို့ စီးဝင်ခဲ့ကာ တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်ထုတ်လုပ်ရာ ဗဟိုအချက်အချာဖြစ်လာခဲ့ပါသည်။ ထိုနည်းတူ တရုတ်နိုင်ငံမှလည်း ပြည်ပနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ခဲ့ပြီး ကုန်သွယ်စီးပွားလုပ်ငန်းလည်း တစ်ဟုန်ထိုးများပြားလာခဲ့ရာ ကမ္ဘာ့နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံနှင့် စီးပွားဆက်သွယ်မှုများ ပြုလုပ်လာခဲ့ကြပါသည်။ မြန်မာနိုင်ငံသည်လည်း အခြားသောနိုင်ငံများနည်းတူ သာမက တရုတ်နိုင်ငံ၏ အိမ်နီးချင်းဆက်ဆံရေး အစဉ်အလာကောင်းရှိသည့် နိုင်ငံအနေဖြင့်လည်း စီးပွားရေးနှင့် ကဏ္ဍစုံတွင် ဆက်သွယ်ဆက်ဆံမှု တိုးတက်များပြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲဖြစ်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဧပြီလတွင် မြန်မာအစိုးရသစ်အား အသိအမှတ်ပြုသည့်အနေဖြင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာကျားချင်လင်းသည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါသည်။ သမိုင်းကြောင်းအစဉ်အလာနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဖြစ်ထွန်းခဲ့သည့် မြန်မာ-တရုတ် ဆက်ဆံရေးသည် ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်သို့ တက်လှမ်းရောက်ရှိခဲ့ပါသည်။ နှစ်နိုင်ငံအကြားတွင် ကဏ္ဍပေါင်းစုံ၌ မဟာဗျူဟာကျစွာ ပူးပေါင်းဆောင်ရွက်မှုများအား မိတ်ဖက်နိုင်ငံများ အနေဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

> **မြန်မာနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည့် အချိန်မှအစပြု၍ တစ်နိုင်ငံ၏ ပြည်ပဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ မျက်နှာစာနှင့် ပြည်တွင်းရေးရာမူဝါဒများတွင် တစ်နိုင်ငံက အပြန်အလှန် ရပ်တည်ထောက်ခံဆောင်ရွက်ပေးခဲ့ကြပါသည်။ ထိုကဲ့သို့ ရပ်တည်ထောက်ခံကြရာတွင် အပြန်အလှန်လေးစားမှု၊ တန်းတူရည်တူရှိမှုနှင့် နားလည်မှုတို့ကို အလေးထား အခြေခံခဲ့ကြပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ချက်အား တစ်သဝေမတိမ်းလိုက်နာကာ နှစ်(၇၀)ဆက်ဆံရေးခရီးကို အတူယှဉ်တွဲ လျှောက်လှမ်းခဲ့ကြပြီး ဆက်၍လည်း လျှောက်လှမ်းကြရမည်ဖြစ်ပါသည်။**

၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင် အထွေထွေရွေးကောက်ပွဲကျင်းပခဲ့ကာ ၂၀၁၆ ခုနှစ် ဧပြီလတွင် အစိုးရသစ် တက်ရောက်လာပြီးနောက် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောဧည့်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စေလွှတ်၍ အသိအမှတ်ပြုခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့်လည်း အာဆီယံမဟုတ်သည့် နိုင်ငံများတွင် ပထမဦးဆုံး ချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း သွားရောက်ခဲ့ခြင်းဖြင့် မြန်မာ-တရုတ် ဆက်ဆံရေးအစဉ်အလာကောင်းအား ဆက်လက်သယ်ဆောင်ခဲ့ပါသည်။

အဆိုပါ ခရီးစဉ်များအတွင်း နှစ်နိုင်ငံ၏ အရေးပါသည့် အဓိကအကျိုးစီးပွားများကို အပြန်အလှန်အသိအမှတ်ပြုထောက်ခံသွားကြရန်အတွက် ထပ်လောင်းဆွေးနွေး သဘောတူညီခဲ့ကြပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် သမ္မတ မစ္စတာရှီကျင့်ဖျင် ကနဦးအဆိုပြုစတင်ခဲ့သည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပါဝင်ခဲ့ပြီး အဆိုပါမူဘောင်အောက်ရှိ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ သဘောတူညီချက်ကိုလည်း ၂၀၁၇ ခုနှစ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

နှစ်ပေါင်း(၇၀) မှသည် အပြန်အလှန် ဆက်လက်ထောက်ခံရပ်တည်သွားကြရမည့် အရေးကြီးသည့် အကျိုးစီးပွားများ

မြန်မာနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည့် အချိန်မှအစပြု၍ တစ်နိုင်ငံ၏ ပြည်ပဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ မျက်နှာစာနှင့် ပြည်တွင်းရေးရာ မူဝါဒများတွင် တစ်နိုင်ငံက အပြန်အလှန် ရပ်တည်ထောက်ခံဆောင်ရွက်ပေးခဲ့ကြပါသည်။ ထိုကဲ့သို့ ရပ်တည်ထောက်ခံကြရာတွင် အပြန်အလှန် လေးစားမှု၊ တန်းတူရည်တူရှိမှုနှင့် နားလည်မှုတို့ကို အလေးထား အခြေခံခဲ့ကြပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ချက်အား တစ်သဝေမတိမ်းလိုက်နာကာ နှစ် (၇၀) ဆက်ဆံရေးခရီးကို အတူယှဉ်တွဲလျှောက်လှမ်းခဲ့ကြပြီး ဆက်၍လည်း လျှောက်လှမ်းကြရမည်ဖြစ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ခဲ့ပြီးနောက် ၁၉၅၀ ပြည့်နှစ်ကျော်ကာလများ၌ ထိုင်ဝမ်ကျွန်းကိစ္စရပ်ပေါ်မူတည်၍ အခက်အခဲများဖြစ်ပေါ်နေချိန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအသိစိတ်ဓာတ်ပြည့်ဝသော လူငယ် နိုင်ငံရေးသမားများက နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံအား အကူအညီများစွာ ပေးခဲ့ကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်းကိုလည်း မြန်မာနိုင်ငံသည် နိုင်ငံရေးစနစ်မတူညီသည့်နိုင်ငံများ တစ်နည်းအားဖြင့် ကွန်မြူနစ်မဟုတ်သည့် နိုင်ငံများအနက် ကမ္ဘာတွင် ပထမဦးဆုံး အသိအမှတ်ပြုခြင်းဖြင့် အခြားသော တရုတ်နိုင်ငံနှင့် နိုင်ငံရေးစနစ်မတူညီသည့် အာရှနှင့် ကမ္ဘာ့နိုင်ငံများအတွက် တရုတ်နိုင်ငံသစ်အား အသိအမှတ်ပြုဆက်ဆံရန် လမ်းပြပေးနိုင်ခဲ့ပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၏အရေးကြီးသည့် အဓိကအကျိုးစီးပွားဖြစ်သော တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ခိုင်မာစွာ ထောက်ခံခဲ့ပြီး ဆက်လက်ထောက်ခံလျက်ရှိပါသည်။

တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ နှင့်အတူ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ ပြည်သူများ၏ စီးပွားရေး ပြည့်စုံကြွယ်ဝလာမှုများနှင့် တရုတ်နိုင်ငံ၏ အသင့်အတင့် ကြွယ်ဝချမ်းသာသည့် လူ့အဖွဲ့အစည်းအား ဘက်ပေါင်းစုံမှ တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သည်ကို မြန်မာနိုင်ငံက ဂုဏ်ယူအသိအမှတ်ပြုပါသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ တံခါးဖွင့်ရေး (Opening Up)နှင့် ပြုပြင်ပြောင်းလဲရေးကို ဆက်လက်ဆောင်ရွက်သွားမည့် မူဝါဒများကိုလည်း အပြုသဘောဆောင်သည့် မှန်ကန်သောမူဝါဒအဖြစ် ခံယူထားပါသည်။

တရုတ်နိုင်ငံအနေဖြင့် တည်ငြိမ်ရင့်ကျက်မှု ပိုမိုရှိလာပြီး ထင်ရှားသည့် တိုးတက်အောင်မြင်မှုများအား ၂၀၂၁ ခုနှစ်မှသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း နှစ် (၁၀၀) ပြည့်မြောက်မည့် ၂၀၄၉ ခုနှစ်တွင် လုံးဝဥဿုံပြည့်မြောက်ရေးဟူသော ရာပြည့်ပန်းတိုင်နှစ်ခုရည်မှန်းချက် (The Two Centenary Goals) ကို အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ထားပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၏ နိုင်ငံတော်ပြန်လည်ဆန်းသစ်ရေး (National Rejuvenation)၊ ကမ္ဘာ့နိုင်ငံများနှင့်အတူ လူသားအားလုံးအတွက် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်နိုင်ရေး (Building a Community with a shared future for mankind) တို့သည် တစ်ကမ္ဘာလုံးအတွက် အပြုသဘောဆောင်သည့် တိုးတက်ဖွံ့ဖြိုးမှုအသစ်များကို ဆောင်ကြဉ်းပေးနိုင်မည်ဟုလည်း မျှော်လင့်ယုံကြည်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြင်ဦးလွင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် ပြင်ဆင်ဆောင်ရွက်

ပြင်ဦးလွင် ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ယာဉ်မှတ်ပုံတင်လုပ်ငန်းများ၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးဆောင်ရွက်ခြင်းနှင့် လုပ်ငန်းလိုင်စင်များအား ဇွန် ၈ ရက်မှစ၍ ပြန်လည်ဆောင်ရွက်သွားနိုင်ရန်အတွက် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုလုပ်ငန်းများအား မတ် ၃၀ ရက်မှစ၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးအတွက်ခေတ္တရပ်နားထားခဲ့ရာ ဇွန် ၈ ရက်မှစပြီး ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခေတ္တရပ်နားထားသည့်ကာလအတွင်း သက်တမ်းတိုးရမည့်မှတ်ပုံတင်ယာဉ်များနှင့် ယာဉ်မောင်းလိုင်စင်များ၏ သက်တမ်းလွန်ဒဏ်ကြေး၊ ရက်လွန်ဒဏ်ကြေးများအား သတ်မှတ်ထားသည့်ကာလများတွင် သက်တမ်းတိုးဆောင်ရွက်ပါက ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် သတ်မှတ်စည်းကမ်းချက်များနှင့် အညီ နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ ရုံးပြင်ပလက်ဆေးစင်တွင် လက်ဆေးခြင်း၊ ကိုယ်ပူချိန်တိုင်းတာခြင်းများပြုလုပ်ပြီး ကိုယ်ရေးအချက်အလက်များအား မှတ်တမ်းသွင်းပြီးမှသာ ရုံးဝင်းအတွင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ရုံးတွင်း၊ အပြင်တွင် လက်ဆေးစင်များ၊ အသိပညာပေးဗီနိုင်းများထားရှိပေးထားကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ သိလိုသည်များကို ရုံးဖုန်း ၀၈၅-၂၀၂၂၇၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ဦးစီးဌာန၏ website ဖြစ်သော rtad.gov.mm တွင်လည်း အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ပြင်ဦးလွင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပန်းဖြူစိုးထံမှ သိရသည်။

မြတ်ဆုမွန်(ပြန်/ဆက်)

ကိုဗစ်အလွန် အဆင့်မြင့်ပညာ ဘာသာရပ်အသစ်များ (အမှတ်စဉ် - ၄)

ဒေါက်တာမျိုးကြွယ် (AUAA)

အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့သင်တန်းကို သင်တန်းစီမံချက်များနှင့်အညီ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲ၍ စည်းကမ်းချက်များချမှတ်ကာ စနစ်တကျ ကွပ်ကဲဖွင့်လှစ်နိုင်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော အစာအာဟာရဆိုင်ရာပညာရှင်များ မွေးထုတ်ပေးပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်မည်။

အစားအသောက် သိပ္ပံနှင့်နည်းပညာသည် လူသားအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နေ့စဉ် လိုအပ်လျက်ရှိသော ဘာသာရပ်ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း ယနေ့စားသောက်ဆိုင်များ၊ ကုန်တိုက်ကြီးများတွင် ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးအတွက် ဝယ်ယူနေရသော နွားနို့ (Milk)၊ သစ်သီးဖျော်ရည်(Fruit Juices)၊ နို့မှုန့် (Milk Powder)၊ ဒိန်ခဲ (Cheese)၊ ထောပတ် (Butter) စသည်တို့မှာ ဖွံ့ဖြိုးပြီးနိုင်ငံများထက်ပင် ဈေးနှုန်းကြီးမားလျက်ရှိပါသည်။ ထိုသို့ဖြစ်ရသည်မှာ အဓိကစားသောက်ကုန်ထုတ်လုပ်ရာတွင်မဟုတ်ဘဲ ကျန်းမာရေးနှင့်ညီသော စနစ်တကျ ထုပ်ပိုးမှုနည်းပညာ (Packaging Technology) မကျွမ်းကျင်ခြင်းနှင့် နည်းပညာရှိသော်လည်း ထုတ်လုပ်မှုစရိတ် ကြီးမားလွန်းနေခြင်းတို့ကို တွေ့ရှိရပါသည်။

နွားနို့တစ်လီတာဖိုးထက်မက ကုန်ကျ

ဥပမာ ကလေးများ၊ ကျောင်းသား ကျောင်းသူများ အင်အားရှိစေရန်နှင့် ပရိုတင်းဓာတ်ကြွယ်ဝစေရန်အတွက် နွားနို့သောက်ရန် လိုအပ်သည်မှာ လူတိုင်းသိပါသည်။ နွားနို့ကို ကျိုချက်ခြင်း (သို့မဟုတ်) ပိုးသတ်နို့ရည် (Pasteurized Milk) မှာ နိုင်ငံတိုင်းတွင် ဈေးချိုစွာဖြင့် ရနိုင်သော်လည်း ကျွန်တော်တို့နိုင်ငံတွင်မူ ပိုးသတ်ရန် စက်ရုံ၊ လျှပ်စစ်ဓာတ်အားကုန်ကျမှုစသည်ဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်သည် နွားနို့တစ်လီတာဖိုးထက်မက ကုန်ကျသွားပါသည်။ ထိုင်းနိုင်ငံအပါအဝင် အခြားနိုင်ငံအတော်များများသည် ပရိုတင်းအစားထိုး ပဲပုပ်နို့ရည် (Soybean milk) ထုတ်ပြီး ပြည်တွင်း၌ သောက်သုံးရုံသာမက နိုင်ငံတကာသို့ ရောင်းချခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေ (FE) များစွာ ရရှိစေပါသည်။ ကျွန်တော်တို့နိုင်ငံရှိ ကုန်တိုက်ကြီးများတွင် ထိုင်းနိုင်ငံက တင်သွင်းလာသော ပဲနို့ရည်များကို ဈေးကြီးပေး၍ ဝယ်ယူနေရသည်ကို မြင်တွေ့နိုင်ပါသည်။

ပဲပုပ် (Soybean) သည် ကျွန်တော်တို့နိုင်ငံတွင် နေရာများစွာ၌ စိုက်ပျိုးနိုင်ပြီး ပဲပုပ်နို့ရည်၊ ပဲပုပ်ဟင်းချက်ဆီ (Cooking Oil) များစွာ ထုတ်လုပ်နိုင်စွမ်းရှိပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက အဆိုပါကိစ္စရပ်များကို မြေတောင်မြှောက်အားပေးကာ အနာဂတ်ဉာဏ်ရည်ပြည့်ဝသော လူငယ်များ၊ လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန်၊ စားသုံးနိုင်ရန်အတွက် ဦးစားပေးလုပ်ဆောင်မည်ဆိုပါက 'ယခုလူငယ်၊ နောင်ဝယ် လူကြီး' ဖြစ်မည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဖြစ်သွားနိုင်ပါသည်။ ထိုသို့ နည်းပညာများနှင့်အတူ သုတေသနပြုလုပ်နိုင်ရန်မှာ တက္ကသိုလ်နှင့် သုတေသနဌာနများကသာ အစပြုသင့်ပါသည်။

အစားအသောက် သိပ္ပံနှင့်နည်းပညာ အထူးပြုဘွဲ့ကြိုသင်တန်း (B.Agr.Sc. Food Science and Technology) ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်၍ သင်တန်းအသစ် ဖွင့်လှစ်ခဲ့ရာ ယခု ကျောင်းသား ကျောင်းသူများ တတိယနှစ်သို့ ရောက်ရှိနေပါပြီ။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစတင်၍ အစားအသောက် သိပ္ပံနှင့်နည်းပညာဘွဲ့ရများ ပေါ်ထွက်လာပါတော့မည်။

သင်ကြားပေးသော ဘာသာရပ်များမှာ အခြေခံအစားအစာ သိပ္ပံနှင့်နည်းပညာ (Fundamentals of Food Science and Technology)၊ စားသောက်ကုန်ထုတ်လုပ်ပြုပြင်မွမ်းမံမှု အခြေခံသဘောတရားများ (Principle of Food Processing Technology)၊ အစားအစာဆိုင်ရာ ဓာတုဗေဒနှင့်အဏုဇီဝဗေဒ (Fundamentals of Food Chemistry and Microbiology)၊ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် အရည်အသွေးမြင့် စားသောက်ကုန်စီမံအုပ်ချုပ်မှု (Food Safety and Quality Food Management)၊ အစားအစာ တာရှည်ခံစွာ ထုတ်လုပ်ခြင်းနှင့် အားဖြည့်ပစ္စည်းများ (Food Preservatives and Additives)၊ အစားအစာ သရုပ်ခွဲနည်းပညာ ဓာတ်ခွဲခန်းစနစ်များ (Laboratory Techniques in Food Analysis)၊ နှံစားသီးနှံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ကြိတ်ခွဲထုတ်လုပ်မှုနည်းပညာ (Milling and Processing of Cereals, Pulses and Oilseeds)၊ အစားအစာကိုင်တွယ်မှု၊ ထုပ်ပိုးမှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှုနှင့် အညွှန်းတပ်ဆင်မှုနည်းပညာ (Food Handling Practices, Packaging, Transportation, Storage and Labeling)၊ အထွေထွေစိုက်ပျိုးရေးပညာ (General Agriculture) နှင့် လုပ်ငန်းခွင်ဝင် အလုပ်သင်လုပ်ငန်းများ (Intership Program) စသည်တို့ကို စာတွေ့လက်တွေ့သင်ကြား၊ သင်ယူရပါမည်။

အစားအသောက်ဆိုင်ရာ အင်ဂျင်နီယာပညာ ဘွဲ့ကြိုသင်တန်း စတင်ဖွင့်လှစ်

ရန်ကုန်နည်းပညာတက္ကသိုလ် (Yangon Technological University – YTU) တွင်လည်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစတင်၍ အစားအသောက်ဆိုင်ရာ အင်ဂျင်နီယာပညာ (Food Engineering) ဘွဲ့ကြိုသင်တန်း စတင်ဖွင့်လှစ်နေပါပြီ။

(က) အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်း (Food Engineering Programme) ကို ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနအောက်တွင် သီးသန့်သင်တန်း (Programme) တစ်ခုအနေဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်ရိုးညွှန်းတမ်းကို နိုင်ငံတကာနှင့်အညီ ရေးဆွဲပြဋ္ဌာန်းပြီး သင်ကြားလျက်ရှိပါသည်။

(ခ) အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်း (Food Engineering Programme) ၏ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများကို အခြားအင်ဂျင်နီယာ ဘွဲ့သင်တန်းများနည်းတူ အခြေခံ အင်ဂျင်နီယာဘာသာရပ်များကို သင်ကြားပေးပြီး တတိယနှစ်မှစ၍ အထူးပြုဘာသာရပ်များဖြစ်သည့် Food Texicology, Food Chemistry and Biochemistry, Introduction to Food Science, Food Microbiology ဘာသာရပ်များကို Unit Operations in Food Engineering ဘာသာရပ်နှင့်အတူ တွဲဖက်၍ သင်ကြားပို့ချပါမည်။

(ဂ) စတုတ္ထနှစ် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းတွင် Food Processing Principles, Food Preservation (Application), Food & Nutrition, Packaing of Food Products ဘာသာရပ်များအပြင် (Reaction Kinetics and Reactor Design) ဘာသာရပ်ကို တွဲဖက်၍ သင်ကြားပို့ချပါမည်။

(ဃ) ပဉ္စမနှစ် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းတွင် Food Safety and Quality Control, Food Diagnostics, Instrumentation and Food Process Control, Food Laws and Legislations ဘာသာရပ်များကို သင်ကြားပို့ချပါမည်။

(င) ထို့ပြင် Elective ဘာသာရပ်များအဖြစ် (၁) Post Harvest Technology (၂) Dryinmg Technologies in Food Processing (၃) Food Fermentation (၄) Research and Development of Functional Foods ဘာသာရပ်များကို ကျောင်းသား ကျောင်းသူများက မိမိစိတ်ဝင်စားရာ နယ်ပယ်ကို ရွေးချယ်၍ သင်ယူနိုင်စေရန် ပြဋ္ဌာန်းထားပါသည်။ တတိယနှစ်မှစ၍ ပဉ္စမနှစ်အတွင်း ကျောင်းအားချိန်များ၌ စက်ရုံလက်တွေ့သင်တန်းကို နှစ်ပတ်လေ့လာပြီး စာတမ်းပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

(စ) နောက်ဆုံးနှစ် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်း၏ ပထမနှစ်ဝက်တွင် စက်ရုံအလုပ်ရုံများ၌ Internship နှစ်လလက်တွေ့ကွင်းဆင်းရပါမည်။ နောက်ဆုံးနှစ် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်း၏ ဒုတိယနှစ်ဝက်တွင် Final Year Project ကို Mini Thesis အနေဖြင့် သုတေသနပြုလုပ်ကာ ကျမ်းတင်သွင်းပြီးနောက် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာ (B.E. Food Engineering) ဘွဲ့ကို ရရှိမည်ဖြစ်ပါသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်မှ အစာအာဟာရဆိုင်ရာအင်ဂျင်နီယာဘွဲ့သင်တန်း B.E.(Food Engineering) ကို အစာအာဟာရနှင့်သက်ဆိုင်သော ခေတ်မီနည်းပညာများ တိုးတက်ပြန့်ပွားရေးအတွက် အစာအာဟာရနည်းပညာဆိုင်ရာ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည့် အရည်အသွေးမြင့်မားသည့် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာများ ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ပြီး ဘွဲ့ကြိုပထမနှစ်သင်တန်းကို ယခုနှစ်မှစတင်ကာ ဖွင့်လှစ်ခြင်းကို အစာအာဟာရဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပြည်သူများအား မိတ်ဆက်ရန် ရည်ရွယ်ပါသည်။ ဘွဲ့ကြိုပြီးမှ ဘွဲ့လွန် (မဟာသိပ္ပံ၊ ပါရဂူ) သင်တန်းများ ပြုလုပ်လျှင် အသုံးချသုတေသနများ (Applied Research) ပါဝင်လာနိုင်ပါသည်။

အခြားသော အာဆီယံနိုင်ငံများတွင် အစာအာဟာရနှင့် သက်ဆိုင်သော သင်တန်းများ၊ ဘွဲ့လွန်ပညာသင်ဆုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ ပြိုင်ပွဲများကို ခေတ်မီနည်းပညာများ တိုးတက်ပြန့်ပွားရေးအတွက် ပြုလုပ်လျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ထားရှိခြင်း မရှိခဲ့သေးသဖြင့် အဆိုပါသင်တန်းများ ဘွဲ့လွန်သင်တန်း ပညာသင်ဆုများ လက်လွှတ်ဆုံးရှုံးရခြင်း၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ၌ အားနည်းနေခြင်းများ ရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းအဖွဲ့အစည်းတစ်ခုဖြစ်သော အစာအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအဖွဲ့အစည်း Food Science and Technology Association (FoSTA)မှ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် အစားအသောက်ထုတ်လုပ်ခြင်း နည်းပညာများဖြန့်ဝေပြီး အသိအမှတ်ပြုလက်မှတ် (Certificate) ပေးအပ်ခြင်းများ ပြုလုပ်လျက်ရှိသော်လည်း ၎င်းသည် NGO အဖွဲ့အစည်းဖြစ်သည့်အတွက် အခြားသော တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းများတွင် အခက်အခဲများရှိနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အစာအာဟာရဘေးကင်းလုံခြုံမှုကဏ္ဍကို ဖြည့်ဆည်းရန် ယခုနှစ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစ၍ Food Engineering သင်တန်းအတွက် ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနမှ သင်တန်းသား ကျောင်းသား ကျောင်းသူများ ခေါ်ယူခဲ့ရာ ကျောင်းသား ကျောင်းသူ ၁၀ ဦးဖြင့် စတင်ဖွင့်လှစ်နိုင်ပြီဖြစ်ပါသည်။

လက်ခံနိုင်မည့် ခန့်မှန်းကျောင်းသား ကျောင်းသူဦးရေမှာ အများဆုံး ၂၀ ဖြစ်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနမှ အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့သင်တန်းအား ဖွင့်လှစ်သင်ကြားရန် ရည်ရွယ်ထားပြီး လက်ခံနိုင်မည့် ခန့်မှန်းကျောင်းသား ကျောင်းသူဦးရေမှာ အများဆုံး ၂၀ ဖြစ်ပါသည်။ ယခုပညာသင်နှစ်တွင် ပထမနှစ်ကျောင်းသား ကျောင်းသူ ၁၀ ဦးကို စတင်လက်ခံသင်ကြားပေးနေပြီဖြစ်ပါသည်။ ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနရှိ ဆရာ ဆရာမများ၊ အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ရ ဆရာ ဆရာမများနှင့် အနားယူသွားပြီးသော နိုင်ငံခြားတက္ကသိုလ်များမှ အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့နှင့်ပါရဂူဘွဲ့ ရရှိထားသည့် အချိန်ပိုင်း ဆရာကြီး ဆရာမကြီးများက သင်ကြားပေးမည်ဖြစ်ပါသည်။

ဓာတုအင်ဂျင်နီယာအနေဖြင့် အစာအာဟာရဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အစာအာဟာရဆိုင်ရာ မဟာသင်တန်းကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် စဉ်ဆက်မပြတ် ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်အထိလည်း ဆက်လက်ဖွင့်လှစ်လျက်ရှိသောကြောင့် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများကို ဆက်လက်၍ အဆင်ပြေချောမွေ့စွာနှင့် နောင်ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနနှင့် နိုင်ငံတကာတက္ကသိုလ်များဖြစ်သော Chulalongkorn University, Kasetsart University, Mahidol University များရှိ Food Engineering နယ်ပယ်များကလည်း ပူးပေါင်းဆောင်ရွက်မှုများ၊ Joint Research, Collaboration များ ပြုလုပ်ရန်ကမ်းလှမ်းမှုများ ရှေးယခင်ကတည်းကပင် ရှိခဲ့ပါသည်။ အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာ ပထမနှစ်သင်တန်းအား ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ပြည်တွင်းရှိ Food Industry များနှင့် စားသောက်ကုန်လုပ်ငန်းများ၊ အစာအာဟာရဆိုင်ရာ လုပ်ငန်းများစသည့် နယ်ပယ်အသီးသီးတွင် များစွာလိုအပ်နေသော အရည်အချင်းရှိသည့်အတွက် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍတို့ကို များစွာ အကျိုးရှိမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ နိုင်ငံသူနိုင်ငံသားတို့၏ နေထိုင်စားသောက်မှု ဘဝအဆင့်အတန်းမြင့်မားလာစေရေးအတွက် နိုင်ငံတော်က အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အစာအာဟာရဆိုင်ရာပညာရှင်များ၏ စွမ်းဆောင်မှုသည်လည်း အရေးပါသောကဏ္ဍတစ်ရပ် ဖြစ်လာပါသည်။ မကြာမီကာလအတွင်း ဖြစ်ပေါ်လာတော့မည့် ASEAN Free Trade Area (AFTA) တွင် နိုင်ငံပေါင်းစုံမှ ခေတ်မီစားသောက်ကုန်များနှင့် ရင်ပေါင်တန်းနိုင်သော အရည်အသွေးပြည့်ဝသည့် မြန်မာ့စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ နိုင်ငံပေါင်းစုံမှ တင်သွင်းလာသော စားသောက်ကုန်ပစ္စည်းများအပေါ်တွင် အစာအာဟာရဆိုင်ရာ နည်းပညာနှင့် ကျန်းမာရေးလုံခြုံစိတ်ချရမှုသုံးသပ်ချက်များ ပြုလုပ်နိုင်ရန်အတွက် တက္ကသိုလ်အနေဖြင့် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာဘွဲ့သင်တန်းကို သင်တန်းစီမံချက်များနှင့်အညီ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲ၍ စည်းကမ်းချက်များချမှတ်ကာ စနစ်တကျ ကွပ်ကဲဖွင့်လှစ်နိုင်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော အစာအာဟာရဆိုင်ရာပညာရှင်များ မွေးထုတ်ပေးပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စာမျက်နှာ ၉ သို့ ✪

ဒလမြို့နယ်၌ ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ပြီးစီး

ရန်ကုန် ဇွန် ၆
ဒလမြို့နယ် ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက် နဝရတ်လမ်းနှင့် အင်ကြင်းလမ်းထောင့်ရှိ ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ ယမန်နေ့ညနေပိုင်းက လုပ်ငန်းအပ်နှံခြင်းကို အဆိုပါ ဝန်ထမ်းအိမ်ရာအဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာအဆောက်အအုံမှာ အလျား ၁၄၄ ပေ၊ အနံ ၄၁ ပေ ၃ လက်မ၊ ခြောက်ခန်းတွဲလေးထပ် သံကူကွန်ကရစ်အမျိုးအစား ဖြစ်သည်။

ဒလမြို့နယ် ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်ရှိ ဆောက်လုပ်ပြီးစီးသော ရှစ်ခန်းတွဲ လေးထပ်တိုက်နှစ်လုံးတွင် အခန်းပေါင်း ၆၄ ခန်း ပါရှိသည်။

လက်ရှိတည်ဆောက် ပြီးစီးသည့် ခြောက်ခန်းတွဲ လေးထပ်တိုက် အဆောက်အအုံမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီး ထရန်စဖော်မာတည်ဆောက်ခြင်းနှင့် မီးရရှိရေးလုပ်ငန်းများ တင်ပြဆောင်ရွက်ရန် ကျန်ရှိကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးသွားပါက ဝန်ထမ်းများအားနေရာချထားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ကျန်းမာရေးဝန်ထမ်းများ တိုက်ခန်းနေရာချထားပေးမှုနှင့်ပတ်သက်၍ “မူလကအထွေထွေအလုပ်သမားတွေနဲ့ အခြေခံလုပ်သားတွေကိုချထားပေးတယ်၊ နောက်ပိုင်းမှ အကူသူနာပြု၊ ကျွမ်းကျင်ဝန်ထမ်း၊ လူပျို၊ အပျို၊ စာရေးအဆင့်၊ ရုံးအဆင့်တွေကို ချထားပေးဖို့ မျှော်မှန်းထားပါတယ်၊ ချထားတဲ့နေရာမှာလည်း လုပ်သက်နဲ့ ချထားမှာဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ကို နှစ်ပေါင်းများစွာ ကျေကျေပွန်ပွန်ထမ်းဆောင်ကြတဲ့ လုပ်သက်များတဲ့ ဝန်ထမ်းတွေကိုချထားပေးဖို့ ရည်ရွယ်ထားပါတယ်”ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆေးရုံအုပ် ဒေါက်တာခင်မောင်ကြီးက ပြောပြသည်။

အဆိုပါလုပ်ငန်းအပ်နှံပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ် (ဒုတိယညွှန်ကြားရေးမှူး) ဒေါက်တာခင်မောင်ကြီးနှင့် တာဝန်ရှိသူများက တည်ဆောက်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

ညောင်တုန်း မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်

ညောင်တုန်း ဇွန် ၆
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပန်းလှိုင်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းထိန်းအုတ်ရိုးများ ကျိုးပြတ်မှုများနှင့် မြို့ပတ်တာ မြေသားနိမ့်ကျမှု ဖြစ်ပွားခဲ့သဖြင့် ညောင်တုန်းမြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်း တမံအလျား

ပေ ၆၅၀ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ယနေ့ နံနက် ၁၁ နာရီက ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ညောင်တုန်းမြို့နယ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းတမံ ဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပြီးစီး

အဆိုပါမြစ်ကမ်းထိန်းတာသည် ပန်းလှိုင်မြစ်ရေတိုက်စားမှုကြောင့် ဇန်နဝါရီ ၇ ရက် ညနေပိုင်းမှစတင်၍ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ မြစ်ကမ်းထိန်းတာသည် မြစ်ကမ်းထိန်းအုတ်ရိုးများ ကျိုးပြတ်မှုများနှင့် မြေသားနိမ့်ကျမှု ပေ ၆၅၀ ဖြစ်ပွားခဲ့၍ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်းနှင့် ဇွန်လအကုန်တွင် လုပ်ငန်းများအားလုံး ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်တုန်းမြို့နယ် ရန်ကင်းစံရာကျေးရွာအုပ်စု ရန်ကင်းစံရာ (အနောက်ကျွန်း) ကျေးရွာတွင် ဇွန် ၂ ရက်က ပန်းလှိုင်မြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါး အလျား ပေ ၁၅၀၊ အနံ ၇၅ ပေခန့် ပြိုကျခဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြစ်ကမ်းပါးဆက်လက်မပြိုကျစေရေးအတွက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေးနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်နီနီမိုးနှင့် ဦးကျော်ဆန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူတို့က လိုက်ပါကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝဋ္ဌာနိုင် (ညောင်တုန်း)

❂ စာမျက်နှာ ၈ မှ

နိုင်ငံတကာတက္ကသိုလ်များသည် ဘာသာရပ်ပေါင်းစုံ သင်ကြားပေးသည့် တက္ကသိုလ်ဖြစ်၍ တက္ကသိုလ်အတွင်းရှိ အခြားကောလိပ်၊ သိပ္ပံမဟာဌာနများမှ ဘာသာတချို့ကို သင်ရိုးနာရီ ခြောက်နာရီအထိ အထောက်အကူပြုဘာသာ သင်ယူရပါသည်။ ဥပမာ စီးပွားရေးဆိုင်ရာ စာရင်းကိုင်ပညာ၊ စွန့်ဦးတီထွင် ထုတ်လုပ်ခြင်း၊ အသား၊ ငါးအစိမ်းများ၊ သဘာဝပတ်ဝန်းကျင်သိပ္ပံပညာ၊ စိုက်ပျိုးရေးဆိုင်ရာ ရောင်းဝယ်ရေး၊ စိုက်ပျိုးရေးဆိုင်ရာမူဝါဒ၊ အမေရိကန်နိုင်ငံ၏ အစားအသောက်စနစ်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးရေးပညာ၊ လယ်ယာသီးနှံစိုက်ပျိုးရေးပညာ၊ ကမ္ဘာ့ဈေးကွက်စီးပွားရေး စသည့်ဘာသာရပ်များမှ စိတ်ကြိုက်ဘာသာရပ် နှစ်ဘာသာအထိ တွဲဖက်ယူရပါသည်။ ကမ္ဘာ့တက္ကသိုလ်များ၏ သင်ကြားရေးစနစ်မှာ ဘာသာရပ်ပေါင်းစုံသင်ကြားပေးသည့်စနစ် (Comprehensive University System) ဖြစ်ရာ ထိုတက္ကသိုလ်များတွင် အစားအသောက် သိပ္ပံဘာသာရပ်သာမက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသားငါးနို့ထုတ်လုပ်ရေး၊ အင်ဂျင်နီယာ၊ ဇီဝဆေးပညာ၊ စီးပွားရေး၊ ပညာရေးစသည်ဖြင့် စုံလင်လှပေရာ မြန်မာနိုင်ငံတွင်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ် (Autonomous University) ဖြစ်မြောက်ရေး ဆောင်ရွက်နေပြီဖြစ်၍ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော အစားအသောက်သိပ္ပံနှင့်နည်းပညာ၊ အစားအသောက် အင်ဂျင်နီယာဘာသာရပ်များကို တက္ကသိုလ်များတွင် သင်ယူနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Table 1. Undergraduate Degree Courses offered by Food Science and Technology at Yezin Agricultural University.

No.	Code	Course Title	Semester	Year
1	FST-102	Fundamentals of Food Sciece and Technology	3	2018-2019 (March)
2	FST-101	Principle of Food Processing Technology	5	2019-2020 (April)
3	FST-103	Fundamentals of Food Chemistry Fundamentals in Food Microbiology/ Toxicology	6	2020 May-2020 September
4	FST-104	Fundamentals of Processing Technology of Agricultural Crops and Value-added Products	6	2020 May-2020 September
5	FST-105	Processing Technology of Agricultural Crops and Valve-Added Products (I) Plants based products	7	2020 Nov-2021 (April)
6	FST-106	Food Safety and Quality Food Management (I)	7	2020 Nov-2021 (April)
7	FST-107	Food Preservatives and Additives	8	2020 Jun-2021 September
8	FST-108	Laboratory Tchinques in food Analysis	8	2021 Jun-2021 September
9	FST-109	Milling and Processing of Cereals, Pulses and Oilseeds	9	2021 Nov-2022 April
10	FST-110	Food Handling Practices, Packaging, Transportation, Storage and Labeling	9	2021 Nov-2022 April
11	FST-111	Product Development and Case Study in Food Safety and Quality Management	9	2021 Nov-2022 April
12	FST-134	Special Field Assignment Parallel to FST-109, FST-110&FST-111 by doing small research	9	2021 Nov-2022 April
13	FST-135	General Agriculture HACCP, Hazards analysis, Codex Alimentarius, Standard for ASEAN	9	2021 Nov-2022 April
14	FST-136	Internship Program	10	2022 June-2022 September

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပစ္စည်းများနှင့် အလှူငွေလှူဒါန်းပွဲ ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

ဟားခါး ဇွန် ၆

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် Junction River Trading Co.,Ltd က ကျပ် ၁၃ သိန်းကျော်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ပလက်ဝဒေသ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေကျပ်ငါးသိန်းကို ယမန်နေ့ နံနက် ၁၁ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။

Junction River Trading Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက ကျပ် ၁၃၆၆၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၇၀၊ နှာခေါင်းစည်း အခု ၂၀၀၀၊ လက်သန့်ဆေးရည်ဘူး ၂၀ နှင့် ပလက်ဝဒေသ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေကျပ် ၅၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါလှူဒါန်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်နှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘုန်းတော်ကြီးကျောင်းများသို့ လှူဖွယ်ပစ္စည်းများ လှူဒါန်း

လှိုင်းဘွဲ့ ဇွန် ၆

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ ရက် နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ်ရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒိုင်းပြကျေးရွာရှိ ဒိုင်းပြဘုန်းတော်ကြီးကျောင်းသို့ ဆန် ၁၂ အိတ်၊ ဆီ ၁၅ ပိဿာ၊ ကြက်သား သုံးဖာ၊ မောမစ်ထုပ် ခြောက်ထုပ်၊ ခဲဖွယ်ခြင်း တစ်ခြင်း၊ နှာခေါင်းစည်း လေးဖာ၊ လက်သန့်ဆေးရည်နှစ်ဘူး၊ ခြေသုတ် ၁၀ ခုတို့ကို လည်းကောင်း၊ လှိုင်းဘွဲ့မြို့ပေါ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့ ဆန် ၁၉ အိတ်၊ ဆီ ၂၀ ပိဿာ၊ ကြက်သား လေးဖာ၊ မောမစ် ခြောက်ထုပ်၊ ခဲဖွယ် တစ်ခြင်း၊ နှာခေါင်းစည်း ခြောက်ဖာ၊ လက်သန့်ဆေးရည် သုံးဘူး၊ ခြေသုတ် ၁၀ ခုတို့ကို လည်းကောင်း၊ သုမေဓါရာမတောရကျောင်းသို့ ဆန် လေးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကြက်သား တစ်ဖာ၊ မောမစ်ထုပ် လေးထုပ်၊ ခဲဖွယ် တစ်ခြင်း၊ နှာခေါင်းစည်း နှစ်ဖာ၊ လက်သန့်ဆေးရည် နှစ်ဘူး၊ ခြေသုတ် ၁၀ ခုတို့ကိုလည်းကောင်း၊ တောင်သုံးလုံးဦးကမ္ဗောဇနန်းရိပ်သာကျောင်းသို့ ဆန် ၁၈ အိတ်၊ ဆီ ၂၀ ပိဿာ၊ ကြက်သား လေးဖာ၊ မောမစ်ထုပ် ခြောက်ထုပ်၊ ခဲဖွယ် တစ်ခြင်း၊ နှာခေါင်းစည်း ခြောက်ဖာ၊ လက်သန့်ဆေးရည် သုံးဘူး၊ ခြေသုတ် ၁၀ ခုတို့ကို လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေဝွန်းကျေးရွာကမ်းနီဘုန်းတော်ကြီးကျောင်းသို့ ဆန် ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကြက်သား တစ်ဖာ၊ မောမစ်ထုပ် ခြောက်ထုပ်၊ ခဲဖွယ် တစ်ခြင်း၊ နှာခေါင်းစည်း နှစ်ဖာ၊ လက်သန့်ဆေးရည် နှစ်ဘူး၊ ခြေသုတ် ၁၀ ခုတို့ကို လည်းကောင်း၊ ရွှေဝွန်းအထက်ဘုန်းတော်ကြီးကျောင်းသို့ ဆန် ခြောက်အိတ်၊ ဆီ ၁၀ ပိဿာ၊ ကြက်သား တစ်ဖာ၊ မောမစ်ထုပ် ခြောက်ထုပ်၊ ခဲဖွယ် တစ်ခြင်း၊ နှာခေါင်းစည်း နှစ်ဖာ၊ လက်သန့်ဆေးရည် နှစ်ဘူး၊ ခြေသုတ် ၁၀ ခုတို့ကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျန်ရှိနေသော ဘုန်းတော်ကြီးကျောင်း ၁၃ ကျောင်းအတွက် ဆန် ၅၅ အိတ်၊ ဆီ ၁၀၀ ပိဿာ၊ ကြက်သား ၁၂ ဖာ၊ ပြောင်းဖူး လေးဖာတို့ကိုလည်း ပေးပို့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဆိုလာနှင့်ဆက်စပ်ပစ္စည်းများထောက်ပံ့ပေးအပ်ပွဲ ကယားပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

ဖရူဆို ဇွန် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကယားပြည်နယ် သော်ခူကျေးရွာနှင့် ပရယ်ဆော်ခူကျေးရွာအတွက် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများထောက်ပံ့ပွဲကို ဇွန် ၄ ရက် နံနက်ပိုင်းက ဖရူဆိုမြို့နယ် ပလဲလယ်ကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကျေးရွာတစ်ရွာလျှင် ဆိုလာ ၁၉ စုံနှုန်းဖြင့် ကျေးရွာနှစ်ရွာအတွက် ဆိုလာ ၃၈ စုံကိုပေးအပ်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရောက်ရှိရန်ခက်ခဲသည့် ကျေးရွာများအား အဓိကပေးအပ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားလိုင်းရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အနေနှင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၈၀ ရာခိုင်နှုန်းကျော် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အစိုးရအနေနှင့် လျှပ်စစ်မီးလိုင်း လုံးဝမရရှိသေးသည့်ကျေးရွာကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တစ်စိတ်တစ်ပိုင်း လျှပ်စစ်မီးရရှိသည့်နေရာများကိုလည်း ဦးစားပေးအဆင့်အလိုက် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများက ကျေးရွာနှစ်ရွာအတွက် ဆိုလာနှင့်ဆက်စပ်ပစ္စည်း ၃၈ စုံကို ကျေးရွာပြည်သူများထံ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

FOB ဆိပ်ခံတံတားဆောက်လုပ်မှုနှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ကော့သောင်း ဇွန် ၆

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့ ကမ်းနီးရေလုပ်ငန်းဇုန်ရှိ ငါးလုပ်ငန်းစစ်ဆေးရေး FOB ဆိပ်ခံတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းနှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် FOB ဆိပ်ခံတံတားဆောက်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားနှင့်ချဉ်းကပ်လမ်း တည်ဆောက်မည့် လုပ်ငန်းစဉ်များအား လမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်းက ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တံတားတည်ဆောက်မှု လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါတံတားမှာ ယခင်ကသစ်သား တံတားဖြစ်၍ ကြံ့ခိုင်မှုလျော့နည်းလာခြင်း၊ ငါးလှေများစစ်ဆေးရာတွင် တံတားသေးငယ်သဖြင့် လုပ်ငန်းကြန့်ကြာမှုများဖြစ်ပေါ်သဖြင့် ချဉ်းကပ်လမ်း အရှည်ပေ ၅၀၊ အကျယ်ပေ ၂၀နှင့် အရှည်ပေ ၂၀၀၊ အကျယ်ပေ ၅၀ ရှိ ဆိပ်ခံတံတားတစ်စင်းအား တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀၀ ဖြင့် လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး တံတားပြီးစီးပါက ကမ်းဝေးကမ်းနီး ငါးဖမ်းလှေများ၊ နိုင်ငံခြားတင်ပို့မည့်ရေထွက်ကုန်ပစ္စည်းများသယ်ယူသည့် ငါးသယ်လှေများအား စစ်ဆေးရာတွင် လွယ်ကူမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့သောင်းမြို့ ဘုရင့်နောင်အငူပတ်လမ်း ဈေးဆိုင်ခန်းများဆောက်လုပ်မည့်နေရာနှင့် ဆိပ်ကမ်းသာလမ်းနှင့် ဘုရင့်နောင်အငူ ပတ်လမ်းပလက်ဖောင်းနှင့် လက်ရန်းတန်းများ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘဝွမ်ကဈေးဆိုင်ခန်းဆောက်လုပ်မည့် အစီအမံများနှင့် ပလက်ဖောင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လဟယ်မြို့နယ်ရှိ ကျေးရွာ ၁၆ ရွာ လျှပ်စစ်မီးရာနှုန်းပြည့် ရရှိပြီ

လဟယ် ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လဟယ်မြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ကျေးရွာ ၁၆ ရွာအား လျှပ်စစ်မီး ၁၀၀ ရာခိုင်နှုန်းပြည့်ရရှိပြီဖြစ်ကြောင်း လဟယ်မြို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း International Compitative Building (ICB-2) ဖြင့် ကျေးရွာ ၁၁ ရွာဖြစ်သော ခါးလယ်၊ ညှင်းရှောင်၊ လုံးခင်၊ဝုထ၊ဟွေကွန်၊ ယွန်းတိုင်း၊ ဝေလံ၊ ကီပါနောက်ကုန်း၊ ကူကူးနောက်ကုန်း၊ ပုံညို၊ တိုက်ရုံစသည့်ကျေးရွာများ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း၊ အလားတူ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(ICB-3) ဖြင့် ကျေးရွာငါးရွာဖြစ်သော လုံဝသိမ်၊ နောက်လော်၊ ကုန်းလမ်း၊ အာရ်ကျိန်နှင့် ခါးငွေ့ကျေးရွာတို့တွင် အိမ်မီးနှင့် လမ်းမီးများ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(ICB-4)တွင်လည်း ကျေးရွာ ၂၀ မီးလင်းရေးဆောင်ရွက်ရန် လျာထားပါကြောင်း လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခေါင်းပေ့ါက ပြောကြားသည်။

လဟယ်မြို့နယ်တွင် ကျေးရွာ ၉၆ ရွာရှိပြီး ယခုစီမံကိန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရာ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးရွာ ၁၆ ရွာမှ အိမ်ထောင်စု ၁၁၇၇ စု၊ လူဦးရေ ၇၅၁၄ ဦးတို့အတွက် မီးရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)

နယ်စပ်အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းရန် အိန္ဒိယနှင့်တရုတ် သဘောတူ

နယူးဒေလီ ဇွန် ၆

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် လတ်ဒါခ်ဒေသရှိ နယ်စပ်အငြင်းပွားမှုအား သံတမန်နည်းလမ်းများမှတစ်ဆင့် ဖြေရှင်းရန် ယမန်နေ့က သဘောတူခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

တင်းမာမှုအခြေအနေ လျှော့ချမည့်နည်းလမ်းတစ်ရပ် ရှာဖွေသည့်အနေဖြင့် အငြင်းပွားနယ်စပ်နေရာ၌ နှစ်နိုင်ငံစလုံးမှ ထိပ်တန်းဗိုလ်ချုပ်ကြီးများ မတွေ့ဆုံမီတစ်ရက်အလိုတွင် အထက်ပါအတိုင်း ထုတ်ပြန်ချက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယတပ်မတော်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က အငြင်းပွားဧရိယာ၌ ဖြန့်ကြက်ထားသောတပ်ဖွဲ့များ၊ လက်နက်များရုပ်သိမ်းရေးအတွက် နှစ်ဖက်စလုံးက အလေးထားဆွေးနွေးမည်ဟု အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။ အိန္ဒိယနှင့်တရုတ်တပ်ဖွဲ့ဝင်များက ၁၉၆၂ ခုနှစ်တွင် စစ်ပွဲဖြစ်ပွားစေခဲ့သည့် အငြင်းပွားနယ်စပ်ကို ကျူးကျော်သည်ဟု အပြန်အလှန်စွပ်စွဲကာ ကုန်းမြင့်ဒေသ လတ်ဒါခ်ရှိ ဂေါဝမ်ချိုင့်ဝှမ်း၌ တပ်စွဲထားခဲ့သည်။

နှစ်နိုင်ငံစလုံးမှ အဆင့်မြင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်တစ်ခု ကျင်းပခဲ့ပြီး သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းသောဆွေးနွေးမှုဖြင့် ဖြေရှင်းရန် သဘောတူခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ တရုတ်-အိန္ဒိယနယ်စပ်ဒေသများရှိ အခြေအနေအလုံးစုံမှာ တည်ငြိမ်နေပြီး ထိန်းချုပ်နိုင်ပြီဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂန်ရှောင်က ပေကျင်းမြို့၌ သတင်းထောက်များသို့ ပြောကြားခဲ့သည်။ သံတမန်နှင့် စစ်ဘက်ဆိုင်ရာနည်းလမ်းများဖြင့် အနီးကပ်ဆက်သွယ်မှုရှိခြင်းကြောင့် နှစ်ဖက်စလုံးက သက်ဆိုင်ရာကိစ္စများကို ကောင်းမွန်စွာဖြေရှင်းရန် ဆောင်ရွက်နေသည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်ရှိ ထုတ်ပြန်ချက်အရ သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ဆန္ဒဖြစ်သည့် အိန္ဒိယနှင့် တရုတ်ကြား ငြိမ်းချမ်းသော၊ တည်ငြိမ်သော၊ ဟန်ချက်ညီသောဆက်ဆံရေးသည် လက်ရှိ ကမ္ဘာလုံးဆိုင်ရာအခြေအနေတွင် တည်ငြိမ်မှုရှိရေးအတွက် အပြုသဘောဆောင်မည်ဟု နှစ်ဖက်စလုံးက သတိရခဲ့ကြောင်း အိန္ဒိယနိုင်ငံ၏ ထုတ်ပြန်ချက်က ဖော်ပြသည်။

ကိုးကား-သည်စထရိတ်တိုင်းမ်၊ ဘာသာပြန်-ကျော်ထိုက်စိုး

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားနေသည့် နေရာများ၌ နှာခေါင်းစည်းဝတ်ဆင်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

ဂျီနီဗာ ဇွန် ၆

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားနေပြီး လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် ခက်ခဲသောနေရာများ၌ နှာခေါင်းစည်းများ ဝတ်ဆင်ရေးအတွက် တိုက်တွန်းရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၎င်း၏ကိုဗစ်-၁၉ ဆိုင်ရာ နောက်ဆုံးထုတ်ပြန်သည့် လမ်းညွှန်ချက်တွင် ထည့်သွင်းထုတ်ပြန်ခဲ့သည်။

ကျန်းမာသည့် လူများအနေဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းအားဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်သည်ဆိုသည်နှင့်ပတ်သက်သည့် အထောက်အထားမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခင်က ပြောကြားခဲ့ဖူးသည်။

ယခုနောက်ဆုံးထုတ်ပြန်သည့် လမ်းညွှန်ချက်များသည် အထောက်အထားသစ်များအပေါ် အခြေခံထားကြောင်း ယမန်နေ့က ဂျီနီဗာမြို့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရို့စ်အက်ဒ်ဟာမ်နွန် ဂေဘရီဆက်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ပိုးကူးစက်ဖြစ်ပွားမှုများပြားနေပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်နှင့် ဈေးဆိုင်များကဲ့သို့သော နေရာများ၌ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန် ခက်ခဲသောနေရာမျိုး၌ ပြည်သူလူထုအား နှာခေါင်းစည်းဝတ်ဆင်ကြရန် တိုက်တွန်းကြပါဟု ကမ္ဘာတစ်ဝန်းရှိ အစိုးရများအား အကြံပြုကြောင်း တက်ဒရို့စ်က ပြောကြားသည်။

သို့သော် နှာခေါင်းစည်းဝတ်ဆင်ခြင်းတစ်ခုတည်းဖြင့် လူအများအား ဗိုင်းရပ်စ်အန္တရာယ်မှ မကာကွယ်နိုင်ကြောင်းနှင့် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ လက်များအား ဆေးကြောသန့်စင်ခြင်းတို့သည်လည်း အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း

မာလီနိုင်ငံမြောက်ပိုင်း၌ ပြင်သစ်တပ်ဖွဲ့များတိုက်ခိုက်မှုကြောင့် ဆာဟဲဒေသအယ်လ်ခိုင်ဒါခေါင်းဆောင် သေဆုံး

ပါရီ ဇွန် ၆

ဆာဟဲဒေသဝန်းကျင်တစ်လျှောက်တွင် လူအသေအပျောက်အများအပြားရှိသည့် တိုက်ခိုက်မှုများ၏နောက်ကွယ်၌ ပါဝင်ပတ်သက်ပြီး ယင်းဒေသတွင်း၌ ဘေးဒုက္ခများဖြစ်ပေါ်စေသည့် အယ်လ်ခိုင်ဒါအကြွမ်းဖက် စစ်သွေးကြွအဖွဲ့အစည်းတစ်ခုဖြစ်သည့် အစ္စလာမ္မစ်မက်ဟက်အဖွဲ့၏ခေါင်းဆောင်သည် ပြင်သစ်တပ်ဖွဲ့များ၏တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း ပြင်သစ်အစိုးရက ပြောကြားသည်။

အဗ္ဗဒယ်မာလက်ဒရိုကက်ဒယ်အမည်ရှိ ယင်းအဖွဲ့ခေါင်းဆောင်သည် ဇွန် ၄ ရက်တွင် မာလီနိုင်ငံမြောက်ပိုင်း အယ်လ်ဂျီးရီးယားနိုင်ငံနှင့် နယ်စပ်အနီး၌ ပြင်သစ်တပ်ဖွဲ့များ၏တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း၊ အဆိုပါ စစ်သွေးကြွအဖွဲ့သည် ယင်းနေရာတွင် အခြေချနေထိုင်လျက်ရှိပြီး ဆာဟာရဒေသခွဲ ဆာဟဲဇုန်အတွင်း၌ အနောက်နိုင်ငံသားများအား တိုက်ခိုက်ခြင်းနှင့် အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းများ လုပ်ဆောင်နေကြကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလောရင့်ပါလေက ယမန်နေ့က ပြောကြားသည်။

၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် စတင်ဖွဲ့စည်းခဲ့သည့် အယ်ဂျီရီးယန်းအစွန်းရောက်အဖွဲ့အစည်းတစ်ခုမှ အယ်လ်ခိုင်ဒါအဖွဲ့ဝင် အစ္စလာမ္မစ်မက်ဟက်အဖွဲ့အဖြစ် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် အဆိုပါအဖွဲ့က အိုစမာဘင်လာဒင်၏ အယ်လ်ခိုင်ဒါကွန်ရက်အဖွဲ့ဝင်အဖြစ် သစ္စာခံမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ယင်းစစ်သွေးကြွအုပ်စုသည် ဆာဟဲဒေသတစ်ဝန်း၌ တပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား ပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုအတော်များများ၌ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းတို့အထဲ၌ ဘူကီနာဖာဆိုနိုင်ငံ၌ ၂၀၁၆ ခုနှစ်က ဖြစ်ပွားခဲ့သည့်လူပေါင်း ၃၀ သေဆုံးခဲ့ရသည့် အဆင့်မြင့်ဟိုတယ်တစ်လုံးနှင့် စားသောက်ဆိုင်တို့အား တိုက်ခိုက်မှုလည်း ပါဝင်သည်။ ယင်းတိုက်ခိုက်မှု၌ သေဆုံးခဲ့ရသူအများစုမှာ အနောက်နိုင်ငံသားများဖြစ်ကြသည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အဲအေးရှားဖိလစ်ပိုင်လေကြောင်းလိုင်း ဝန်ထမ်းအင်အား လျှော့ချမည်

မနီလာ ဇွန် ၆

အဲအေးရှားဖိလစ်ပိုင်လေကြောင်းလိုင်းမှ ဝန်ထမ်း ၁၂ ရာခိုင်နှုန်းကို အလုပ်မှအနားပေးသွားမည်ဟု လေကြောင်းလိုင်းမှတာဝန်ရှိသူတစ်ဦးက ယမန်နေ့က ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို လျှော့ချရန် ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် အဲအေးရှားလေကြောင်းလိုင်းမှ ဝန်ထမ်း ၂၃၀၀ အနက် ၂၆၀ကို အလုပ်မှအနားပေးသွားမည်ဟု ပြောကြားသည်။ အဲအေးရှားလေကြောင်းလိုင်းအနေဖြင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းအပေါ် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခြင်းအား တန်ဖိုးထားပြီး ကျေးဇူးတင်ရှိကြောင်း အဆိုပါလေကြောင်းလိုင်းမှ ပြောကြားသည်။

အဲအေးရှား၏ ကုန်ကျစရိတ်များစီမံခန့်ခွဲရေးအစီအစဉ်အရ လစာအသားတင်ပြန်းတီးမှုများမှ တားဆီးရန် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများ၏ အရေအတွက်ကို လျှော့ချရန်ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သော အဲအေးရှားလေကြောင်းလိုင်းသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လုပ်ငန်း၏ ဝန်ထမ်းအင်အားကို လျှော့ချခဲ့သည်။ ဖိလစ်ပိုင်လေကြောင်းလိုင်းနှင့် စီဘူးလေကြောင်းလိုင်းတို့ကလည်း ဝန်ထမ်းအင်အားကို လျှော့ချခဲ့ကြသော်လည်း ပြည်တွင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်မည်ဟု ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရို ခြိမ်းခြောက်

ဘရာဇီးသမ္မတ ဂျာဘိုလ်ဆိုနာရို

ရီယိုဒီဂျနေးရိုး ဇွန် ၆
ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များ ရုပ်သိမ်းမှုနှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးခဲ့ပြီးနောက် ထိုအဖွဲ့မှ နုတ်ထွက်မည်ဟု ဘရာဇီးသမ္မတ ဂျာဘိုလ်ဆိုနာရိုက ခြိမ်းခြောက်လိုက်သည်။

ဇွန် ၄ ရက်က ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကြောင့် လူသေဆုံးမှုအရေအတွက်သည် အီတလီနိုင်ငံကို ကျော်တက်သွားခဲ့သော်လည်း သမ္မတ ဘိုလ်ဆိုနာရိုက ကန့်သတ်ချက်အမိန့်များ ရုပ်သိမ်းရန် ထောက်ခံနေပြီး စီးပွားရေးဆုံးရှုံးမှုများက ပြည်သူများ၏ကျန်းမာရေးအန္တရာယ်များကို အလေးသာစေဟု ပြောကြားခဲ့သည်။ သမ္မတ ဘိုလ်ဆိုနာရိုက ကိုရိုနာဗိုင်းရပ်စ်ကို တုပ်ကွေးအပျော့စားတစ်မျိုးဟု ညွှန်းဆိုခဲ့သည့် ရက် ၁၀၀ ကျော်လွန်ချိန် ဘရာဇီးနိုင်ငံ၌ ယခုအခါ အဆိုပါဗိုင်းရပ်စ်ကြောင့် တစ်မိနစ်လျှင် လူတစ်ဦးသေဆုံးနေသည်ဟု ဖော်ဟာဒီဆောပေါလို သတင်းစာက ဖော်ပြသည်။ ဇွန် ၄ ရက်က ဘရာဇီးနိုင်ငံတွင် ကိုရိုနာ ဗိုင်းရပ်စ် ခတ်ခွဲအတည်ပြုကူးစက်မှု ၆၀၀၀၀၀ ကျော်အထိ မြင့်တက်လာခဲ့ပြီး ၂၄ နာရီအတွင်း သေဆုံးသူမှာ ၁၄၃၇ ဦးရှိလာခဲ့ရာ တတိယနေ့ ဆက်တိုက် စံချိန်တင်သေဆုံးမှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၃၅၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်ရာ အမေရိကန်၊ ဗြိတိန်တို့ ပြီးလျှင် ကမ္ဘာပေါ်တွင် အဆိုပါဗိုင်းရပ်စ်ကြောင့် လူသေဆုံးမှု တတိယအမြင့်ဆုံးနိုင်ငံဖြစ်လာခဲ့သည်။ ဘရာဇီးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် နေ့စဉ်သေဆုံးမှုနှုန်းနှင့် ကူးစက်မှုမြင့်တက်နေလင့်ကစား ကန့်သတ်မှုအမိန့်များ ဖြေလျှော့ရန် ကြိုးပမ်းမှုများနှင့်ပတ်သက်၍ မေးမြန်းရာတွင် ကန့်သတ်မှုများ ရုပ်သိမ်းရန် အရေးပါသော စံတစ်ခုမှာ ကူးစက်မှုလျော့နည်းရေးဖြစ်ကြောင်း WHO ပြောရေးဆိုခွင့်ရအမျိုးသမီး မာဂရက်ဟာရစ်က ပြောသည်။ ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်များ ဖြေလျှော့ရန် အရေးပါသော စံသတ်မှတ်ချက် ခြောက်ချက်အနက် တစ်ချက်မှာ ကူးစက်မှုကျဆင်းရေးဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

နိုင်ငံရေးအရ ဘက်လိုက်မှုရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါက WHO မှ နုတ်ထွက်ရန် ဘရာဇီးနိုင်ငံက စဉ်းစားမည်ဟု သမ္မတ ဘိုလ်ဆိုနာရိုက ဇွန် ၅ ရက်နှောင်းပိုင်းတွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ကိုးကား-ဟိန္ဒူစတန်တိုင်းမ်
ဘာသာပြန်-ကျော်ထိုက်စိုး

အီရန်နိုင်ငံ၌ အကျဉ်းကျနေသည့် မနုဿဗေဒပညာရှင်အား လွှတ်ပေးရန် ပြင်သစ်သမ္မတ မက်ခရွန် တောင်းဆို

ပါရီ ဇွန် ၆
ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အကျဉ်းကျနေသည့် အီရန်-ပြင်သစ် မနုဿဗေဒပညာရှင်တစ်ဦးကို လွှတ်ပေးရန် အီရန်နိုင်ငံထံ တောင်းဆိုလိုက်သည်။ မနုဿဗေဒပညာရှင် ဖာရီဘာအဒယ်လ်ခါ အကျဉ်းချခံရသည့် တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အကျဉ်းထောင်မှ လွှတ်ပေးသင့်ကြောင်း မက်ခရွန်က ပြောသည်။

"သူ အကျဉ်းထောင်ထဲမှာ ရှိနေသေးတာ လက်သင့်ခံစရာမရှိပါဘူး။ အီရန်အာဏာပိုင်တွေကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့နိုင်ငံသားကို ချက်ချင်းလွှတ်ပေးဖို့ တရားမျှတမှုက ပြဋ္ဌာန်းထားပါတယ်" ဟု ၎င်းက ပြောသည်။ ရှီးယိုက်အစ္စလာမ်ဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်သူ အဒယ်လ်ခါကို ပြီးခဲ့သည့်နှစ်က ဖမ်းဆီးခဲ့ပြီး အမျိုးသားလုံခြုံရေးစွဲချက်များဖြင့် ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထင်ရှားသော မနုဿဗေဒပညာရှင် အဒယ်လ်ခါသည် အီရန်နိုင်ငံ၌ မွေးဖွားခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ်ကတည်းက ပြင်သစ်နိုင်ငံ၌ နေထိုင်ခဲ့သည်။ ၎င်းအား အကျဉ်းထောင်မှ လွတ်မြောက်ရေး ပြင်သစ်နိုင်ငံ၏ ကြိုးပမ်းမှုကို ကန့်သတ်ခဲ့သည့် နှစ်နိုင်ငံသားခံယူမှုကို အီရန်နိုင်ငံက အသိအမှတ်မပြုဘဲ နှစ်နိုင်ငံကြားတင်းမာမှု ဖြစ်စေခဲ့သည်။

ဇန်နဝါရီလအတွင်း အီရန်တရားရုံးတစ်ရုံးက အဒယ်လ်ခါကို စွပ်စွဲထားသည့် သေဒဏ်ကျခံရနိုင်သော သူလျှိုစွဲချက်များ ရုပ်သိမ်းခဲ့သည်။ မေခရွန်က အဒယ်လ်ခါ ထိန်းသိမ်းခံရမှုတစ်နှစ်ပြည့်သည့် ယနေ့တွင် အဆိုပါမှတ်ချက်စကားပြောကြားခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံက အမေရိကန်ရေတပ် တပ်ဖွဲ့ဝင် မိုက်ကယ်ဝှိုက်ကို အမည်မသိစွဲချက်များဖြင့် အကျဉ်းချခဲ့သည်။ သို့သော်လည်း ဆွစ်ဇာလန်နိုင်ငံ၏ ကြားဝင်စေ့စပ်မှုဖြင့် အမေရိကန်နိုင်ငံနှင့် သဘောတူညီမှုတစ်ရပ်ရရှိပြီးနောက် မိုက်ကယ်ဝှိုက်မှာ ယမန်နေ့က အိမ်ပြန်ခွင့်ရရှိခဲ့သည်။ အဒယ်လ်ခါမှာ အီရန်နိုင်ငံ၌ အကျဉ်းချခံနေရသည့် ပထမဆုံးသော အနောက်နိုင်ငံသား မဟုတ်ပေ။

ဩစတြေးလျ-ဗြိတိန် ပညာရှင် ကယ်လီမိုးဂီးလ်ဘတ်မှာ သူလျှိုလုပ်မှုဖြင့် လက်ရှိအချိန်တွင် အီရန်နိုင်ငံ၌ထောင်ဒဏ် ၁၀ နှစ် ကျခံလျက်ရှိသည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး

တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၁ ဦးရှိ

ဆိုးလ် ဇွန် ၆
တောင်ကိုရီးယားနိုင်ငံ၌ ယမန်နေ့ဆေးမှတ်တမ်းများအရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၁ ဦး စစ်ဆေးတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယားကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ဖြေလျှော့ခဲ့ပြီးနောက် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူအများအပြား ထပ်မံစစ်ဆေးတွေ့ရှိနေဆဲဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၈၀ ရာခိုင်နှုန်းသည် မြို့တော်ဆိုးလ်နှင့် ပတ်ဝန်းကျင်ဒေသများမှ ဖြစ်သည်ဟု တောင်ကိုရီးယားအစိုးရက ပြောကြားခဲ့သည်။

တစ်ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၅၀ ကျော်လွန်သွားခဲ့ခြင်းသည် မေ ၂၈ ရက်မှစပြီး ပထမဆုံးအကြိမ်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သော လမှစပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူများအား အစုလိုက်အပြုံလိုက်တွေ့ရှိခဲ့သည်။ လွန်ခဲ့သောလအတွင်း၌ ဆိုးလ်မြို့ရှိ နိုက်ကလပ်များမှ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၇၀ ကျော်တွေ့ရှိခဲ့ပြီး ဘာသာရေးအဆောက်အအုံများနှင့် ထောက်ပံ့ပို့ဆောင်ရေးစင်တာတို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူအများအပြားတွေ့ရှိခဲ့ရသည်။

အလားတူ ယခုလအစောပိုင်းတွင် ဆိုးလ်မြို့ရှိ အိမ်အရောက်ပို့ပေးသည့် အရောင်းကုမ္ပဏီတစ်ခုမှ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၂ ဦး ခန့်တွေ့ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ အများအပြားတွေ့ရှိခဲ့သော်လည်း ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို ပြန်လည်တင်းကျပ်ရန် တောင်ကိုရီးယားအစိုးရက စီစဉ်ဆောင်ရွက်ခြင်းမရှိသေးကြောင်း သိရသည်။ သို့သော် နှာခေါင်းစည်းများ ဝတ်ဆင်ထားရန်နှင့် လေဝင်လေထွက်ကောင်းမွန်သောအခန်းများတွင် နေထိုင်ကြရန် ပြည်သူများအား အစိုးရက တိုက်တွန်းပြောကြားထားသည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံထားရသော သက်ကြီးရွယ်အိုများ၏ အရေအတွက် မြင့်တက်လာသည့်အပေါ် အစိုးရက အလွန်အမင်း စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်အထိ တောင်ကိုရီးယားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၇၁၉ ဦးရှိပြီး သေဆုံးသူ ၂၇၃ ဦးရှိသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

အများပြည်သူဆိုင်ရာနေရာများတွင် နှာခေါင်းစည်း မဝတ်ဆင်သူများ ဒဏ်ငွေ ယူရို ၁၀၀ ပေးဆောင်ရမည့်အစီအစဉ် စပိန်အစိုးရ ဆောင်ရွက်

မက်ဒရစ် ဇွန် ၆
အများပြည်သူဆိုင်ရာနေရာများတွင် နှာခေါင်းစည်းမဝတ်ဆင်သူများ ဒဏ်ငွေ ယူရို ၁၀၀ ပေးဆောင်ရမည့်အစီအစဉ်ကို စပိန်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စပိန်အစိုးရက ပြောကြားသည်။

ဇွန် ၁၂ ရက်တွင် သက်တမ်းကုန်ဆုံးမည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ယခုသီတင်းပတ်အတွင်း အတည်ပြုနိုင်ရန် ဝန်ကြီးအဖွဲ့က ဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ် ပီဒရိုဆန်းချက်က ပြောကြားလိုက်သည်။ စည်းမျဉ်းသစ်အရ ပြည်သူများနှင့်သက်ဆိုင်သောနေရာများတွင် နှာခေါင်းစည်းမဝတ်ဆင်သူများအနေဖြင့် ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

အလုပ်ရှင်များအနေဖြင့် ၎င်းတို့၏အလုပ်သမားများအတွက် ကျန်းမာရေးကို စောင့်ရှောက်သည့်အနေဖြင့် ဆပ်ပြာများ၊ လက်သန့်ဆေးရည်များကို ထားရှိပေးရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦးအကွာအဝေးခွဲခြားသတ်မှတ်၍ အလုပ်လုပ်ကိုင်စေရမည်ဟု တာဝန်ရှိသူများက ညွှန်ကြားထားသည်။ ကျောင်းများနှင့် ပညာရေးဆိုင်ရာစင်တာများတွင်လည်း ထိုကဲ့သို့သောဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် ညွှန်ကြားထားသည်။ ဈေးဝယ်စင်တာများရှိ အစားအသောက်ရောင်းချသောဆိုင်များနှင့် အခြားကုန်ပစ္စည်းများရောင်းချသောဆိုင်များတွင်လည်း လူအဝင်အထွက်များပြားမှု မရှိစေရန်ကန့်သတ်ထားသည်။ စပိန်နိုင်ငံတွင်အသွားအလာကန့်သတ်ချက်များကို အဆင့် ၄ အထိ လျှော့ချခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

ဂျာမနီနိုင်ငံ၌ တပ်ဖြန့်ထားသော အမေရိကန်တပ်သား ၉၅၀၀ ခန့်ကို ပြန်လည်ရုပ်သိမ်းရန် သမ္မတထရမ့် ဆုံးဖြတ်

ဝါရှင်တန် ဇွန် ၆

ဂျာမနီနိုင်ငံ၌ တပ်ဖြန့်ထားသော အမေရိကန်တပ်သား ၉၅၀၀ ခန့်ကို ပြန်လည်ရုပ်သိမ်းရန် သမ္မတထရမ့်က ကာကွယ်ရေးဌာနအား ညွှန်ကြားခဲ့ကြောင်း အမေရိကန်ဒေသန္တရမီဒီယာများက သတင်းဖော်ပြကြသည်။

လက်ရှိအချိန်တွင် အမေရိကန်တပ်သား ၃၄၅၀၀ ခန့်ကို ဂျာမနီနိုင်ငံ၌ တပ်ဖြန့်ထားလျက်ရှိသည်။

အမေရိကန်တပ်သားများကို ဂျာမနီနိုင်ငံမှ ပြန်လည်ရုပ်သိမ်းရေးနှင့်ပတ်သက်ပြီး အမေရိကန်အစိုးရအဖွဲ့တာဝန်ရှိသူများက ပြီးခဲ့သော စက်တင်ဘာလကတည်းက ဆွေးနွေးခဲ့ပြီးဖြစ်သည်ဟု သည်ဝေါစထရိဂျာနယ်က သတင်းဖော်ပြသည်။

အိမ်ဖြူတော်အမျိုးသားလုံခြုံရေးအကြံပေး ရောဘတ်အိုဘရီယန်က အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံသဘောတူညီမှုရယူကာ အမေရိကန်တပ်သားများအား လျှော့ချရန် အမိန့်စာတစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဥရောပဒေသတွင်း ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် အမေရိကန်တပ်သားများကို ဂျာမနီနိုင်ငံ၌ တပ်ဖြန့်ထားခြင်းဖြစ်သည်။ သို့သော် အမေရိကန်တပ်သားများ တပ်ဖြန့်ထားရှိမှုသည် နေတိုးအဖွဲ့ထက် ပိုမိုကျော်လွန်နေပြီဖြစ်သည်ကို သမ္မတထရမ့်က ထောက်ပြပြောဆိုခဲ့သည်။ ထို့ကြောင့် ဂျာမနီနိုင်ငံ၌ တပ်ဖြန့်ထားသော အမေရိကန်တပ်သားများအား အမိမြေသို့ ပြန်လည်ခေါ်ယူခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ယင်းသို့ အမေရိကန်တပ်သားများ ပြန်လည်ခေါ်ယူခြင်းသည် ဥရောပဒေသတွင်းလုံခြုံရေးအတွက် ဆိုးကျိုးများစွာ ရှိစေနိုင်သည်ဆိုသည့် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။

ကိုးကား–အင်န်အိတ်ချ်ကေ

ဘာသာပြန်–အောင်ကျော်ကျော်

အင်ဒိုနီးရှား၌ စစ်ဘက်သုံးရဟတ်ယာဉ်တစ်စင်းပျက်ကျရာ လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

ဂျကာတာ ဇွန် ၆

အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ်တွင် စစ်ဘက်သုံးရဟတ်ယာဉ်တစ်စင်း ယနေ့ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားတပ်မတော်က ပြောကြားသည်။

အင်ဒိုနီးရှားတပ်မတော်၏ M–17 အမျိုးအစား ရဟတ်ယာဉ်တစ်စင်းသည် လေ့ကျင့်မှုပြုလုပ်နေစဉ် အလယ်ဂျာဗားပြည်နယ် ကင်ဒါလ်ခရိုင် ဝူနီရီဂျိုကျေးရွာ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားတပ်မတော်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်နက်ဖ်ရာဖာဒဲ့ဇ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်သည် မြေပြင်သို့ ပျက်ကျခဲ့ပြီးနောက် မီးလောင်ပျက်စီးသွားခဲ့သည်။ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူများအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းရဟတ်ယာဉ်သည် မြေပြင်ပေါ်သို့ မပျက်ကျမီ မီးခိုးများ အူထွက်လျက်ရှိပြီး မြေပြင်ပေါ်သို့ ကျရောက်သည့်အခါတွင် ပေါက်ကွဲသွားခဲ့ကြောင်း မျက်မြင်သက်သေများက ဆိုသည်။

လေယာဉ်အမှုထမ်းသုံးဦးသည် လေယာဉ်မပျက်ကျမီ ရေကန်တစ်ကန်အတွင်းသို့ ခုန်ချသွားခဲ့ကြောင်း မျက်မြင်သက်သေများက ဆက်လက်ပြောကြားခဲ့သည်။

လေ့ကျင့်ပျံသန်းမှုမတိုင်မီ ရဟတ်ယာဉ်ကို ကြိုတင်စစ်ဆေးမှု ပြုလုပ်ထားပြီး ရဟတ်ယာဉ်မှာ ကြံ့ခိုင်မှုရှိကြောင်း တပ်မတော်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တာဝန်ရှိသူများသည် အဆိုပါရဟတ်ယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – ဂျေတီ

အင်ဒိုနီးရှား၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၀၀ ကျော်ရှိလာပြီး ၁၈၀၁ သေဆုံး

ဂျကာတာ ဇွန် ၆

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၉၉၃ ဦး တွေ့ရှိခဲ့ပြီးနောက် ယနေ့အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၀၅၁၄ ဦး ရှိလာကြောင်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက်ယူရီယံတိုက ယနေ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် ၃၁ ဦး သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် အင်ဒိုနီးရှားနိုင်ငံအတွင်း သေဆုံးသူပေါင်း ၁၈၀၁ ဦး ရှိလာကြောင်း အာ့ခ်မက်ယူရီယံတိုက ထပ်မံပြောကြားသည်။

သို့သော် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၃ ဦးသည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ အင်ဒိုနီးရှားနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာသူပေါင်း ၉၉၀၇ ဦးရှိလာကြောင်း သိရသည်။

ယခုအခါ ကိုဗစ်–၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားကြောင်း သိရသည်။ ယနေ့ ဒေသစံတော်ချိန်မွန်းလွဲပိုင်းအထိ အာချီး၊ အင်ကူလူ၊ အရှေ့တောင်ဆူလာဝေစီ၊ အနောက်ဆူလာဝေစီနှင့် အရှေ့နူဆာတင်ဂါရာ စသည့် ပြည်နယ်ငါးခုတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု မရှိကြောင်း သိရသည်။

အင်ဒိုနီးရှားအာဏာပိုင်များသည် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသည့် ဒေသများတွင် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန်အတွက် နှာခေါင်းစည်း အမြဲတမ်းဝတ်ဆင်ထားကြရန် ပြည်သူများအား ညွှန်ကြားထားသည်။ အင်ဒိုနီးရှားအစိုးရသည် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရန် ချမှတ်ထားသည့် ကန့်သတ်မှုများကို သတိဝီရိယရှိရှိဖြင့် တဖြည်းဖြည်းချင်း ဖြေလျှော့ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနည်းပါးလာခြင်းကြောင့် ထိုင်းအစိုးရက ပြည်တွင်းလေဆိပ် ခုနစ်ခုအား လုပ်ငန်းလည်ပတ်ခွင့်ပြု

ဗန်ကောက် ဇွန် ၆

ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့သည် တာ့ခ်၊ ထရတ်၊ နာခေါန်ရတ်ချာစီမာ၊ နာရသိဝတ်၊ ပိုင်၊ ဖက်ချာဘွန်နှင့် ဆူခိုထိုင်းလေဆိပ်တို့အပါအဝင် နောက်ထပ် ပြည်တွင်းလေဆိပ်ခုနစ်ခုကို ယနေ့မှစ၍ လုပ်ငန်းပြန်လည်ပတ်ခွင့်ပြုလိုက်ကြောင်း သိရသည်။

လုပ်ငန်းပြန်စရန် ခွင့်ပြု

ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့သည် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အစိုးရ၏ ကန့်သတ်မှုများ ဖြေလျှော့ခြင်းနှင့်အညီ ပြည်တွင်းလေဆိပ်ခုနစ်ခုကို ယနေ့မှစ၍ လုပ်ငန်းပြန်စရန် ခွင့်ပြုလိုက်ကြောင်း၊ သို့သော် ထိုင်းနိုင်ငံအတွင်း ဆင်းသက်မည့် နိုင်ငံတကာလေကြောင်းလိုင်းများကိုမူ ခွင့်ပြုမည်မဟုတ်သေးကြောင်း ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ချူလာဆူကမာနော့ပ်က ပြောကြားသည်။

ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ထိုင်းနိုင်ငံအတွင်း ဆင်းသက်မည့် နိုင်ငံတကာလေကြောင်းလိုင်းများအား တားမြစ်ပိတ်ပင်သည့် အစိုးရ၏ အရေးပေါ်ဥပဒေသည် ဇွန်လကုန်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် ထိုင်းအစိုးရပိုင် လေယာဉ်များနှင့် တပ်မတော်ပိုင်လေယာဉ်များ၊ ကုန်တင်လေယာဉ်များနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာလေယာဉ်များ၊ ဆေးဘက်၊ လူသားချင်းစာနာမှုနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာ လေယာဉ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံအတွင်း အရေးပေါ်ဆင်းသက်ရမည့် လေယာဉ်များသည် ယင်းတားမြစ်ပိတ်ပင်မှု အစီအမံမှ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ ထိုင်းအစိုးရသည် နိုင်ငံတကာလေကြောင်းလိုင်းများ လုပ်ငန်းပြန်လည်စတင်ရမည့်အချိန်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ နောက်တစ်ကြော့ ဖြစ်ပွားမှုဒဏ်ကို ခံနိုင်စွမ်းရှိမည်မဟုတ်သောကြောင့် ပြည်တွင်းသို့ဆင်းသက်မည့် နိုင်ငံတကာလေကြောင်းအားလုံးအား တားမြစ်ပိတ်ပင်မှုကို ဆက်လက်ထိန်းသိမ်းထားရမည်ဟု ယခုလအစောပိုင်းက ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ နှစ်ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၀၄ ဦးရှိလာကြောင်း သိရသည်။ မေလကုန်ပိုင်းမှစ၍ ထိုင်းနိုင်ငံအတွင်း တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူအများစုမှာ နိုင်ငံရပ်ခြားမှပြန်လာသော ထိုင်းနိုင်ငံသားများဖြစ်ကြောင်း ကိုဗစ်–၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနက ယနေ့ ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – ဂျေတီ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ

၆၈၉၅၀၁၇ ဦး

သေဆုံးသူ

၃၉၉၂၇၃ ဦး

ပြန်လည်ကျန်းမာလာသူ

၃၃၇၇၉၈၃ ဦး

လှိုင်းဂယက်တို့ သိုင်းယှက်ချိန်

■ ကိုရင်ဩ

Image via Spencer Platt/Getty Images

နယူးယောက်မြို့မှသည် ဝါရှင်တန်ဒီစီမြို့တော်အထိ၊ ဖီလာဒဲဖီးယားမှသည် လော့စ်အိန်ဂျလိစ်မြို့အထိ ဆန္ဒပြပွဲများ လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့ရာ ဇွန်လ ၁ ရက်မှစ၍ နေဝင်မီးငြိမ်းအမိန့် (ကာဖျူး)ထုတ်ပြန်ခဲ့ရသည် ....

လူမျိုးရေးဆန်သည့် ဆန္ဒပြမှုများနှင့်အတူ အဖျက်အမှောင့် သဖွယ်ပူးကပ်နေသော အကြမ်းဖက်မှုများကို အထိရောက်ဆုံး နှိပ်ကွပ်နိုင်ရန်ဟုဆိုကာ အမေရိကန် ပြည်ထောင်စု မြို့တော်ဝါရှင်တန်ဒီစီရှိ လမ်းများပေါ်တွင် ဇွန်လ ၄ ရက်က စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားလိုက်ပြီဆိုသော သတင်းတစ်ပုဒ်က ကမ္ဘာတစ်ဝန်းဆီသို့ ခပ်လှုပ်လှုပ်ပေါ်ထွက်လာ၏။ ရဲတပ်ဖွဲ့က အင်အားသုံးဖမ်းဆီးစဉ် သေဆုံးခဲ့ရသော အာဖရိကန်-အမေရိကန်အမျိုးသား ဂျော့ဂျ်ဖလွိုက်အတွက် အောက်မေ့ဖွယ်အထိမ်းအမှတ်အခမ်းအနားများကို တစ်အုံတစ်ခဲ ကျင်းပရန် စီစဉ်ထားပြီး ပထမဆုံးသော အောက်မေ့ဖွယ် အခမ်းအနားကို မင်နီယာပိုလစ်မြို့၌ ဇွန်လ ၄ ရက်က ကျင်းပနေစဉ်မှာပင် ရာဂဏန်းအရေအတွက်ရှိ စစ်သည်များက အသင့်အနေအထားဖြင့် မြို့တော်ကို ဘေးအပေါင်းမှ ကယ်တင်မည့်အသွင်ကို ထင်ဟပ်လျက် အင်အားပြလျက် ရှိကြ၏။

အက်ကြောင်းထင်

သမ္မတ ဒေါ်နယ်ထရမ့်၏ အမိန့်အရ ဝါရှင်တန်ဒီစီဧရိယာအတွင်း ဆန္ဒပြပွဲများကို နှိမ်နင်းနိုင်ရန် အမှတ် ၈၂ လေကြောင်းချီတပ်မမှ လက်ရွေးစဉ် လေထီးတပ်ဖွဲ့တစ်ဖွဲ့၏ စစ်သည်များကို ဖြန့်ကြက်လိုက်စဉ်မှာပင် အိမ်ဖြူတော်နှင့် ပင်တဂွန် (ဝါ) ကာကွယ်ရေးဌာနတို့အကြား သဘောထားကွဲလွဲမှုက ကြီးစွာအက်ကြောင်းထင်လာ၏။ အကြောင်းမူကား ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက စစ်သည်အချို့ကို မြို့တော်မှ ဆုတ်ခွာ၍ မိမိတပ်စခန်းသို့ပြန်ရန် ညွှန်ကြားလိုက်ခြင်းကြောင့် ဖြစ်၏။

အမေရိကန်ပြည်နယ်များနှင့် မြို့ကြီးများ၏ အာဏာပိုင်များသည် ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာတို့ကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် လိုအပ်သော အရေးယူတုံ့ပြန်မှုများ ပြုလုပ်ခြင်းမရှိပါက စစ်တပ်အင်အားသုံး၍ မငြိမ်သက်မှုကို အမြန်ဆုံးဖြေရှင်းမည်ဖြစ်ကြောင်း သမ္မတထရမ့်က ကြုံးဝါးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် စစ်အင်အားသုံးရလောက်အောင် လုံခြုံရေး အခြေအနေဆိုးရွားနေခြင်းမရှိပါဟု ကာကွယ်ရေးဝန်ကြီးက ကန့်ကွက်ပြောဆိုခဲ့သည်။

ထိုစဉ်အတွင်း မင်နီဆိုးတားပြည်နယ် မင်နီယာပိုလစ်ရဲဌာနအား လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွဲချက်များဖြင့် တရားစွဲဆိုထားသည်။ အဆိုပါရဲဌာနသည် လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုကို မျိုးဆက်ပေါင်းများစွာ ကြာမြင့်သည်အထိ စနစ်တကျ လုပ်ဆောင်ခဲ့ခြင်း ရှိမရှိ တရားရုံးတော်က ကြားနာစစ်ဆေးသွားမည် ဆို၏။

မေလ ၂၅ ရက်က မင်နီဆိုးတားပြည်နယ် မင်နီယာပိုလစ်မြို့၌ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော အမျိုးသားတစ်ဦးဖြစ်သူ ဖလွိုက်ကို ရဲအရာရှိတစ်ဦးဖြစ်သူ ဒဲရက်ချောင်ဘင်ဆိုသူက လက်ထိပ်ခတ်၍ လမ်းပေါ်လဲလျောင်းလျက်သား အနေအထားဖြင့် ဖမ်းချုပ်ထားစဉ် သူ၏လည်ပင်းကို ဒူးခေါင်းဖြင့် ကိုးမိနစ်နီးပါး ကြာမျှ နင်းထားခဲ့ရာမှ ဖလွိုက်မှာ အသက်ရှူမွန်းကျပ်၍ သေဆုံးခဲ့ရရှာ၏။

တောမီးပမာ

ဖမ်းဆီးရာနေရာ အနီးအပါးရှိ ဈေးတစ်ဈေးတွင် ဒေါ်လာ ၂၀ တန် ငွေစက္ကူအတုတစ်ရွက်ကို အသုံးပြု၍ စီးကရက်ဘူးဝယ်ယူခဲ့သည်ဆိုသော သံသယအရ ဖလွိုက် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ မျက်မြင်တွေ့ရှိသူများက ဖုန်းကင်မရာဖြင့် ဗီဒီယိုရိုက်ကူးထားခဲ့ကြပြီး ယင်းဗီဒီယိုမှတ်တမ်းမှာ တောမီးပမာ လူထုအတွင်း ပျံ့နှံ့သွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ၏ ရက်စက်ကြမ်းကြုတ်သော အပြုအမူနှင့်ပတ်သက်၍ ဟိုးလေးတစ်ကျော်ဖြစ်ခဲ့ရပြီး အမေရိကန်ရှိ အာဖရိကန်အသိုက်အဝန်းနှင့် ကမ္ဘာတစ်ဝန်းရှိ လူမည်းအသိုက်အဝန်းတို့အတွင်း လူမျိုးရေးခွဲခြားဆက်ဆံသောလုပ်ရပ်အဖြစ် ဒေါသအိုးပေါက်ကွဲခဲ့ကြလေသည်။

ယင်းဖြစ်စဉ်အပြီးမှာပင် ဆန္ဒပြပွဲများ နေ့စဉ်ရက်ဆက်ဖြစ်ပွားလာခဲ့ပြီး သက်ဆိုင်သူရဲတပ်ဖွဲ့ဝင်လေးဦးစလုံးကို ရာထူးမှ ဖယ်ရှားလိုက်သည်။

"ကျုပ် အသက်မရှူနိုင်တော့ပါ" ဟူ၍ ဖလွိုက်က နောက်ဆုံးစကားသံအဖြစ် ညည်းညူခဲ့ပြီး အနီးအပါးမှ ရပ်ကြည့်နေသူများက ဒူးခေါင်းဖြင့် လည်မျိုကို ဖိထားခြင်းမှ လွှတ်ပေးပါရန် ဝိုင်းဝန်းမေတ္တာရပ်ခံခဲ့ကြသေးသည်။ ဖလွိုက်က ၎င်းအား ဖမ်းဆီးချုပ်နှောင်သောရဲအရာရှိများကို ခုခံခဲ့သည်ဟု မင်နီယာပိုလစ်ရဲဌာနက အစောပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များဘက်မှ ကာကွယ်ပြောကြားခဲ့သော်လည်း မျက်မြင်သက်သေများ၏ ထုတ်ဖော်ပြောဆိုချက်များအရ ယင်းပြောဆိုချက် မှန်ကန်ခြင်းမရှိပါဟု နောက်ပိုင်းတွင် ဝန်ခံခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ၏ ပြုမူဆက်ဆံပုံနှင့်ပတ်သက်၍ လူထုအတွင်း မကျေနပ်မှုများ ကြီးထွားလာခဲ့ပြီး အမေရိကန်မြို့ကြီးများတွင် ဆန္ဒပြပွဲများ ဖြစ်ပွားလာခဲ့သည်။

နယူးယောက်မြို့မှသည် ဝါရှင်တန်ဒီစီမြို့တော်အထိ၊ ဖီလာဒဲဖီးယားမှသည် လော့စ်အိန်ဂျလိစ်မြို့အထိ ဆန္ဒပြပွဲများ လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့ရာ ဇွန်လ ၁ ရက်မှစ၍ နေဝင်မီးငြိမ်းအမိန့် (ကာဖျူး) ထုတ်ပြန်ခဲ့ရသည်။

ရဲတပ်ဖွဲ့ဝင်များ အင်အားအလွန်အကျွံသုံးခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်းတို့ကို ကန့်ကွက်သည့် အနေဖြင့် ဆန္ဒပြပွဲများ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများတွင်ပါ ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။

အငြင်းပွား

အမေရိကန်ပြည်ထောင်စုတစ်ဝန်း ပြည်နယ် ၂၀ ကျော်တွင် ဆန္ဒပြမှုများကို ဖြိုခွင်းနိုင်ရန် လုပ်ဆောင်ခဲ့ကြသည်။ အရန်တပ်ဖွဲ့ဖြစ်သော အမျိုးသားလုံခြုံရေး တပ်ဖွဲ့ဝင်များကို ဆန္ဒပြပွဲများ ဖြစ်ပေါ်နေသည့် မြို့များသို့ စေလွှတ်ရန် သမ္မတ ဒေါ်နယ်ထရမ့်က စီစဉ်ခဲ့ရာတွင် ဥပဒေအရ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သည်။

ပြည်နယ်တစ်ခုတွင် တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်နိုင်ခြင်းမရှိပါက သို့မဟုတ် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ် ထိပါးခံရသည့် အခြေအနေအဖြစ် သမ္မတက ယူဆပါက ပြည်နယ်အစိုးရအဖွဲ့များ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ တပ်စေလွှတ်ခွင့်ပြုနိုင်သည်ဟု ၁၈၀၇ ခုနှစ် ထောင်ထားခြားနားမှု (ထကြွဆူပူမှု) တိုက်ဖျက်ရေးဥပဒေတွင် ဖော်ပြထားသည်ဆို၏။

အင်ဒီးယန်းများ၏ ပုန်ကန်ခြားနားမှုကို ကာကွယ်နိုင်ရန် သမ္မတက အရန်တပ်ဖွဲ့ကို ခေါ်ယူရန် ခွင့်ပြုပေးထားသော ဥပဒေဖြစ်သည်။ သို့ရာတွင် ၁၈၇၈ ခုနှစ်တွင် အတည်ပြုခဲ့သော အခြားဥပဒေတစ်ရပ်အရ ပြည်တွင်းတွင် စစ်အင်အားသုံးနိုင်ရေးအတွက် ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်ရယူမည်ဟု ဆိုသည်။

သို့ရာတွင် ဆန္ဒပြပွဲများအား သမ္မတထရမ့်၏ တုံ့ပြန်ပုံနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဟောင်း ဂျိမ်းမက်တစ်က ဝေဖန်ရှုတ်ချခဲ့ပြီး ယခင်သမ္မတဟောင်းများကလည်း ကန့်ကွက်ပြောဆိုခဲ့ကြသည်။ ဂျိမ်းမက်တစ်သည် ဆီးရီးယားမှ အမေရိကန်တပ်ဖွဲ့ရုပ်သိမ်းရန် သမ္မတထရမ့် ဆုံးဖြတ်ခဲ့ချိန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ရာထူးမှ နုတ်ထွက်ခဲ့သူဖြစ်သည်။

အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်တို့ကို အကာအကွယ်ပေးရန် လိုအပ်သည်ဟု အရန်တပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျိုးဇက်လန်ဂယ်က ပြောကြားခဲ့သည်။

လုံခြုံရေးအတွက် အထောက်အကူပေးရန် အမေရိကန် ပြည်နယ် ၃၁ ခုသို့ အရန်တပ်ဖွဲ့များ စေလွှတ်ရေးကိစ္စနှင့်ပတ်သက်၍ စစ်သေနာပတိချုပ်က တော်တည့်မှန်ကန်စွာ အမိန့်ပေးနိုင်ပါမည်လောဟု ပူးတွဲစစ်ဦးစီးချုပ်များ၏ ဥက္ကဋ္ဌဟောင်း မိုက်မူလန်က ဝေဖန်ပြောကြားခဲ့သည်။

ထိုစဉ်အတွင်း ဖလွိုက်သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ ရဲအရာရှိ ဒဲရစ်ချော်ဘင်ကို မူလက တတိယအဆင့် လူသတ်မှုဖြင့် စွဲချက်တင်ခဲ့ရာမှ ဒုတိယအဆင့် လူသတ်မှုဖြင့် ပြန်လည်စွဲချက်တင်ခဲ့သည်။ ၎င်းအပြင် ကျန်ရဲအရာရှိ သုံးဦးကိုလည်း မူလက စွဲချက်မတင်ခဲ့သော်လည်း နောက်ပိုင်းတွင် လူသတ်မှုကို အားပေးကူညီမှုဖြင့် စွဲချက်တင်လိုက်ရာ ဆန္ဒပြသမားများက ယင်းဆောင်ရွက်ချက်ကို ကြိုဆိုခဲ့ကြသည်။ သို့ရာတွင် ရဲတပ်ဖွဲ့၏ ပြုမူဆောင်ရွက်ပုံများ တရားဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ပေးရန် တောင်းဆိုမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။

သွေးစည်းညီညွတ်

ဂျော့ဂျ်ဖလွိုက်သေဆုံးရမှုအပေါ် အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဆန္ဒပြမှုများသည် အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းရှိ မြို့ပေါင်း ၁၄၀ အထိ ကူးစက်ပျံ့နှံ့ခဲ့သည်။ လူမျိုးရေးဆန်သည့် ဆန္ဒပြပွဲများ ကမ္ဘာအနှံ့ ဖြစ်ပေါ်လာခြင်းမှာ အမေရိကန်၌ ဆန္ဒပြနေကြသော ပြည်သူများနှင့် အတူ သွေးစည်းညီညွတ်မှုရှိပုံကို ပြသရန်လည်းကောင်း၊ မိမိတို့၏ သက်ဆိုင်ရာနိုင်ငံများတွင်လည်း လူနည်းစုဝင်များအား ခွဲခြားဆက်ဆံမှု မပြုလုပ်ရေးအတွက် တပ်လှန့်နှိုးဆော်နိုင်ရန်လည်းကောင်း ရည်ရွယ်ပေသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်အထိ ခြိမ့်ခြိမ့်သဲသဲ ဆန္ဒပြပွဲများက နိုင်ငံသားအခွင့်အရေးများကို သက်ဆိုင်ရာအစိုးရများက လေးစားလိုက်နာရန် တောင်းဆိုကြခြင်းဖြစ်သည်။

နိုင်ငံသားအခွင့်အရေးဟူသည် နိုင်ငံသားတိုင်း အသက်ရှင်သန်ခွင့်နှင့် လွတ်လပ်ခွင့်တို့ကို အစိုးရက တရားလက်လွတ် ဝင်ရောက်နှောင့်ယှက်ခြင်းမှ ကာကွယ်ပေးသော ဥပဒေအခွင့်အရေးဟူ၍ ယေဘုယျ ဖော်ကျူးနိုင်ပေလိမ့်မည်။ အသက်ရှင်ခွင့်၊ ကျွန်ပြုခြင်းမှ ကင်းလွတ်ခွင့်၊ နှိပ်စက်ခြင်းမှ ကင်းလွတ်ခွင့်၊ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ လုံခြုံခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ တရားဥပဒေအရ မျှတသောစီရင်ပိုင်ခွင့် စသည်တို့ဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် အာဖရိကန်-အမေရိကန် လူမည်းများအား လူဖြူများက နှိမ့်ချဆက်ဆံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းတို့ ပြုလုပ်ခြင်းမှ အကာအကွယ်ပေးနိုင်ရန် လည်းကောင်း၊ မဲပေးခွင့်ရရှိရန် လည်းကောင်း လူမည်းများက တစ်ခဲနက်တောင်းဆိုခဲ့ကြလေသည်။

အမေရိကန် လူ့အခွင့်အရေး လှုပ်ရှားသူများအနက် ထင်ပေါ်ကျော်ကြားဆုံးပုဂ္ဂိုလ်မှာ မာတင် လူသာကင်း ဖြစ်ပြီး ယနေ့တိုင်ပင် သူ့ကို လူ့အခွင့်အရေး သင်္ကေတ အဖြစ် ရည်ညွှန်းပြောဆိုနေကြဆဲဖြစ်သည်။

လူထုအတွင်း လူ့အခွင့်အရေးအမြင် ရှင်သန်နိုးထစေခဲ့သူ ကင်းသည် ၁၉၆၈ ခုနှစ်တွင် လုပ်ကြံခံခဲ့ရသော်လည်း လူထုရပိုင်ခွင့်များ တိုးတက်ရရှိအောင် သူ၏ လှုပ်ရှားဆောင်ရွက်ချက်များက ယနေ့တိုင် တွန်းအားပေးနေဆဲဖြစ်ပုံကို ကျွန်ုပ်တွေးတောမိရင်း "လှိုင်းဂယက်တို့ သိုင်းယှက်ချိန်"ဟု ကျူးရင့်မိပါသတည်း။ ။

Ref: News updates

❒ ကျောဖုံးမှ

ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၅-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၆-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၀) ဦး ရှိပါသည်။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၆–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၄) ဦး	(၂၄၀) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၅) ဦး	(၁၅၆) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၆–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၆-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁,၁၃၈) ခု
(၆-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL - Mdy) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၇၇) ခု
(၆-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL - Mlm) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၃) ခု
(၆-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၆၁) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၄) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၅–၆–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၈၄၈)ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ပါ၍ (၅–၆–၂၀၂၀) ရက်နေ့တွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁၅၀၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL – Mdy) မှ ဓာတ်ခွဲနမူနာ (၂၃၂) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၅) ခု၊ စုစုပေါင်း (၁၈၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

၃။ (၆–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၃၆) ဦးရှိပါသည်။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၆–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

(၅-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၄၈) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဟားခါးမြို့၌ ကန့်သတ်စောင့်ကြည့်သည့်နေရာများအား ပိုးသတ်ဆေးဖျန်း

ဟားခါး ဇွန် ၆

ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုနှင့် အတူ ယနေ့ နံနက် ၉ နာရီက ဟားခါးမြို့ မြို့ပေါ်ရပ်ကွက်များရှိ ကန့်သတ်စောင့်ကြည့်သည့်နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရာတွင် စစ်ဗျူဟာအဖွဲ့အခြေချ(ဟားခါး)မှ တပ်ဖွဲ့ဝင်များ၊ ဟားခါးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသျှန်နွန်မောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ ကန့်သတ်စောင့်ကြည့်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ရောက်ရှိ၍ ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေး အဆောင်များ၊ ခုတင်များ၊ တံခါးလက်ကိုင်များနှင့် ကျောင်းဝင်းအတွင်းရှိ အသွားအလာ ကန့်သတ်ထားသည့်နေရာများအား ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း(ဟားခါး)သို့ ရောက်ရှိ၍ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါနေရာများတွင် သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေး ပူးပေါင်းအဖွဲ့များက စနစ်တကျ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညောင်ဦးမြို့ မဏိစည်သူဈေးကြီးနှင့် ဘုန်းစင်ပျံ့ကျဈေးတို့အား စနစ်တကျ ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေး ပိုးသတ်ဆေးဖျန်း

ညောင်ဦး ဇွန် ၆

ကိုဗစ် – ၁၉ ကာလ လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် ယာယီပိတ်ထားခဲ့သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မဏိစည်သူဈေးကြီးနှင့် ဘုန်းစင်ကျောင်းဝင်းအတွင်းရှိ ဘုန်းစင်ပျံ့ကျဈေးတို့အား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယမန်နေ့ ညနေပိုင်းက ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ညောင်ဦးမြို့ သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ဈေးဝန်းကျင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေး အဖွဲ့ချုပ်မှ ပရဟိတအဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး မဏိစည်သူဈေးကြီးနှင့် ဘုန်းစင်ကျောင်းဝင်းအတွင်း ဘုန်းစင်ပျံ့ကျဈေးတို့တွင် ဈေးရောင်းသူများနှင့် ဈေးဝယ်သူများ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းများ၊ ဈေးတွင်းလမ်းများ၊ ဈေးဝင်ပေါက်၊ ထွက်ပေါက်များနှင့် ဈေးတံခါးများမကျန် နေရာအနှံ့ ပိုးသတ်ဆေးများ စုပေါင်းပက်ဖျန်းဆောင်ရွက်ပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကူးစက်ကပ်ရောဂါ၊ လူသားတို့၏စိုးရိမ်မှုနှင့် New Normal

အောင်မြင့်မြတ်

လက်ရှိဖြစ်ပွားနေသော ကမ္ဘာ့ကပ်ရောဂါကြီးသည် လူသားတို့၏အမူအကျင့်ဟောင်းများကို ပြောင်းလဲပစ်ရန် တွန်းအားပေးလျက်ရှိနေပါသည်။ နိုင်ငံအစိုးရများအတွက်လည်း ခေါင်းခဲစရာများ ဆက်လက်ပေးအပ်ထားလိမ့်မည် ဖြစ်သည်။ ကပ်ရောဂါကြီးကြောင့် ပိတ်ထားသည့် ခရီးသွားလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ မဖြစ်မနေ ပြန်လည်ဖွင့်လှစ်ရမည်ဖြစ်ရာ အလုပ်သမားများနှင့် ကျောင်းသားကျောင်းသူများသည် သက်ဆိုင်ရာလုပ်ငန်းခွင်၊ ကျောင်းများသို့ နည်းလမ်းသစ်၊ ပုံစံသစ်များဖြင့် ဝင်ရောက်ရတော့မည်ဖြစ်သည်။ လူမှုဆက်ဆံရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၌ ဖြစ်ပေါ်လာနိုင်မည့် လူအချင်းချင်းဆက်ဆံမှုပုံသဏ္ဌာန်အသစ်များ၊ အစိုးရက ချမှတ်လာမည့် လူအချင်းချင်း ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်း၊ စည်းကမ်းအသစ်များကို ပညာရှင်များက New Normal ဟု နာမည်တပ်လာကြသည်။ ဆိုလိုရင်းမှာ ယခင်ပြုမူလုပ်ကိုင်နေသည့် လူမှုဆက်ဆံရေးဆိုင်ရာ အမူအကျင့်များနေရာ၌ နည်းလမ်းသစ်တစ်မျိုးဖြင့် အစားထိုးလုပ်ကိုင်စေခြင်းပင် ဖြစ်သည်။

ယခင်က တစ်ဦးနှင့်တစ်ဦး တွေ့ဆုံစဉ်နှုတ်ဆက်ရန်အတွက် လက်ကမ်းပေးချိန် ပြန်လည်လက်ဆွဲနှုတ်ဆက်ခြင်းမပြုလုပ်ပါက ရိုင်းပျသည်ဟူသော ယူဆချက်များ ပျောက်ကွယ်ကုန်သည်။ လက်ဆွဲနှုတ်ဆက်ခြင်း မပြုလုပ်ကြတော့။ အချင်းချင်းနှုတ်ဆက်သည့် ပုံစံသစ်တစ်မျိုး ပြောင်းလဲကျင့်သုံးလာခဲ့သည်။ ယခင်က လူတောထဲသွားချိန် နှာခေါင်းစည်းတပ်ထားသူများကို လူထူးလူဆန်း၊ တမင်တကာအပိုလုပ်သည်ဟု ပြောကြားခဲ့သည်။ ယခုအချိန်၌ နှာခေါင်းစည်းမတပ်သူများကို လူထူးလူဆန်းတစ်ဦး၊ ယဉ်ကျေးမှုမရှိသူတစ်ဦးဟု သတ်မှတ်လာကြသည်။ ပုံမှန်လုပ်နေကျ လူ့တန်ဖိုးနှင့် ကျင့်ဝတ်များ ပြောင်းလဲကုန်သည်။ ပုံစံအသစ်များ ထွက်ပေါ်လာသည်။ ယခင်က လုံခြုံရေးဆိုင်ရာ စစ်ဆေးရေးဂိတ်များ၌ မျက်နှာကို တစ်ခုခုနှင့် ကာကွယ်လာပါက လုံခြုံရေးအရ စစ်ဆေးရန်အတွက် မျက်နှာဖုံးကိုချွတ်ခိုင်းခဲ့သော်လည်း ယခုမူ တာဝန်ရှိသူများကိုယ်တိုင်က ဖြတ်သန်းသူများကို တမင်နှာခေါင်းစည်းတပ်ပြီးမှ ဖြတ်သန်းခြင်း လုပ်ဆောင်ခိုင်းနေရသည်။

New Normal ပုံစံတစ်ရပ်၏ ရှေ့ပြေး

နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းလိုင်းများ ရပ်နားထားခြင်းကြောင့် နိုင်ငံအစိုးရအချင်းချင်း၊ နိုင်ငံအတွင်းရှိ ဌာနအချင်းချင်းကြား မျက်နှာချင်းဆိုင် တွေ့ဆုံရန် အခက်အခဲများဖြစ်လာရာ ဆွေးနွေးမှုများ၊ နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခြင်းများ လုပ်ဆောင်ရန် အခက်အခဲများဖြစ်လာသည်။ သို့သော်ရပ်နားထား၍ မဖြစ်။ အွန်လိုင်းအစည်းအဝေးများ လုပ်ဆောင်လာကြသည်။ အွန်လိုင်းမှတစ်ဆင့် နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ရေး ပြင်ဆင်လာခဲ့ကြသည်။ ဥပမာအနေဖြင့် ဇွန်လအစောပိုင်းက အိန္ဒိယနှင့် ဩစတြေးလျနှစ်နိုင်ငံဝန်ကြီးချုပ်များအကြား စစ်ဘက်ဆိုင်ရာ အပြန်အလှန် ထောက်ပံ့ရေး သဘောတူညီချက်အပြင် အခြားသောအရေးကြီးသည့် သဘောတူစာချုပ်များကို အွန်လိုင်းထိပ်သီးဆွေးနွေးပွဲပြုလုပ်ပြီး လက်မှတ်ရေးထိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေသည်။ ၎င်းသည်ပင် နိုင်ငံအချင်းချင်းဆက်ဆံရေးနှင့် အစိုးရအဖွဲ့အစည်းများအကြားဆက်ဆံရေး၌ New Normal ပုံစံတစ်ရပ်၏ ရှေ့ပြေးဖြစ်လာသည်။

ကမ္ဘာပေါ်၌ ရှိသမျှသော သာမန်လူပုဂ္ဂိုလ်၊ အဟိတ်တိရစ္ဆာန်တို့သည် ကမ္ဘာဦးအစကတည်းက စိုးရိမ်စိတ်များဖြင့် ရှင်သန်လာခဲ့သူများဖြစ်ကြသည်။ စားစရာမရှိမှာ စိုးရိမ်ကြသည်။ နေစရာမရှိမှာစိုးရိမ်ကြသည်။ ချစ်ခင်မယ်သူမရှိမှာ စိုးရိမ်ကြသည်။ သေမှာစိုးရိမ်ကြသည်။ ဆင်းရဲမှာစိုးရိမ်ကြသည်။ ရပြီးသားစည်းစိမ်များဆုံးရှုံးသွားမှာ စိုးရိမ်ကြသည်။ မိမိပိုင်ဆိုင်မှုများ သူတစ်ပါးလုယူသွားမှာ စိုးရိမ်ကြသည်။ မိမိတို့ပိုင်နက်နယ်မြေအတွင်း တိုင်းတစ်ပါးသားတို့ ကျူးကျော်ဝင်ရောက်လာမည်ကို စိုးရိမ်ကြသည်။

တရိပ်ရိပ်တက်လာ

ယခုလည်း ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် လူသားများ၏ စိုးရိမ်မှုများ ပိုမိုကြီးထွားခဲ့ရသည်။ ကပ်ရောဂါကြီးသည် စတင်ဖြစ်ပွားကတည်းက လက်ရှိအချိန်အထိ လပေါင်းများစွာတိုင်အောင် သတင်းစာများ၊ ဂျာနယ်များ၊ ရေဒီယိုများ၊ တီဗွီသတင်း channel များနှင့် ဆိုရှယ်မီဒီယာများပေါ်၌ နေရာယူကြီးစိုးထားသည်။ အဆိုပါအရာများသည် လူသားများနှင့် နေ့စဉ်နီးပါးထိတွေ့နေသည့် အရာများဖြစ်ရာ နေ့စဉ်လူအများအပြားသေဆုံးနေသည်နှင့်အမျှ လူတို့၏စိုးရိမ်စိတ်မှာလည်း တရိပ်ရိပ်တက်လာနေခဲ့သည်။

လူ့စိတ်သဘောသဘာဝအရ စိုးရိမ်စိတ်သည် ရန်လိုသောစိတ်အဖြစ်သို့ ပြောင်းလဲရန် လွယ်ကူမှုရှိသည်။ ရောဂါကူးစက်ခံရသောသူများ သို့မဟုတ် စောင့်ကြည့်ခံရသောသူများကို လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ခြင်းနှင့် မိမိကို အကူးမခံရအောင် သတိဖြင့် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည့်အစား ရာဇဝတ်သားတစ်ဦးလို သတ်မှတ်ဆက်ဆံလာကြတော့သည်။ လူတို့၏အကြောက်တရားမှာ လုပ်ကြံသတင်းများ အရှိန်အဟုန်မြင့်ပျံ့နှံ့လာသည်နှင့်အမျှ လိုတာထက် ပိုမိုပြင်းထန်လာခဲ့သည်။ လက်ရှိကပ်ရောဂါကြီးကြောင့် လူများသေဆုံးနေကြသည့်ပုံများ၊ လူနာများ၌ အသက်ရှူအထောက်အကူပစ္စည်းတပ်ထားသည့်ပုံများ လူမှုမီဒီယာများ၌ အလျှံအပယ် ပေါ်ထွက်လာခဲ့ရာ ချောင်းမဆိုး၊ နှာမချေရဲလောက်အောင် ကြောက်လာကုန်ကြသည်။ ထို့အပြင် အဆိုပါကပ်ရောဂါကြီးကြောင့် စားသောက်ကုန်လုပ်ငန်းများ ရပ်ဆိုင်းကုန်မည်စိုးသဖြင့် ကုန်တိုက်ကြီးများ၌ အလုအယက် ဈေးဝယ်ကြသည့် သတင်းများမှာလည်း လူသားများ၏ အစားအစာလုံခြုံရေးအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုများဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် စိုးရိမ်ထိတ်လန့်မှုများ လွန်ကဲလာပြီး အပြိုင်အဆိုင်ဝယ်ယူကြရာ ပစ္စည်းပြတ်လပ်မှုများ ဖြစ်ကုန်သည်။

စိတ်ပိုင်းဆိုင်ရာပညာရှင်များ၏ လေ့လာတွေ့ရှိမှုများအရ လက်နက်ကြီးကျည်များ အဆက်မပြတ်ကျရောက်ပေါက်ကွဲနေသောနေရာအနီး နေထိုင်သောသူများသည် ကြောက်လန့်စိုးရိမ်စိတ်များပြင်းထန်လာလေ့ရှိပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရနိုင်သည်ဟုဆိုကြသည်။ သို့သော် တစ်စုံတစ်ခု၏ ခြိမ်းခြောက်မှုအောက်ကျရောက်နေသောသူသည် တစိမ့်စိမ့်တွေးပြီးကြောက်ရွံ့လျက်ရှိရာ ၎င်း၏ စိတ်၌လက်နက်ကြီးပေါက်ကွဲမှုဒဏ်ခံရသည့်သူထက် ပိုမိုဆိုးရွားသော အတွင်းစိတ်ဒဏ်ရာ ရသွားလေ့ရှိသည်ဟု ဆိုသည်။

> **New Normal ပုံစံသည် ကူးစက်ကပ်ရောဂါ ပျောက်ကင်းနိုင်မှု အတိုင်းအတာပေါ်မူတည်ပြီး ကာလရှည်ကြာ ဆက်လက်တည်ရှိနေမည် ဖြစ်သည်။ ကူးစက်ကပ်ရောဂါကြီးအပေါ် လူသားများ၏ စိုးရိမ်ပူပန်မှုမှာလည်း အချိန်တော်တော်ကြာမြင့်သည်အထိ အမြစ်တွယ်နေလိမ့်မည် ဖြစ်သည်။ လူသားများနှင့် အဆိုပါလူမှုဆက်ဆံရေးပုံစံသစ်သည် ပဋိပက္ခအနည်းငယ် ဖြစ်လာနိုင်သည်။ သို့သော်လည်း ခေတ်ကာလ၏တောင်းဆိုချက်၊ လူအချင်းချင်း ကူးစက်တတ်သော ကပ်ရောဂါကြီး၏ တိုက်တွန်းချက်ကြောင့် မဖြစ်မနေ ကျင့်သုံးရမည့် ပုံစံများအဖြစ် ခိုင်ခိုင်မာမာထွက်ပေါ်လာမည်ဖြစ်သည်။**

ဆက်လက်ကိန်းအောင်းနေနိုင်ဖွယ်

လူသားတို့သည် သမိုင်းမတင်မီခေတ်ကတည်းကပင် အုပ်စုလိုက်ရွှေ့ပြောင်းနေထိုင်သော အလေ့အထရှိကြသည်။ တစ်စုံတစ်ယောက်တည်း သီးခြားခွဲနေပါက လူထူးလူဆန်း သဖွယ်သတ်မှတ်လေ့ရှိကြသည်။ သို့သော်လည်း လက်ရှိကပ်ရောဂါကြီးက အုပ်စုဖွဲ့နေတတ်သော လူသားတို့ကို သီးခြားစီခွဲခြားနေထိုင်ရန် တောင်းဆိုလာခဲ့ကြသည်။ လူသားတစ်ဦးနှင့်တစ်ဦးအကြား မယုံကြည်မှုများ၊ သံသယများ တိုးပွားလာစေရေး လုပ်ဆောင်လျက်ရှိသည်။ အဆိုပါ ကပ်ရောဂါကြီးပျောက်ကင်းသွားသည့်တိုင် လူသားများ၏ စိတ်ထဲတွင် သူစိမ်းဆန်ဆန်နေထိုင်ရေးသည် မိမိကျန်းမာရေးအတွက် လုံခြုံစိတ်ချရသည်ဟူသော အယူဝါဒများ ဆက်လက်ကိန်းအောင်းနေနိုင်ဖွယ်ရှိသည်။

New Normal ပုံစံအသစ်များ ထပ်မံထွက်ပေါ်

ထို့အပြင် ကပ်ရောဂါကြီးသည် လူသားတို့၏ ဘာသာရေးဆိုင်ရာ ယုံကြည်သက်ဝင်မှုများ၊ ယဉ်ကျေးမှုထုံးတမ်းဓလေ့များကိုလည်း ဒုက္ခဝင်ပေးသွားသည်။ နှစ်စဉ်နှစ်တိုင်း မဖြစ်မနေပြုလုပ်ရမည့် (ယုံကြည်မှုအရ အဆိုပါပွဲတော် မပြုလုပ်ပါက အမှားအယွင်းတစ်ခုခု ဖြစ်နိုင်သည်ဟု ယူဆထားသော) ဘုရားပွဲများ၊ ဘာသာရေးဝတ်ပြုဆုတောင်းပွဲများ အကုန်ရပ်နားထားရသည်။ ဘာသာရေးပွဲတော်များ၊ ရှိခိုးဆုတောင်းပွဲများ ပုံစံအသစ်ဖြင့် ထွက်ပေါ်လာခဲ့သည်။ လူပေါင်းများစွာပါဝင်ဆင်နွှဲသော ဘာသာရေးပွဲတော်များသည် ကူးစက်ရောဂါ၏ ဗဟိုချက်တစ်ခုဖြစ်လာနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာဘာသာရေး ပွဲတော်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအတွက် New Normal ပုံစံအသစ်များ ထပ်မံထွက်ပေါ်လာမည် ဖြစ်သည်။

New Normal ပုံစံများ လိုက်နာကျင့်သုံးမှုနှင့်အတူ အွန်လိုင်းအသုံးပြုမှုများ ပိုမိုမြင့်တက်လာခဲ့သည်။ ယခင်ရုံးခန်းသို့သွားအလုပ်လုပ်နေရာမှ နေအိမ်မှနေပြီး အွန်လိုင်းဖြင့် အလုပ်လုပ်သူများ ဆက်လက်ရှိနေနိုင်သည်။ နေအိမ်မှ ပညာသင်ကြားသူများအတွက် ပိုမိုကောင်းမွန်သော အင်တာနက်ဆက်သွယ်ရေး လိုအပ်လာသည်။ လူသားတို့သည် အနားယူအပန်းဖြေမှုအတွက် ရုပ်ရှင်ကြည့်ရှုခြင်းလုပ်ဆောင်လေ့ရှိရာ ရုပ်ရှင်ရုံများ ပိတ်ထားသဖြင့် အိမ်တွင်း၌ပင် အင်တာနက်မှတစ်ဆင့် ရုပ်ရှင်ကြည့်လာကြသည်။ နောက်ပိုင်း ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်သည့်တိုင် ကူးစက်ရောဂါကို ကြောက်ရွံ့သည့် အခံရှိသဖြင့် အိမ်၌ပင် ရုပ်ရှင်ကြည့်ခြင်းများ ဆက်လုပ်လာနိုင်သည်။ ၎င်းသည်ပင် လူသားများ အပန်းဖြေမှုအတွက် New Normal ပုံစံသစ်တစ်မျိုး ထွက်ပေါ်လာခြင်းပင် ဖြစ်သည်။

New Normal ပုံစံသည် ကူးစက်ကပ်ရောဂါ ပျောက်ကင်းနိုင်မှု အတိုင်းအတာပေါ်မူတည်ပြီး ကာလရှည်ကြာ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ကူးစက်ကပ်ရောဂါကြီးအပေါ် လူသားများ၏ စိုးရိမ်ပူပန်မှုမှာလည်း အချိန်တော်တော်ကြာမြင့်သည်အထိ အမြစ်တွယ်နေလိမ့်မည်ဖြစ်သည်။ လူသားများနှင့် အဆိုပါ လူမှုဆက်ဆံရေးပုံစံသစ်သည် ပဋိပက္ခအနည်းငယ် ဖြစ်လာနိုင်သည်။ သို့သော်လည်း ခေတ်ကာလ၏ တောင်းဆိုချက်၊ လူအချင်းချင်း ကူးစက်တတ်သော ကပ်ရောဂါကြီး၏ တိုက်တွန်းချက်ကြောင့် မဖြစ်မနေ ကျင့်သုံးရမည့် ပုံစံများအဖြစ် ခိုင်ခိုင်မာမာထွက်ပေါ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အနေဖြင့်လည်း New Normal ပုံစံသစ်များ၌ လိုက်ပါစီးမျောနေရလိမ့်မည်ဖြစ်သည်။ ။

နမ္မတူမြို့နယ်၌ အခြေခံအိမ်ထောင်စုများအား အခြေခံစားသောက်ကုန်နှင့် နှာခေါင်းစည်းများ လှူဒါန်း

နမ္မတူ ဇွန် ၆

ကိုဗစ်- ၁၉ ရောဂါ ကာလအတွင်း အခြေခံအိမ်ထောင်စုများ အဆင်ပြေစေရန် နမ္မတူမြို့နယ် ကျေးရွာများရှိ အခြေခံအိမ်ထောင်စု ၄၈၀ အတွက် အခြေခံစားသောက်ကုန်နှင့် နှာခေါင်းစည်းများ ထောက်ပံ့ လှူဒါန်းခြင်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်၌ ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့လှူဒါန်းရာတွင် စိမ်းလမ်းဘဝလူမှုဖွံ့ဖြိုးရေးအသင်း (GLAD) အဖွဲ့မှ နမ္မတူမြို့နယ် ပန်လုံကျေးရွာရှိ အခြေခံအိမ်ထောင်စု ၁၃၅ စု၊ ပန်သပြေ (တ) ကျေးရွာရှိ အခြေခံအိမ်ထောင်စု ၅၉ စု၊ ပန်သပြေ (မ) ကျေးရွာရှိ အခြေခံ အိမ်ထောင်စု ၄၁ စု၊ နမ့်တောင်ကုန်း ကျေးရွာရှိ အခြေခံအိမ်ထောင်စု ၃၆ စု၊ နားကျဲကျေးရွာရှိ အခြေခံအိမ်ထောင်စု ၂၄ စု၊ မိုင်းမုကျေးရွာရှိ အခြေခံ အိမ်ထောင်စု ၈၂ စု၊ ကောင်းဟုန်းကျေးရွာရှိ အခြေခံအိမ်ထောင်စု ၂၉ စု၊ ဆန်ခါကျေးရွာရှိ အခြေခံအိမ်ထောင်စု ၄၄ စု၊ နားခိုလျံကျေးရွာရှိ အခြေခံ အိမ်ထောင်စု ၂၀ တို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ၁၆ ပြည်၊ ဟင်းသီးဟင်းရွက်ဆီ ၆၅ ကျပ်သားဘူး နှစ်ဘူး၊ ဆား ၅၀ ကျပ်သား၊ ကြက်သွန်နီ ၂ ပိဿာ၊ ကုလားပဲ ၂ ပိဿာ နှင့် နှာခေါင်းစည်းနှစ်ခု စုစုပေါင်း အိမ်ထောင်စု ၄၈၀ အတွက် ဆန် ၇၆၈၀ ပြည်၊ ဆီ ၆၅ ကျပ်သားဘူး ၉၆၀၊ ဆား ပိဿာ ၂၄၀၊ ကြက်သွန်နီ ပိဿာ ၉၆၀၊ ကုလားပဲ ပိဿာ ၉၆၀ နှင့် နှာခေါင်းစည်း အခု ၁၀၀၀ တို့အား ကျေးရွာများရှိ အခြေခံအိမ်ထောင်စုများ လက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းခဲ့သည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် နမ္မတူမြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးအဖွဲ့တို့က ပါဝင်ကူညီဆောင်ရွက်ကာ အဝတ်နှာခေါင်းစည်း အခု ၃၅၀၊ အသိပညာပေး လက်ကမ်းစာစောင် ၃၀၀ နှင့် လက်ဆေးဆပ်ပြာခဲ ၃၀၀ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

ဇွန် ၆ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ လေးဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၀ ရှိသွားပြီ

နေပြည်တော် ဇွန် ၆

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ လေးဦးရှိပြီး ၎င်းတို့အားလုံးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၀ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၄၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၅၆ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၃၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၃၅၄၃၂	၂၄၀

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၁၅၆	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၂၀၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၃၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၁၈၇	၅
၂	ချင်း	၁၀	
၃	စစ်ကိုင်း	၉	
၄	ပဲခူး	၈	၁
၅	မန္တလေး	၃	
၆	ရှမ်း(ရှေ့)	၃	
၇	ရှမ်း(တောင်)	၃	
၈	ရှမ်း(မြောက်)	၃	
၉	ရခိုင်	၃	
၁၀	နေပြည်တော်	၂	
၁၁	ကရင်	၂	
၁၂	မကွေး	၂	
၁၃	ဧရာဝတီ	၂	
၁၄	ကချင်	၁	
၁၅	တနင်္သာရီ	၁	
၁၆	မွန်	၁	
	စုစုပေါင်း	၂၄၀	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၆-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၁၉၆၇၃၄၃	၇၃၈၇၂၉	၁၁၁၄၁၂
ဘရာဇီး	၆၄၆၀၀၆	၃၀၂၀၈၄	၃၅၀၄၇
ရုရှား	၄၅၈၆၈၉	၂၂၁၃၈၈	၅၇၂၅
စပိန်	၂၈၈၀၅၈	စိစစ်ဆဲ	၂၇၁၃၄
ဗြိတိန်	၂၈၄၈၆၈	စိစစ်ဆဲ	၄၀၄၆၅
အိန္ဒိယ	၂၃၉၆၄၄	၁၁၄၀၇၃	၆၆၇၂
အီတလီ	၂၃၄၅၃၁	၁၆၃၇၈၁	၃၃၇၇၄
ပီရူး	၁၈၇၄၀၀	၇၉၂၁၄	၅၁၆၂
ဂျာမနီ	၁၈၅၄၁၄	၁၆၈၉၀၀	၈၇၆၃
အီရန်	၁၆၉၄၂၅	၁၃၂၀၃၈	၈၂၀၉

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
စင်ကာပူ	၃၇၅၂၇	၂၄၂၀၉	၂၄
အင်ဒိုနီးရှား	၃၀၅၁၄	၉၉၀၇	၁၈၀၁
ဖိလစ်ပိုင်	၂၁၃၄၀	၄၄၄၁	၉၉၄
မလေးရှား	၈၃၀၃	၆၆၃၅	၁၁၇
ထိုင်း	၃၁၀၄	၂၉၇၁	၅၈
ဗီယက်နမ်	၃၂၉	၃၀၇	၀
မြန်မာ	၂၄၀	၁၅၆	၆
ဘရူနိုင်း	၁၄၁	၁၃၈	၂
ကမ္ဘောဒီးယား	၁၂၅	၁၂၃	၀
လာအို	၁၉	၁၈	၀

ကိုဗစ်-၁၉ရောဂါကာလ စစ်မှုထမ်းဟောင်းမိသားစုဝင်များအား အခြေခံစားသောက်ကုန်လေးမျိုး ထောက်ပံ့

မိုးနဲ ဇွန် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ကိုဗစ်-၁၉ ရောဂါကာလ အခြေခံစားသောက်ကုန်လေးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၈ နာရီခွဲက နမ့်မော်ဆွမ့်ကျေးရွာအုပ်စု အောင်သပြေကျေးရွာရှိ စစ်မှုထမ်းဟောင်းရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့ အမြောက်တပ်ရင်း တပ်နယ်မှူးဗိုလ်မှူး ဟန်ဝင်းအောင်က အခြေခံစားသောက်ကုန်များ ထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စစ်မှုထမ်းဟောင်း မိသားစုဝင် ၃၁၈ ဦးအတွက် တစ်ဦးလျှင် ဆန် (၈)ပြည်၊ ဆီ (၆၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကုလားပဲ (၁)ပိဿာတို့ကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဉာဏ်ထွန်းဝင်း(ငြိမ်း)နှင့်အဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စစ်မှုထမ်းဟောင်းမိသားစုဝင်များအား ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

မြို့နယ်သဘင်အစည်းအရုံးဝင်များအား ဒုတိယအကြိမ် ကူညီထောက်ပံ့

စေတုတ္တရာ ဇွန် ၆

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ မြို့နယ်သဘင်အစည်းအရုံးနှင့် CB-KMA ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ မြို့နယ်သဘင်အစည်းအရုံးဝင်များအား ကိုဗစ်-၁၉ ရောဂါကြောင့် စားဝတ်နေရေးတစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန် ရည်ရွယ်၍ ဆန် ရှစ်ပြည်ဝင် ၁၂ အိတ်ကို ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

အဆိုပါ ကူညီထောက်ပံ့မှုနှင့်ပတ်သက်၍ မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးမိုးတင်က " ယခု ထောက်ပံ့တာကတော့ သဘင်အစည်းအရုံးဝင် ၁၂ ဦးကို ဒုတိယအကြိမ်မြောက် ကူညီထောက်ပံ့ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

စေတုတ္တရာမြို့နယ်တွင် မြို့နယ်သဘင်အစည်းအရုံးဝင်ကတ် ပြုလုပ်ထားသော အစည်းအရုံးဝင် စုစုပေါင်း ၂၇ ဦးရှိပြီး ဆက်လက်ထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေးပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့်အတူ နေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လှိုင်သာယာမြို့နယ်ရှိ ကျန်စစ်မင်းအိမ်ရာနှင့် တော်ဝင်နှင်းဆီအိမ်ရာတို့၌ ငှားရမ်းနေထိုင်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

ရန်ကုန် ဇွန် ၆
ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ပြည်သူများ အဆင်ပြေစေရန်အတွက် စေတနာရှင်များက ယနေ့ညနေပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ကျန်စစ်မင်းအိမ်ရာနှင့် တော်ဝင်နှင်းဆီအိမ်ရာတို့၌ ငှားရမ်းနေထိုင်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့သည်။

ထောက်ပံ့မှုနှင့်ပတ်သက်၍ အလှူရှင်တစ်ဦးဖြစ်သူ ပြည့်စုံအောင်နိုင်ကုမ္ပဏီမှ ဦးသိန်းထွန်းက "အခုလိုကာလမှာ ဒီအိမ်ရာတွေမှာ ငှားရမ်းနေထိုင်ကြတဲ့ အခြေခံလူတန်းစားတွေ အဆင်ပြေစေဖို့ တစ်ဖက်တစ်လမ်းက ကူညီထောက်ပံ့တာပါ။ ပြီးခဲ့တဲ့လပိုင်းတွေမှာလည်း အခုလို ထောက်ပံ့မှုတွေလုပ်ခဲ့ပါတယ်"ဟု ပြောသည်။

အဆိုပါ အစီအစဉ်ကို ပြည့်စုံအောင်နိုင်ကုမ္ပဏီက ပြုလုပ်ခြင်းဖြစ်ပြီး ထောက်ပံ့မှုအနေဖြင့် ကျန်စစ်မင်းအိမ်ရာတွင် ငှားရမ်းနေထိုင်သော အိမ်ထောင်စု ၁၈၀ နှင့် တော်ဝင်နှင်းဆီအိမ်ရာတွင် ငှားရမ်းနေထိုင်သော အိမ်ထောင်စု ၆၀ စုစုပေါင်း အိမ်ထောင်စု ၂၄၀ တို့အား အိမ်ထောင်စုတစ်စုလျှင် ဆန် ၁၂ ပြည်နှင့် ကြက်ဥအလုံး ၃၀ ပါ တစ်ကတ်တို့ကို ထောက်ပံ့ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆန်မလိုအပ်သော မိသားစုများအား ဆန် ၁၂ ပြည်အစား ငွေကျပ်နှစ်သောင်းကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ကော့သောင်းမြို့ ခရိုင်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

ကော့သောင်း ဇွန် ၆
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မော်ကင်း(ဆလုံ) တိုင်းရင်းသားများနှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်မှုအခြေအနေများ၊ ပြည်ပနိုင်ငံမှ ပြန်လာသော မြန်မာနိုင်ငံသားများအား ကန့်သတ်စောင့်ကြည့်ထားရှိမှုအခြေအနေများ၊ မော်ကင်း(ဆလုံ) တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ထောက်ပံ့ပေးအပ်သည်။ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလုကာက ဆလုံတိုင်းရင်းသားများသို့ စားသုံးဆန်များ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကာ ကော့သောင်းမြို့ Grand Andaman ဟိုတယ်ပိုင်ရှင်ဦးကျော်လွင်က ထားဝယ်၊ မြိတ်၊ ကော့သောင်း သုံးခရိုင်အတွက် နှာခေါင်းစည်းအခု ၆၀၀၊ ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ လက်သန့်ဆေးရည်ဂါလန် ၁၅၀ အား လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

○ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ

ရန်ကုန်တိုင်းဒေသကြီးမှတစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး၊ ကချင်ပြည်နယ်မှ တစ်ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ သုံးဦးနှင့် နေပြည်တော်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူများမှာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၅၆၄၃ ဦးနှင့် အမျိုးသမီး ၄၂၁၉ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၉၈၆၂ ဦးတို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ တောင်ရိုး၊ မုန်းဝန်း၊ ယင်းနက် တိုင်းရင်းသားများအား စားနပ်ရိက္ခာများ ဆက်လက်လှူဒါန်း

တောင်ကြီး ဇွန် ၆
ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးစိုးညွန့်လွင်၊ ဦးခွန်ရဲထွေး၊ ဦးစိုင်းရှုန်တစ်လုံ၊ ဦးစိုင်းစွံဆိုင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်မြို့နယ် ပင်လုံမြို့၊ နမ့်စန်မြို့နယ် ခိုလမ်မြို့နှင့် ကွန်ဟိန်းမြို့နယ်တို့သို့ သွားရောက်၍ ဒေသနေ ရှမ်း၊ တောင်ရိုး၊ မုန်းဝန်း၊ ယင်းနက်နှင့် ပအိုဝ်းတိုင်းရင်းသားပြည်သူများအား စားနပ်ရိက္ခာများ ဆက်လက်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ရှမ်းပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပင်လုံမြို့နယ် ကျူရုံးကျေးရွာသို့ ရောက်ရှိပြီး ယင်းနက်တိုင်းရင်းသား အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း၊ ပင်လုံမြို့ ရှမ်းပိဋကတ်ကျောင်းတိုက်သို့ ရောက်ရှိကာ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း မိုင်းပန်မြို့ ပန်ပိုဘုန်းတော်ကြီးကျောင်း ပြုပြင်တည်ဆောက်ရန်အတွက် ဘိလပ်မြေအိတ် ၂၀၀၀ ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နောင်ကွတ်ကျောင်းတိုက်သို့သွားရောက်ကာ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး

ပင်လုံ၊ ကျေးသီး၊ မိုင်းကိုင်၊ လဲချား၊ မိုင်းရှူးနှင့် မိုင်းနောင်မြို့နယ်များမှ ရှမ်း၊ တောင်ရိုး၊ မုန်းဝန်းနှင့် ပအိုဝ်း၊ ယင်းနက်တိုင်းရင်းသား အခြေခံပြည်သူများအတွက် စားနပ်ရိက္ခာထုပ် ၅၂၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီအားလည်းကောင်း၊ လွိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက်သို့ ရောက်ရှိပြီး ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် နမ့်စန်မြို့ သုခိတာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်အတွက် ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်း၍ နမ့်စန်မြို့ရှိ ရှမ်း၊ ပအိုဝ်း၊ ဗမာနှင့် ယင်းနက်တိုင်းရင်းသား အခြေခံပြည်သူများအား လည်းကောင်း၊ တာဆန်းကျေးရွာရှိ ယင်းနက်တိုင်းရင်းသား အခြေခံပြည်သူများအားလည်းကောင်း ရိက္ခာထုပ် ၈၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့လှူဒါန်း

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ခိုလမ်မြို့သို့ရောက်ရှိပြီး ကမ္ဘောဇဘဏ်လီမိတက်မှ ငွေကျပ်သိန်းပေါင်း ၄၃၀၀၀ အကုန်အကျခံလှူဒါန်းခဲ့သည့် ခိုလမ်မြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် မိသားစုများ၊ ဆေးရုံတက်လူနာများအား စားနပ်ရိက္ခာထုပ် ၂၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီ ထောက်ပံ့လှူဒါန်းပေးအပ်သည်။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်မှ မတည်ငွေကျပ်သိန်း ၁၀၀၀၀ ကျော်နှင့် အများပြည်သူလှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံ နေထိုင်ရာဒေသများသို့လည်းကောင်း၊ စစ်ဘေးရှောင်စခန်းများသို့လည်းကောင်း၊ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား စောင့်ကြည့်ရေးစခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများအား နေရာအရောက် ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် ဇွန် ၆
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ပျိုးခြင်းဖြင့် တောင်သူဘဝတိုးတက်အောင် ဆောင်ရွက်ကြပါစို့

ယခုနှစ် မုတ်သုံအဝင်နောက်ကျမှုနှင့်အတူ မိုးရွာချိန်နည်းပါးနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်များက ခန့်မှန်းထားကြပြီး တောင်သူများအနေဖြင့် သမားရိုးကျစိုက်ပျိုးနည်းစနစ်မှ စိုက်ပျိုးနည်းစနစ်မှန် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

ထက်လျှို

အဆိုပါပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ တောင်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စပါးစိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များနှင့် ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -

မေး။ စပါးစိုက်ပျိုးနည်းစနစ် ဘယ်နှမျိုးရှိပါသလဲ။

ဖြေ။ ဒေသအလိုက် စပါးစိုက်ပျိုးနည်းစနစ်တွေ အများကြီးရှိပါတယ်။ စိုက်ပျိုးနည်းစနစ် အုပ်စုအနေနဲ့ အဓိက အုပ်စုနှစ်ခုရှိပါတယ်။ တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းနဲ့ ပျိုးထောင်စိုက်ပျိုးနည်းတို့ဖြစ်ပါတယ်။ တိုက်ရိုက်စိုက်ပျိုးနည်းအဖြစ် လက်ရှိအသုံးပြုနေတာတွေက တိုက်ရိုက်မျိုးစေ့ချ အစိုစိုက်ပျိုးနည်း၊ တိုက်ရိုက်မျိုးစေ့ချ အခြောက်စိုက်ပျိုးနည်း၊ မျိုးစေ့ချ ကိရိယာနဲ့ စိုက်ပျိုးနည်း၊ စက်ဖြင့် ကြဲပက်စိုက်ပျိုးနည်း၊ လက်ဖြင့် ကြဲပက်စိုက်ပျိုးနည်းနဲ့ တောင်ယာစိုက်ပျိုးနည်းတွေ ဖြစ်ပါတယ်။ ပျိုးထောင်စိုက်ပျိုးနည်းအဖြစ် လက်ရှိအသုံးပြုနေတဲ့ မိရိုးဖလာပျိုးထောင်စိုက်ပျိုးနည်း၊ ပေါင်ဖြင့်ပျိုး၍ စိုက်ပျိုးနည်း၊ ပျိုးသက်နုကောက်ကွက်ကြဲ(SRI) စိုက်ပျိုးနည်း၊ ပျိုးဖျာလိပ်ပျိုးထောင်စိုက်ပျိုးနည်း၊ စူးထိုးစိုက်ပျိုးနည်းနဲ့ ပျိုးဗန်းနှင့်ပျိုးထောင်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းတို့ဖြစ်ပါတယ်။

မေး။ စိုက်ပျိုးနည်းတွေ အမျိုးမျိုးကွဲပြားနေမှုကို ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ နေရာဒေသအလိုက် ရေ၊ မြေ၊ ရာသီဥတုကွာခြားမှုတွေ၊ လုပ်သားအင်အား ရရှိနိုင်မှုတွေနဲ့ မိမိထုတ်လုပ်တဲ့ စပါးအမျိုးအစားတွေကို စိုက်ထုတ်သုံးစွဲနိုင်တဲ့ ကုန်ကျစရိတ်စတာတွေကို အခြေပြုပြီး ကွဲပြားကြခြင်းဖြစ်ပါတယ်။ ယခုလို ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်နဲ့အညီ မိမိတို့ဒေသနဲ့ သင့်လျော်တဲ့ စိုက်ပျိုးနည်းတွေကို ပြောင်းလဲစိုက်ပျိုးနိုင်ဖို့ သတင်းစာတွေ၊ မြန်မာ့ရုပ်မြင်သံကြားနဲ့ လူမှုကွန်ရက်တွေကတစ်ဆင့် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပညာပေးတင်ပြနေပါတယ်။

နိုင်ငံတကာ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း တစ်ခုဖြစ်တဲ့ TEFY SAINA ရဲ့ "စပါးကို အထွက်တိုးစေဖို့ထက် မိမိတို့ရဲ့ အသိဉာဏ်ပညာကို တိုးတက်အောင်ဆောင်ရွက်ပါ" ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အားလုံးတက်ညီလက်ညီနဲ့ တစ်စိတ်တစ်ဝမ်းတည်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

မေး။ မြန်မာနိုင်ငံရဲ့ ဘယ်ဒေသတွေမှာ ဘယ်လိုစိုက်ပျိုးနည်းတွေကို အသုံးပြုရင် အဆင်ပြေနိုင်မယ်ဆိုတာကို ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ ဘယ်ဒေသတွေမှာ ဘယ်လိုစိုက်ပျိုးနည်းကို သုံးသင့်တယ်ဆိုတာထက် ဘယ်လို အခြေအနေတွေမှာ ဘယ်လိုစိုက်ပျိုးနည်းတွေသုံးမယ်၊ ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတဲ့အကြောင်းကို ဆွေးနွေးပြောကြားချင်ပါတယ်။

ဦးဆုံးအနေနဲ့ ယခုနှစ်လို မုတ်သုံလေဝင်ရောက်မှုနောက်ကျပြီး မိုးရွာနည်းနိုင်တဲ့ အခြေအနေမှာ စိုက်ပျိုးရေကို ချွေတာသုံးစွဲနိုင်တဲ့ နည်းတွေအကြောင်းဖြစ်ပါတယ်။ ဒီနည်းတွေက ပျိုးသက်နုကောက်ကွက်ကြဲ(SRI)စနစ်၊ တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ် (အခြောက် /အစို)၊ Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်နဲ့ ကြဲခင်းစနစ်တို့ဖြစ်ပါတယ်။ စိုက်ပျိုးနည်းစနစ်အကြောင်းတွေကို သတင်းစာတွေကနေတစ်ဆင့် ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဆက်ပြီး ပြောပြချင်တာက စိုက်ပျိုးနည်းစနစ်တစ်ခုချင်းစီရဲ့ အားသာချက်၊ အားနည်းချက်တွေနဲ့ ဆောင်ရန်၊ ရှောင်ရန် ကိစ္စရပ်တွေကို ရှင်းပြလိုပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း

ပထမဦးဆုံးအနေနဲ့ ပျိုးသက်နုကောက်ကွက်ကြဲစနစ် (SRI)က လက်တွေ့စနစ်တကျ ဆောင်ရွက်နိုင်မယ်ဆိုရင် အကောင်းဆုံးတွေထဲက နည်းတစ်ခုလို့ ပြောနိုင်ပါတယ်။ ဒီနည်းရဲ့ အဓိကအားနည်းချက်က လယ်ယာလုပ်သားအခက်အခဲပါ။ အဓိက ကောက်စိုက်လုပ်သားရရှိနိုင်မှုနဲ့ ပေါင်းထိုးတဲ့ လုပ်သားရရှိနိုင်မှုတွေအပေါ် မူတည်ပါတယ်။ ဒါတွေ ပြည့်စုံအောင် စနစ်တကျစီမံနိုင်မယ်ဆိုရင် အားသာချက်အတော်များတဲ့ စိုက်ပျိုးနည်းတစ်ခု ဖြစ်ပါတယ်။

အားသာချက်တွေက အလွယ်တကူ ပျိုးထောင်နိုင်တယ်။ ပျိုးထောင်စရိတ်ကုန်ကျမှု နည်းတယ်။ မျိုးဖိုးကုန်ကျမှု မရှိသလောက်ပဲ။ မျိုးကတစ်ဧက နို့ဆီဘူး ၁၀ ဘူးပဲကုန်လို့ဖြစ်ပါတယ်။ ရေရှည်စိုက်ပျိုးမယ်ဆိုရင် ဒီစိုက်ပျိုးနည်းကြောင့် မြေဆီဩဇာ ပိုမိုဖြစ်ထွန်းစေပါတယ်။ စပါးပင်တွေ သန်စွမ်းလို့ ရာသီဥတုဒဏ်ပိုခံနိုင်တဲ့အပြင် ပိုးမွှားရောဂါကျရောက်မှု လျော့နည်းပါတယ်။ ဒ့ါအပြင် စပါးနှံရဲ့အလေးချိန်ပိုစီးပြီး အကျိုးအကြေနည်းတာတွေက ဒီစိုက်နည်းရဲ့ အားသာချက်ဖြစ်ပါတယ်။ ဒါတွေအပြင် စိုက်ပျိုးချိန်မှာ အသုံးပြုရတဲ့ ရေကလည်း မိရိုးဖလာနည်းထက် တစ်ဝက်ခန့်လျော့ကျတာမို့ ရေကိုလည်း ချွေတာနိုင်ပါတယ်။

ဒီစိုက်ပျိုးနည်းအပြင် ရေသုံးစွဲမှုကို လျှော့ချနိုင်ပြီး လုပ်သားအခက်အခဲရှိတဲ့ဒေသတွေမှာ စိုက်ပျိုးနိုင်တဲ့ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းဖြစ်တဲ့ အခြောက်နဲ့အစိုစိုက်ပျိုးနည်းတွေ အကြောင်းကို ပြောလိုပါတယ်။

မေး။ ဒီစိုက်ပျိုးနည်းနှစ်ခုက ဘယ်လိုကွာခြားတယ်ဆိုတာကို ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ မြေပြုပြင်တဲ့အပေါ်မှာ မူတည်ပြီး ကွာခြားတာဖြစ်ပါတယ်။ စိုက်ခင်းမြေကို အခြောက်ထယ်ထိုးထွန်မွှေပြီး အခြောက်မျိုးစေ့ချစိုက်ပျိုးရင် အခြောက်စိုက်ပျိုးနည်းလို့ခေါ်ပြီး အစိုတမန်းပြင်ပေါ်မှာ စပါးမျိုးစေ့ကို မျိုးညှောက်ဖောက်ပြီး မျိုးစေ့ချစိုက်ပျိုးမယ်ဆိုရင် အစိုစိုက်ပျိုးနည်းလို့ခေါ်ပါတယ်။

မေး။ ဒီလို စိုက်ပျိုးနည်းတွေကို ဘယ်လိုအခြေအနေမျိုးမှာ စိုက်ပျိုးကြပါသလဲခင်ဗျာ။

ဖြေ။ ရေကြီးကွင်း၊ ရေနက်ကွင်းတွေမှာ ရေမဝင်မီ စိုက်ပျိုးချင်တယ်ဆိုရင် အခြောက်စိုက်ပျိုးနည်းကို သုံးကြပါတယ်။ ရေတော်မိုးတော်တွေမှာ စပါးစောစောပေါ်ဖို့နဲ့ ပျိုးထောင်ရေ အလုံအလောက်မရရှိခဲ့ဘူးဆိုရင် အစိုစိုက်ပျိုးနည်းကို အသုံးပြုကြပါတယ်။ ဒီနည်းတွေရဲ့ အားနည်းချက်တွေက စိုက်ပျိုးပြီးခါစ ကြက်ကောက်၊ ငှက်ကောက်ခံရတာတွေ၊ မျိုးစေ့ချပြီး မိုးသည်းထန်စွာရွာလို့ အပင်ပေါက်နှုန်း နည်းတာတွေ၊ ပေါက်ပုံ မညီညာတာတွေပဲ ဖြစ်ပါတယ်။

မေး။ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးတဲ့အခါ ပေါင်းပေါက်ရောက်မှုပိုမိုများတယ်လို့ သိရပါတယ်။ ပေါင်းအတွက် ဘယ်လိုကာကွယ်ရမလဲဆိုတာကိုလည်း သိလိုပါတယ်။

ဖြေ။ ပေါင်းပေါက်ရောက်မှုကို ကာကွယ်နိုင်တဲ့နည်းတွေအကြောင်းကို ပြောမယ်ဆိုရင် ပထမဆုံး မြေပြင်တဲ့အချိန်ကစပြီး ပြောရမှာဖြစ်ပါတယ်။ ထွန်ရေးနက်နက်၊ ထယ်ရေးညက်ညက် ဖြစ်ရပါမယ်။ တမန်းပြင်ကို ညီညာအောင်ဆောင်ရွက်ပြီး မျိုးစေ့မချမီ တမန်းပြင်ကို ရေပြောင်စင်အောင်ထုတ်၊ တမန်းအိပ်အောင် ထားပေးဖို့လိုပါတယ်။ စပါးအပင်ဖြစ်လာပြီး ပေါင်းနှိမ်နင်းနည်းတွေက လက်ပေါင်းလိုက်တဲ့ လုပ်ငန်းတွေ၊ အတန်းလိုက် မျိုးစေ့ချစိုက်ပျိုးထားတယ်ဆိုရင်လည်း ကြားပေါင်းလိုက် ကိရိယာကိုသုံးပြီးပေါင်းနှိမ်နင်းနိုင်ပါတယ်။

ဒီနေရာမှာ စပါးအပင်ပေါက် အားကောင်းတဲ့ လယ်ကွင်းတွေမှာ အတန်းလိုက် စိုက်ပျိုးမထားပေမယ့် ကြားပေါင်းလိုက်ကိရိယာကိုသုံးပြီး ပေါင်းပင်နဲ့ စပါးပင်တွေရောပြီး မြေကြီးအတွင်းမြှုပ်ကာ အကွက်ဖော်တဲ့နည်းကို အသုံးပြုနိုင်ပါတယ်။ နောက်တစ်နည်းက ပေါက်ရောက်တဲ့ ပေါင်းအမျိုးအစား အပေါ်မူတည်ပြီး မှတ်ပုံတင်ထားတဲ့၊ သင့်လျော်တဲ့ ပေါင်းသတ်ဆေးကို အသုံးပြုခြင်းဖြစ်ပါတယ်။

မေး။ ပိုးမွှားရောဂါကျရောက်မှုတွေနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။

ဖြေ။ တိုက်ရိုက်အစေ့ချနည်းစနစ်နဲ့ စိုက်တဲ့အခါမှာ အပင်အရေအတွက်များပါတယ်။ ဒီအတွက် ပိုးမွှားကျရောက်မှုကို ကြုံတွေ့ရနိုင်ပါတယ်။ ဒီစိုက်နည်းမှာ ပေါင်းပင်တွေများနိုင်တဲ့အတွက် လက်ခံပေါင်းပင်တွေပေါ်မှာ ပိုးမွှားတွေ ရှင်သန်နေတတ်ပါတယ်။ ပေါင်းပင်က အစာအာဟာရကို လုယူစားသုံးမှု ရှိတတ်ပါတယ်။ ဒါကြောင့် ပေါင်းနှိမ်နင်းတဲ့အလုပ်ကို မဖြစ်မနေလုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် ပိုးမွှားကင်းထောက်လုပ်ငန်းတွေကို လုပ်ရပါမယ်။ ဖျက်ပိုးနဲ့ မိတ်ဆွေပိုးခွဲခြားနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ အကူအညီနဲ့ စီးပွားရေးအရ ထိခိုက်မှု ရှိ၊ မရှိ စိစစ်ပြီး လိုအပ်ပါက ဆေးဖျန်းပေးရပါမယ်။ SRI နည်းမှာ အသုံးပြုတဲ့ တောင်သူတွေလက်ထဲ အလွယ်တကူရရှိနိုင်တဲ့ နွားသေး၊ နွားချေး၊ ထန်းလျက်နဲ့ ရေတို့ကိုအသုံးပြုပြီး ပိုးသတ်ဆေးဖျော်ရည်ပြုလုပ်သုံးစွဲနိုင်ပါတယ်။ ပင်ပိုင်းကြီးထွားစဉ်ကာလမှာ နှစ်ပတ်တစ်ကြိမ်လောက် ဖျန်းပေးနိုင်ပါတယ်။ ဘက်စုံ ပိုးမွှားကာကွယ်နှိမ်နင်းတဲ့စနစ်ကို အသုံးပြုခြင်းက အကောင်းဆုံးဖြစ်ပါတယ်။

မေး။ စိုက်ပြီးဖြစ်တဲ့စိုက်ခင်းကို ပြုစုပျိုးထောင်နိုင်တဲ့ နည်းတွေကို သိပါရစေခင်ဗျာ။

ဖြေ။ SRI စိုက်ပျိုးနည်းမှာ သတ်မှတ်တဲ့ရက်တွေအတိုင်း ရေသွင်း၊ ရေထုတ်လုပ်ပေးဖို့နဲ့ ပေါင်းလိုက်ကိရိယာကို အသုံးပြုပေးဖို့လိုအပ်ပါတယ်။ စပါးပင်ရဲ့အခြေအနေအရပ်ရပ်အလိုက် လိုအပ်တဲ့မြေဩဇာ အမျိုးအစားတွေကို ထည့်ပေးဖို့ လိုအပ်ပါတယ်။ တိုက်ရိုက်အစေ့ချစိုက်ပျိုးနည်းမှာ အထက်ပါကိစ္စရပ်တွေအပြင် ပေါင်းနဲ့ ပိုးမွှားအန္တရာယ်ကို အချိန်နဲ့အမျှ ဂရုပြုပြီး နှိမ်နင်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

မေး။ ရိတ်သိမ်းချိန် ဆောင်ရွက်သင့်တဲ့ကိစ္စရပ်တွေကို ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ရိတ်သိမ်းချိန်မှာ အထူးဂရုပြုသင့်တာက မိုးလေဝသအခြေအနေ ဖြစ်ပါတယ်။ ရိတ်သိမ်းတဲ့အချိန်က မိုးမရွာတဲ့အချိန်မဖြစ်ဖို့ အထူးဂရုပြုရပါမယ်။ မတော်လို့ ရိတ်သိမ်းချိန်မှာ မိုးမိပါက ရိတ်သိမ်းပြီးစပါးတွေကို ၂၄ နာရီအတွင်း အခြောက်ခံပေးဖို့ လိုအပ်ပါတယ်။ ဖြစ်နိုင်ရင် အခြောက်ခံစက်ကို အသုံးပြုရပါမယ်။ ရိတ်သိမ်းပြီး စပါးတွေကို အမိုးအကာအောက် အမြန်ရောက်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနရဲ့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ချက်တွေကို ဂရုပြုဖို့လိုအပ်ပါတယ်။

မေး။ အခြား အသိပညာပေးလိုတဲ့အချက်တွေကို ပြောပြပေးပါဦး။

ဖြေ။ စိုက်ပျိုးရေးဆိုင်ရာ သိထားသင့်တဲ့အချက်တွေနဲ့ ကုစားနိုင်တဲ့အချက်အချို့ကို ပြောပြချင်ပါတယ်။ ပထမဆုံးပြောချင်တာက စပါးစိုက်ပျိုးတဲ့နေရာမှာ ရေအမြဲတမ်းရှိနေရမယ်ဆိုတဲ့အချက်ကို ပြောချင်ပါတယ်။ စပါးပင်ရဲ့ ပင်ပိုင်းကြီးထွားချိန်ကာလမှာ ရေအမြဲရှိနေတာထက် ရေကို စိုတစ်ခါခြောက်တစ်လှည့်ထားခြင်းက အပင်ရဲ့ အမြစ်တွေပျက်စီးမှုကို လျော့နည်းစေသလို လေရှူတဲ့ အင်္ဂါရပ်ကနေတစ်ဆင့် အပင်အတွက် လိုအပ်တဲ့လေ (အောက်ဆီဂျင်) ကို ရရှိစေမှာဖြစ်ပါတယ်။ မိရိုးဖလာအနေနဲ့ ပေါင်းပင်နှိမ်နင်းဖို့ ရည်ရွယ်ချက်နဲ့ ရေလွှမ်းနေတဲ့ အခြေအနေမျိုးမှာ အမြဲတမ်းပေးထားပါတယ်။ နောက်တစ်ခုက စိပ်စိပ်စိုက်တဲ့ကိစ္စဖြစ်ပါတယ်။ အပင်တွေကို စိပ်စိပ်စိုက်တော့ အရိပ်ကျနေတဲ့ စပါးပင်ရဲ့ အရွက်တွေအတွက် အစာချက်လုပ်ဖို့ လိုအပ်တဲ့ အလင်းရောင်ကို လုံလောက်စွာ မရရှိတဲ့အတွက် အပင်ရဲ့အလင်းနဲ့ အစာဖွဲ့စည်းထုတ်လုပ်ခြင်း ဖြစ်စဉ်ကို ထိခိုက်မှုရှိစေပါတယ်။

နမူနာအနေနဲ့ SRI စိုက်ပျိုးနည်းမှာ ဒီဖြစ်စဉ်ကို အဓိကထားရှောင်ရှားနိုင်တဲ့အတွက် ကောင်းမွန်တဲ့ရလဒ်တွေကို ရရှိပါတယ်။ ပျိုးသက်နု ရွှေ့ပြောင်းစိုက်ပျိုးမှုတွေက ပင်ပွားထွက်မှုနဲ့ အမြစ်ကြီးထွားမှုကို ဖြစ်စေတဲ့ စွမ်းရည်တွေပျောက်ဆုံးစေမှုကို လျော့နည်းစေပါတယ်။ နောက်တစ်ခုက SRI စနစ်မှာ တင်ပြခဲ့တဲ့ ပျိုးထောင်နည်းမှာအသုံးပြုတဲ့ ပျိုးခင်းအတွက် မြေကိစ္စဖြစ်ပါတယ်။

စပါးပင်တစ်ပင်က အစေ့တွင်းအစာကို ၁၄ ရက်ခန့်အထိ စားသောက်နေထိုင် ကြီးပြင်းနိုင်တာမို့ ပျိုးခင်းအတွက် မြေကိုပြုပြင်တဲ့အခါမှာ ထူးထူးခြားခြား ပျိုးခင်းအတွက် မြေဩဇာဖိုး ကုန်ကျမှုမရှိတော့ပါဘူး။ မြေရောစပ်ပေးရတာက ပျိုးပင်စိုက်ပျိုးတဲ့အခါမှာ လိုအပ်တဲ့ ကောင်းမွန်တဲ့ စေးကပ်မှုရရှိဖို့အတွက် ဖြစ်ပါတယ်။ ဆက်ပြီး ပြောလိုတာက ကုစားမှုအပိုင်း ဖြစ်ပါတယ်။ ရာသီဥတုကြောင့် စိုက်ခင်းတွေ ရေလွှမ်းမိုးလို့ ပြန်လည်စိုက်ပျိုးဖို့ အချိန်မီသေးတယ်ဆိုရင် ပြန်လည်စိုက်ပျိုးဖို့ ဆောင်ရွက်နိုင်တဲ့နည်းဖြစ်ပါတယ်။ ရေလွှမ်းမိုးတဲ့အချိန်ကစပြီး ဖျာပုံသဏ္ဌာန်ပျိုးထောင်နည်းနဲ့ ရေလွတ်ရာနေရာမှာ ပျိုးထောင်ထားဖို့ လိုအပ်ပါတယ်။ ဒါက ပြန်လည်စိုက်ပျိုးတဲ့အချိန်မှာ ပျိုးသက်ရနေဖို့ ဖြစ်ပါတယ်။ ရေက တော်တော်နဲ့မကျလို့ ရှိရင်လည်း (၁၄ ရက်ထက်ပိုကြာရင်) ပျိုးခင်းကို လိုအပ်တဲ့ ယူရီးယားမြေဩဇာ အနည်းငယ်ကျွေးပေးခြင်းဖြင့် လက်တွေ့စိုက်ပျိုးတဲ့အခါမှာ ပျိုးသက်ရနေတဲ့အတွက် အချိန်ကို ချွေတာနိုင်မှာ ဖြစ်ပါတယ်။ နောက်ဆုံးပြောချင်တာက သဘာဝဘေးနဲ့ကြုံတွေ့တိုင်း စိုက်ပျိုးရေးနဲ့ပတ်သက်ပါက စိုက်ပျိုးရေးဦးစီးဌာနကို သတိရပေးဖို့ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဌာနပေါင်းစုံအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ အသင့်ဖြစ်နေတယ်ဆိုတဲ့အကြောင်း အသိပေးပြောကြားလိုပါတယ်။

သီးနှံမျိုးနဲ့ စိုက်ပျိုးနည်းစနစ်တွေက အခြေအနေတွေအပေါ်မူတည်ပြီး ဒေသတစ်ခုနဲ့တစ်ခု မတူညီဘဲ ပြောင်းလဲနိုင်ပါတယ်။ "မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်"ဆိုတဲ့ ဆောင်ပုဒ်အတိုင်း မြေအမျိုးအစားအပေါ်မူတည်ပြီး သီးနှံမျိုးတွေကို ရွေးချယ်စိုက်ပျိုးဖို့လိုသလို အဲဒီမျိုးအပေါ်မှာမူတည်ပြီး စိုက်နည်းစနစ်ကို လိုက်လျောညီထွေကျင့်သုံးဖို့ လိုအပ်ပါတယ်။ စိုက်ချိန် မှန်ကန်အောင် စိုက်ပျိုးနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှ သက်ရှိအပင်တွေရဲ့ လိုအပ်နေတဲ့ ရေ၊ မြေ၊ လေ၊ မီး(နေရောင်) ဓာတ်လေးပါးကို ပြည့်စုံလုံလောက်စွာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင် နည်းစနစ်တစ်ခုချင်းအနေနဲ့ သီအိုရီအရ ခိုင်မာဖို့လိုပါတယ်။ လက်တွေ့ကျင့်သုံးနိုင်ဖို့လိုသလို ရေ၊ မြေသဘာဝနဲ့ ကိုက်ညီရပါမယ်။ စီးပွားရေးအရ အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိ၊ မရှိကို ဈေးကွက်နဲ့ ယှဉ်တွဲစဉ်းစားပေးရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကို နှစ်စဉ်မစိုက်ပျိုးမီအချိန်မှာ စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ။

ရမည်းသင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေစိုးဦး(ယခု မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး)နှင့် ရမည်းသင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်ထွေး (ယခု မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး) တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

နေပြည်တော် ဇွန် ၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ တာဝန်ပေးချက်အရ သစ်တောဦးစီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)မှ စုံစမ်းစစ်ဆေးခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ဇွန် ၁၁ ရက် ရက်စွဲပါ ညွှန်ကြားချက်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးနိုင်ပါရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(MRRP)ပါ သစ်တောလုပ်ငန်းများအတွက် ခွင့်ပြုငွေများ ထုတ်ပေးရာတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေစိုးဦးသည် တောအုပ် ခြောက်ဦးထံမှ စုစုပေါင်း ငွေကျပ် ၆၁၅၀၂၀၀ ကို လည်းကောင်း၊ ရမည်းသင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်ထွေးသည် တောအုပ် လေးဦးထံမှ စုစုပေါင်း ငွေကျပ် ၃၇၆၇၀၀၀ ကိုလည်းကောင်း ဖြတ်တောက်ရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့မရဲစခန်းတွင် ၂၀၂၀ ပြည့်နှစ် ဇွန် ၅ ရက်၌ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

သတင်းစဉ်

ရှာငံ၊ မိုင်းယောင်း၊ တာချီလိတ်နှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၆

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းက ရှာငံမြို့နယ် ညောင်အိုင်ကျေးရွာအုပ်စု လက်ပံပင်ကျေးရွာ အောင်ပန်း - ရှာငံသွားကားလမ်း မိုင်တိုင်(၁/၄၈)အနီးတွင် မိုးလွင်ဦး(ခ)ဗမာလေး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၂၇ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၉ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းယောင်းမြို့နယ် မိုင်းဖြတ်- မိုင်းယောင်းသွားကားလမ်း ဝမ်ဖ စစ်ဆေးရေးဂိတ်တွင် ပါပါး(ခ) ကယ်ကယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မယ်ခေါင်(၁)လမ်း အိမ်အမှတ်(၁/၅)နေ စိုင်းခမ်းဖိုင်၏ နေအိမ်ကို ရှာဖွေရာ ကတ်တမင်း ၅ ဒသမ ၉၅ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ထိုနေ့ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် နမ့်ပေါ်တံတားစစ်ဆေးရေးဂိတ်တွင် ကျောင်ကျားဟွာ(ခ)ဝင်းရွှင် မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၀၈၄ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား အကြေမှုန့် ၁၀ ကီလို၊ အိုက်စ် သုည ဒသမ ၈ ကီလို၊ ကဖင်း ၅ ကီလို၊ စိတ်ကြွဆေးပြား ၂၅ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကျောင်ကျားဟွာ(ခ)ဝင်းရွှင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

ရဲပြန်ကြား

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၄၃ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂ ဒသမ ၈၅၀ သန်း စုစုပေါင်း တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၉၉၃ သန်းအား သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Hiace ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Sodium Cyanide ဟု ယူဆရသော အဖြူရောင်ဆာလာအိတ်(1x50kg) (အိတ် ၅၀)နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၄၀ အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမာရွတ်မြို့နယ်၌ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုမှ ထွက်ပြေးတိမ်းရှောင်နေသည့် ခရီးသည်တင်ယာဉ် YBS-40 ယာဉ်မောင်းအား ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုဖြစ်စဉ်မှ ထွက်ပြေးတိမ်းရှောင်နေသော ခရီးသည်တင်ယာဉ် YBS-40 မှ ယာဉ်မောင်း ဇော်ထိုက်(ခ) ဇော်မျိုးထက်အား အမှတ်(၁၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (ကရင်)၊ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီး ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ ကရင်ပြည်နယ် ဘားအံမြို့ နာရီစင်အနီး၌ ယနေ့ညနေ ၃ နာရီတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"တိမ်းရှောင်နေသူက ဘားအံမြို့မှာ ယာဉ်စက်ယန္တရားတွေပြင်တဲ့ မိတ်ဆွေဆီမှာရှိကြောင်း သတင်းရလို့ ရဲမှူးအောင်ကြီးနဲ့ ဆက်သွယ်ပြီး ပူးပေါင်းဖမ်းဆီးရမိခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ဆီက အမှုစစ်ရဲအုပ်ဦးစီးအဖွဲ့က ပြစ်မှု ကျူးလွန်သူကို သွားရောက်ခေါ်ယူနေပြီး ညတွင်းချင်း ခေါ်ဆောင်လာမှာ ဖြစ်ပါတယ်။ မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ ယမန်ယူဖို့ တရားရုံးပိတ်တဲ့အတွက် ဥပဒေနဲ့အညီ ရဲစခန်းမှာ ချုပ်နှောင်ထားမယ်၊ တနင်္လာနေ့ကျရင် တရားရုံးမှာ ချုပ်မိန့်တောင်းပြီး ရဲလုပ်ငန်းအရ စစ်ဆေးဆောင်ရွက်မယ်၊ အသေးစိတ် စစ်ဆေးပြီး ထိရောက်ဟန့်တားလောက် တဲ့ ပြစ်ဒဏ်ရရှိဖို့ တရားရေး၊ ဥပဒေရေးတို့နဲ့ ညှိနှိုင်းပြီး ကမာရွတ်မြို့နယ် တရားရုံးကိုအမြန်ဆုံး တရားစွဲတင် သွားမှာဖြစ်ပါတယ်"ဟု အမှတ်(၇) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (ရန်ကုန်အနောက်ပိုင်းခရိုင်) ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး မျိုးအောင်မြင့်က ပြောသည်။

ဇွန် ၂ ရက် နံနက် ၆ နာရီခွဲခန့်က ကမာရွတ် မြို့နယ် ဘုရင့်နောင်လမ်းအတိုင်း ကြည့်မြင်တိုင်မှ လှိုင်မြို့နယ်ဘက်သို့ ယာဉ်မောင်း ဇော်ထိုက်(ခ)ဇော်မျိုးထက် ရွှေပြည်သာမြို့နယ် (၂၀)ရပ်ကွက်နေသူ မောင်းနှင်လာသည့် ခရီးသည်တင် YBS-40 ယာဉ်မှာ ယုဇနလမ်းထိပ်ရှိ မင်းသားကြီးလက်ဖက်ရည်ဆိုင်ရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကွန်ကရစ်တုံးအားကျော်လွန်၍ မျက်နှာချင်းဆိုင် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ ဘုရင့်နောင်လမ်းအတိုင်း လှိုင်မြို့နယ်ဘက်မှ ကြည့်မြင်တိုင်မြို့နယ်ဘက်သို့ ကျောက်ပန်းတောင်းမြို့နယ်နေ ယာဉ်မောင်း ကျော်ဇော မောင်းနှင်လာသည့် အငှားယာဉ်အား ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းအပါအဝင် အငှားယာဉ်ပေါ်၌ လိုက်ပါစီးနင်းလာကြသော စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်တွင် နေထိုင်ကြသည့် မောင်နှမ နှစ်ဦးတို့မှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြပြီး ခရီးသည်တင်ယာဉ် YBS-40 ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသောကြောင့် ၎င်းအား ဖမ်းဆီးရမိရေး လိုက်လံစုံစမ်းခဲ့ရာ ဘားအံမြို့၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ သုံးနှစ်တာကာလအတွင်း တိုက်ခန်းပေါင်း ၁၈၀၀ ရောင်းချပြီးဖြစ်

မန္တလေး ဇွန် ၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသော မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်တာကာလအတွင်း တိုက်ခန်းပေါင်း ၁၈၀၀ ကို နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် ပြည်သူများအား ရောင်းချပေးနိုင်ခဲ့ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းများဆောက်လုပ်ကာ ၂၀၁၈ ခုနှစ်တွင် တိုက် ၂၁ လုံးမှ တိုက်ခန်း ၆၇၂ ခန်း၊ ၂၀၁၉ ခုနှစ်တွင် တိုက် ၁၉ လုံးမှ တိုက်ခန်း ၅၄၂ ခန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် တိုက် ၂၁ လုံးမှ တိုက်ခန်းပေါင်း ၅၈၆ ခန်း စုစုပေါင်းတိုက်ခန်း ၁၈၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

တိုက်ခန်းများကို ပွင့်လင်းမြင်သာစွာဖြင့် ရောင်းချပေးခဲ့ပြီး တိုက်ခန်းနေရာများအား မဲစနစ်ဖြင့် နေရာချထားပေးခဲ့ကြောင်း၊ ၂၀၂၀ပြည့်နှစ်တွင် တတိယအကြိမ်မြောက် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ပြီးစီးသော တိုက်ခန်းများကိုလည်း ပွင့်လင်းမြင်သာစွာဖြင့် ထပ်မံရောင်းချပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ဌာနခွဲမှူး ဦးစိုးမင်းသိန်းက ပြောကြားသည်။

တိုက်ခန်းဈေးနှုန်းများအနေဖြင့် ကုန်သွယ်ခွန် သုံးရာခိုင်နှုန်းအပါအဝင် မြေညီထပ် တစ်ခန်းလျှင် ငွေကျပ် ၂၈၈ ဒသမ ၄ သိန်း၊ ပထမထပ်တစ်ခန်းလျှင် ၂၅၇ ဒသမ ၅ သိန်း၊ ဒုတိယထပ်တစ်ခန်းလျှင် ၂၃၁ ဒသမ ၇၅ သိန်း၊ တတိယထပ်တစ်ခန်းလျှင် ၂၁၁ ဒသမ ၁၅ သိန်း၊ စတုတ္ထထပ်တစ်ခန်းလျှင် ၁၉၅ ဒသမ ၇ သိန်းနှင့် အပေါ်ဆုံးထပ်တစ်ခန်းလျှင် ငွေကျပ် ၁၈၀ ဒသမ ၂၅ သိန်းဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၆၆၁ စတုရန်းပေရှိ တိုက်ခန်းပေါင်း ၃၃၆၀ ဆောက်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါတိုက်ခန်းများအနက် ဆောက်လုပ်ပြီးခဲ့သောတိုက်ခန်းများကို ၂၀၁၈ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများအား စတင်ရောင်းချပေးခဲ့ပြီး ယခုနှစ်တွင် ပုဂ္ဂလိကဝန်ထမ်းနှင့် ပြည်သူများအပါအဝင် တိုက်ခန်းပေါင်း ၁၈၀၀ ကိုရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

ဖာပွန်- ဝါးဘိုးတော ကညင်ဒုံတံတားတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

ကမမောင်း ဇွန် ၆

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဖာပွန်-ကမမောင်း-ဝါးဘိုးတောလမ်းပေါ်ရှိ တံတားအရှည် ၅၄ ဒသမ ၈၆ မီတာ၊ အကျယ် ၉ ဒသမ ၁၄ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၂၃ မီတာ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုည ဒသမ ၉၁ မီတာ၊ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ရှိသော ကညင်ဒုံချောင်းကူးတံတားကိုတည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ဖာပွန်-ကမမောင်း-ဝါးဘိုးတောလမ်းပေါ်တွင် လက်ရှိတည်ရှိနေသော ကညင်ဒုံချောင်းကူး သစ်သားဘေလီတံတားအမျိုးအစားမှာ နှစ်ကာလကြာမြင့်၍ တံတားခံနိုင်ဝန်အားကျဆင်းလာခြင်း၊ မိုးရာသီကာလ ရေကြီး၊ ရေလျှံချိန်များ၌ ယာဉ်များ သွားလာရေးခက်ခဲသည့်အတွက် အဆိုပါ သစ်သားဘေလီတံတားအနီးတွင် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အပေါ်ထည်သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်း၊ ကိုယ်ထည် သံကူကွန်ကရစ် ကမ်းကပ်ခုံ၊ ရေလမ်းကင်းလွတ်အမြင့် သုည ဒသမ ၃၀၅ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၉ ဒသမ ၂၇ မီတာ တံတားအမျိုးအစားကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင်တံတားအထူးအဖွဲ့(၁၄)မှ စတင်၍ တည်ဆောက်ခဲ့သည်။

အဆိုပါကညင်ဒုံချောင်းကူးတံတားအသစ်တည်ဆောက်ပြီးစီးခဲ့လျှင် ဖာပွန်-ကမမောင်း-ဝါးဘိုးတောလမ်းအပိုင်းတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်ပြီး တံတားစီမံကိန်းကုန်ကျမှုတန်ဖိုးမှာ ငွေကျပ် သန်း ၈၆၀ ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လဟာရက်-ကဒတ်ဖြာ-ခရမ်းရေထိန်းတံခါးလမ်း ကွန်ကရစ်ခင်း

ရန်ကုန် ဇွန် ၆

လဟာရက် - ကဒတ်ဖြာ - ခရမ်းရေထိန်းတံခါးလမ်းသည် အရှည် နှစ်မိုင်တစ်ဖာလုံရှိပြီး လဟာရက်၊ သာယာကုန်း၊ ကံလှ၊ ဥယျာဉ် ကျေးရွာလေးရွာရှိ အိမ်ခြေ ၈၅၂ အိမ်၊ လူဦးရေ ၃၀၆၀ အတွက် အကျိုးပြုသော ကျေးရွာချင်းဆက်လမ်းဖြစ်သည်။

အဆိုပါ ကျေးလက်လမ်းသည် ၂၀၀၄ ခုနှစ်တွင် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြေသားလမ်းဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာမှ အလှူရှင်တစ်ဦးက မြေသားလမ်းပေါ်တွင် ၈၀ ဒီဂရီထပ်ခင်းခြင်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၁ ဒသမ ၃ မိုင်အား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ **ခရမ်းစိုးမြင့်**

မူးမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

မြင်းမူ ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ မေဂျာကျေးရွာ တွင် ဆောင်ရွက်ခဲ့သော မူးမြစ်ကမ်းပြိုကာကွယ်ရေး ကမ်းထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ကမ်းပြိုထိန်းသိမ်းရေးလုပ်ငန်းများတွင် ထန်းလုံးတိုင်များကိုအသုံးပြုလျက် ကျောက်ဖြည့်အခြေထိန်းခြင်းလုပ်ငန်း ပေ ၆၀၀၊ ထန်းလုံးတိုင်အခြေပြု မျောကရစ်ကွက် ၁၂၅ ပေနှင့် Hard Point များပါဝင်ကြောင်း သိရသည်။

ယခုအခါ ကမ်းပြိုထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် မူးမြစ်ကမ်းဘေးတွင်နေထိုင်ကြသော ဒေသခံပြည်သူများမှာ အန္တရာယ်ကင်းစွာ နေထိုင်နိုင်ကြသည့်အပြင် ကမ်းထိန်းနံရံပတ်ဝန်းကျင်မှ စိုက်ပျိုးရေးလုပ်ကိုင်သည့် ကျေးရွာသူ ကျေးရွာသားများအတွက် များစွာ အထောက်အကူပြုနိုင်ခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု လွှတ်တော်ကိုယ်စားလှယ်များ ကြည့်ရှုစစ်ဆေး

မယ်စဲ့ ဇွန် ၆

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဇွန် ၅ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ကော်မတီဝင်များက ကြည့်ရှုစစ်ဆေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့သည် နမ့်မန်းကျေးရွာဘောလုံးကွင်း မြေနေရာလျာထားမှု အခြေအနေ၊ နမ့်မန်းကျေးရွာတွင်းလမ်းအရှည် ပေ ၃၃၀၀ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ဝမ်ကန်ကျေးရွာတွင်းလမ်းအရှည် ပေ ၁၅၀၀ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် ပေ ၅၀ ရေကျော်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ အမက(ဝမ်ကန်) ဆရာ/ဆရာမဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း၊မြောက်ပိုင်းရပ်ကွက် ရေထိန်းနံရံလျာထားဆောင်ရွက်မည့် နေရာနှင့် မြို့ကွက်လမ်း (၆၂၉၈ x ၁၂) ပေကတ္တရာခင်းခြင်း လုပ်ငန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ (၁၅၀ x ၃၆ x ၂၂) ပေ RC နှစ်ထပ်တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၃၀x၆၀) ပေ RC တစ်ထပ်တည်ဆောက်ခြင်းလုပ်ငန်း၊ မြောက်ပိုင်းရပ်ကွက်တွင် အုတ်ခုံကွန်ကရစ် သစ်သားတံတား (၆၀x၁၄) ပေတည်ဆောက်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးမြို့၌ ငါးလုပ်ငန်းဦးစီးဌာနမှ ဂရန်အင်းများ လေလံတင်ရောင်းချ

ပဲခူး ဇွန် ၆

ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ပဲခူးမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ခုနှစ် လုပ်ငန်းရာသီနှစ်အတွက် ပထမအကြိမ် အင်းများ လေလံတင်ရောင်းချခြင်း အခမ်းအနားကို ဇွန် ၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဂရန်အင်းများလေလံတင်ရောင်းချခြင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လေလံဆွဲဝယ်ယူသူများ တက်ရောက်ကြပြီး ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီပြုလုပ်ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

တပ်ကုန်းမြို့၌ ၂၀၂၀ပြည့်နှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

တပ်ကုန်း ဇွန် ၆

နေပြည်တော် တပ်ကုန်းမြို့နယ် ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်အသုံးပြုသူများ သိရှိလိုက်နာစေရန် ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ အသိပညာပေးခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ကို ယနေ့ နံနက် ၉ နာရီက တပ်ကုန်း ခုတင် ၁၀၀ ပြည်သူ့ဆေးရုံအနီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်ရာတွင် ယာဉ်ထိန်းတပ်ဖွဲ့စု(၈)မှ ရဲအုပ်ဇင်အောင်လင်းက မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များ၊ ပညာပေးကာလပြီးစီးပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြတ်သန်းသွားလာမောင်းနှင်ကြသည့် ယာဉ်မောင်းများအား အသိပညာပေးရှင်းလင်းပြောကြားပြီး ယာဉ်ထိန်းတပ်ဖွဲ့စု(၈)မှ တာဝန်ရှိသူများက လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန့်စွမ်းရေးဌာနမှ အရေးပေါ်လိုအပ်နေသူများကိုသာ ဆောင်ရွက်ပေး

ဘားအံ ဇွန် ၆

ကရင်ပြည်နယ် ဘားအံမြို့ ခြေတုလက်တုဆိုင်ရာပြန်လည်သန်စွမ်းရေးဌာနသည် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် နေ့ချင်းပြန်သွားလာနိုင်သည့်သူများနှင့် အရေးပေါ်မဖြစ်မနေ ခြေတုတပ်ဆင် ရန်လိုအပ်နေသူများကိုသာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုလိုက်နာ၍ ခြေတုလက်တု အသစ်တပ်ဆင်ခြင်းများကို အခမဲ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေလျက်ရှိသည်။

ဘားအံမြို့ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနအနေဖြင့် ပုံမှန်လုပ်ဆောင်မှုအားဖြင့် ခြေတုလက်တု အားပြုကိရိယာ ကိုယ်ကာယကုသမှုလေ့ကျင့်ခန်း၊ လမ်းလျှောက်လေ့ကျင့်ခန်း၊ လက်ထောက်ခြေထောက် အားပြုကိရိယာများ၊ ဘီးတပ်ကုလားထိုင်၊ လိုအပ်သော ဆက်စပ်ပစ္စည်းများ၊ နေရာထိုင်ခင်းများ၊ စားစရာနှင့် အမှန်တကယ်ချို့တဲ့သူများအတွက် ခရီးစရိတ်တို့ကို ပုံမှန်ဆောင်ရွက်ပေးပြီး ယခုလို ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးကာလဖြစ်သည့်အတွက် ဝန်ထမ်းများ၊ ဝန်ဆောင်မှု ရယူသူများအားလုံး ရောဂါကူးစက်မှုမရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ အပူချိန်တိုင်းတာဝင်ရောက်စေပြီး စနစ်တကျလက်ဆေးစေခြင်း၊ လူစုလူဝေးမဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးကာ ခြေတုလက်တုတပ်ဆင်ခြင်း၊ ပြုပြင်ခြင်းများကို နေ့ချင်းပြန်သွားလာနိုင်သည့် ဘားအံ၊ မော်လမြိုင်စသည့် အနီးဝန်းကျင်မှ သူများကိုသာ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနနှင့် အကျုံးဝင်သက်ဆိုင်သော ဒေသများဖြစ်သည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)တို့မှ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် ၂၀၀၃ ခုနှစ်မှစတင်ကာ ယနေ့ထိ လာရောက်တပ်ဆင်သူ ၇၉၀၀ ခန့်ရှိပြီး ထုတ်လုပ်ပေးနေသည့် ခြေတုလက်တု ပေါင်း ၁၀၀၀၀ ကျော်ကာ ကရင်ပြည်နယ်အတိုင်းအတာအရ လာရောက်တပ်ဆင်သူ ၃၀၀၀ ကျော် ရှိကြောင်း မန်နေဂျာ ဒေါ်ကျော့သီတာအောင်ထံမှ သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

မင်းတပ်မြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ကာလတို ရက်ကန်းပညာသင်တန်း ဖွင့်လှစ်သင်ကြားမည်

မင်းတပ် ဇွန် ၆

ချင်းပြည်နယ် မင်းတပ်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အလုပ်အကိုင်ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ On Job Training အရ ကာလတိုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာအောင်က "ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်းမှာ အလုပ်အကိုင်ရှားပါးမှုကြောင့် ဒေသခံပြည်သူတွေရဲ့ စားဝတ်နေရေး အခက်အခဲတွေကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းပေးနိုင်ဖို့ ဒီလိုရက်တိုသင်တန်းတွေဖွင့်လှစ်ပေးရတာဖြစ်ပါတယ်၊ သင်တန်းကာလ ၂၄ ရက်အတွင်းမှာ သင်တန်းသူ သင်တန်းသားတွေကို တစ်ဦးလျှင်တစ်နေ့ကျပ် ၄၀၀၀ သင်တန်းကျောင်းက ထောက်ပံ့ပေးမှာဖြစ်ပါတယ်၊ ဇူလိုင် ၁ ရက်ကနေ ၂၄ ရက်အထိဖွင့်လှစ်မယ့် ကာလတိုသင်တန်းမှာ သင်တန်းသားဦးရေ ၁၀ ဦးပဲ လက်ခံသင်ကြားပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ လက်ရက်ကန်း ခြောက်လသင်တန်းနှင့် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင် တစ်နှစ်သင်တန်းတို့အပြင် အခြားအသက်မွေးဝမ်းကျောင်း ရက်တိုသင်တန်းများပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ **ခရိုင်(ပြန်/ဆက်)**

မန္တလေး အမျိုးသားသွေးလှူဘဏ်သို့ စေတနာသွေးလှူရှင်များ လာရောက်လှူဒါန်းနိုင်

မန္တလေး ဇွန် ၆

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်သည် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသည့် လူနာများအတွက် လိုအပ်သည့်သွေးများကို အဓိကထောက်ပံ့ပေးလျက်ရှိသည်။ မန္တလေးအမျိုးသားသွေးလှူဘဏ်တွင် တစ်ဦးချင်းလာရောက်လှူဒါန်းသည့် စေတနာသွေးလှူရှင်မှာ ၄၀ ရာခိုင်နှုန်းရှိပြီး သွေးလှူရှင်အဖွဲ့များက လာရောက်လှူဒါန်းမှုမှာ ၆၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယခင်နှစ်စာရင်းများအရ လစဉ်သွေးအသုံးပြုမှုမှာ ၃၅၀၀ မှ ၄၀၀၀ ကြားရှိသည်။ တစ်နှစ်တာကာလအတွင်း နေ့စဉ်သွေးအလှူရှင်ဦးရေ ၈၀ မှ ၁၀၀ ကျော်ထိ လိုအပ်လျက်ရှိသည်။ လူနာများသွေးလိုအပ်သည့်အခါ သွေးလှူရှင်အဖွဲ့များမှတစ်ဆင့် လာရောက်ကူညီကြသည့် စေတနာသွေးလှူရှင်များမှာ ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိပြီး စေတနာသွေးလှူရှင်များ တိုးပွားလာရန် လိုအပ်လျက်ရှိကြောင်း သိရသည် ။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် အရေးပေါ်သွေးလိုအပ်ချက်ရှိပါက မန္တလေးမြို့ရှိ အဖွဲ့အစည်းများက လာရောက်လှူဒါန်းကြသည်။ အမျိုးသားသွေးလှူဘဏ်တွင် သွေးလိုအပ်ချက်အမြဲရှိနေမှုကြောင့် စေတနာသွေးလှူရှင်များ ပိုမိုတိုးပွားပြီးလှူဒါန်းရန် လိုအပ်လျက်ရှိသည်။ သို့မှသာ လူနာများသွေးလိုအပ်သည့်အချိန်တွင် အချိန်မီထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ရောဂါအမျိုးမျိုးဖြင့် တက်ရောက်ကုသမှုခံယူနေသည့်လူနာများအတွက် သန့်စင်သည့်သွေး အချိန်မီထောက်ပံ့နိုင်ရန် စေတနာသွေးလှူရှင်များရရှိရေးအတွက် သွေးလှူဘဏ်မှ ကြိုးစားဆောင်ရွက်လျက်ရှိသည်။ သွေးလှူဘဏ်မှ မွေးနေ့ကျရောက်သည့်သွေးလှူရှင်များ၊ သွေးလှူဒါန်းမှုလေးလပြည့်သည့် သွေးလှူရှင်များထံ ဖုန်းမှတစ်ဆင့် ပြန်လည်လှူဒါန်းရန် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း၊ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ လည်းကောင်း သွားရောက်လှူဒါန်းနိုင်သည်။ သွေးလှူရှင်သည် အသက် ၁၈ နှစ်မှ အသက် ၆၀ အတွင်း ရှိရမည်ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူ၊ ရောဂါမရှိသူ၊ ဖျားနာမှုနှင့်ကူးစက်ရောဂါမရှိသူဖြစ်ရမည်ဖြစ်ပြီး လေးလတစ်ကြိမ် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည် ။

အောင်သူရ

မြန်မာ့ရေပိုင်နက်အတွင်း၌ ပင်လယ်ကူးသင်္ဘောသားများလဲလှယ်ခြင်း ဇွန် ၉ ရက်တွင် စတင်ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၆

မြန်မာ့ရေပိုင်နက် ကော့သောင်းမြို့ ဆိပ်ကမ်းဇရိယာအပြင်ဘက် ပင်လယ်ပြင်၌ ဇွန်လအတွင်းရောက်ရှိမည့် ပင်လယ်ကူးသင်္ဘောများပေါ်၌ တာဝန်ထမ်းဆောင်ပြီးစီး၍ စာချုပ်သက်တမ်းကျော်လွန်ကာ နေရပ်ပြန်ရန်စောင့်ဆိုင်းနေကြရသည့် မြန်မာသင်္ဘောသားများအား သင်္ဘောသားများလဲလှယ်ခြင်း(Crew Change)ပြုလုပ်ရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုလိုက်ပြီဖြစ်ရာ ဇွန် ၉ ရက်တွင်သင်္ဘောသားများလဲလှယ်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း MTM Maritime Centre ၏ ဌာနေအကြီးအကဲ ကပ္ပတိန်သန်းနိုင်ထွန်းထံမှ သိရသည်။

"MTM COLORADO အမည်ရှိတဲ့ ပင်လယ်ကူးသင်္ဘောကြီးကလည်း မောင်းလာနေပြီမို့ ကျောက်ဆူးချမယ့်နေရာကို ဇွန် ၈ ရက်မှာ ဆိုက်ရောက်လာပါလိမ့်မယ်၊ ကျွန်တော်တို့ Crew Change ပြုလုပ်မယ့်အဖွဲ့ကလည်း ဇွန် ၈ ရက်မှာပဲ ကော့သောင်းမြို့ကိုသွားမယ်၊ ဇွန် ၉ ရက်နေ့လယ်ပိုင်းမှာတော့ Crew Change အစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ကပ္ပတိန်သန်းနိုင်ထွန်းက ရှင်းပြသည်။

မြန်မာ့ရေပိုင်နက် ကော့သောင်းမြို့ ဆိပ်ကမ်းဇရိယာအပြင်ဘက် ပင်လယ်ပြင်၌ ဦးတည်ခုတ်မောင်းရောက်ရှိလာမည့် ပင်လယ်ကူးသင်္ဘောလေးစင်းရှိနေရာ ဇွန် ၉ ရက်တွင် သင်္ဘောသား ရှစ်ဦး၊ ဇွန် ၁၂ ရက်တွင် သင်္ဘောသား ၁၂ ဦး၊ ဇွန် ၁၅ ရက်တွင် သင်္ဘောသား ၁၀ ဦးနှင့် ဇွန် ၂၀ ရက်တွင် သင်္ဘောသား ၁၀ ဦးတို့ဖြင့် စုစုပေါင်း ၄၀ အား သင်္ဘောသားများ လဲလှယ်ခြင်းပြုလုပ်ရန်ဆောင်ရွက်မည်ဖြစ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကမ္ဘာ့ကပ်ရောဂါအဖြစ်ကူးစက်ပျံ့နှံ့လျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး အစီအမံများနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ အရေးပေါ်ဥပဒေများကို ထုတ်ပြန်လာကြပြီး အပြည်ပြည်ဆိုင်ရာသင်္ဘောများ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ဝင်ထွက်သွားလာခြင်းလုပ်ငန်းများအား ကန့်သတ်မှုများ ပြုလုပ်လာကာ လေကြောင်းလိုင်းခရီးစဉ်များ ရပ်ဆိုင်းခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများအား ပိုမိုတင်းကျပ်စွာ ဆောင်ရွက်လာကြသောကြောင့် သင်္ဘောသားများလဲလှယ်ခြင်း အခွင့်အလမ်း လွန်စွာနည်းပါးခဲ့ရသဖြင့် MTM Maritime Centre မှ သက်ဆိုင်ရာဝန်ကြီးဌာနများအား အကူအညီတောင်းခံကာ မြန်မာနိုင်ငံတောင်ဘက် မလ္လကာရေလက်ကြားမှ ဖြတ်သန်းသွားရမည့် ခရီးစဉ်များကိုဦးတည်ခုတ်မောင်းနေသော တန်ချိန် ၂၀၀၀၀ ဝန်းကျင်ရှိ MTM AMAZON Tanker ပင်လယ်ကူး သင်္ဘောအား မူလလမ်းကြောင်းမှ သွေဖည်စေ၍ မြန်မာ့ရေပိုင်နက်အတွင်းသို့ ဝင်ရောက်စေကာ ကော့သောင်းမြို့ ဆိပ်ကမ်းဇရိယာအပြင်ဘက် ပင်လယ်ပြင်၌ ကျောက်ဆူးချရပ်နားစေခဲ့ပြီး နေရပ်ပြန်လိုသည့် မြန်မာသင်္ဘောသား အရာရှိ ၁၃ ဦးနှင့် သင်္ဘောပေါ်တာဝန်ထမ်းဆောင်ကြမည့် မြန်မာသင်္ဘောသားအရာရှိ ၁၃ ဦးအား မေ ၃၀ ရက် မွန်းလွဲပိုင်းက ပထမဦးဆုံးအကြိမ် သင်္ဘောသားများ လဲလှယ်ခြင်း (Crew Change) အစီအစဉ်ပြုလုပ်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း MTM Maritime Centre မှ သိရသည်။ **ပွင့်သစ္စာ**

လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထုတ်ပေး

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး အကျုံးဝင်မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့က သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်ထုတ်ပေးရာတွင် သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်ချိုဝင်းက အလုပ်ဌာန ငါးဌာန၊ အလုပ်သမား စုစုပေါင်း ၁၉၈ ဦးတို့အား ငွေကျပ်စုစုပေါင်း ၃၄၀၇၅၉၅ ဒသမ ၇၃ ကို သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့မှ တာဝန်ခံများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း (၂၆၄) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

(ယမန်နေ့မှအဆက်)

စဉ် မြန်မာစံချိန်စံညွှန်းများ

၁၂၄ MMS ISO 10993-16:2017 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာအကဲဖြတ်ခြင်း-အပိုင်း(၁၆)- ပျက်စီးသော ဓာတ်ပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများ၏ Toxicokinetic အတွက် လေ့လာမှုပုံစံ

၁၂၅ MMS ISO 10993-17:2002 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ်ခြင်း-အပိုင်း(၁၇)- စွန့်ပစ်ပစ္စည်းများအတွက် ခွင့်ပြုပမာဏကို သတ်မှတ်ဖော်ဆောင်ခြင်း

၁၂၆ MMS ISO 10993-18:2020 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ်ခြင်း-အပိုင်း(၁၈)- ဘေးအန္တရာယ် လျှော့ချခြင်း စီမံခန့်ခွဲမှုနည်းလမ်းအတွင်း ဆေးပစ္စည်းကိရိယာများ၏ ဓာတုဗေဒဆိုင်ရာလက္ခဏာများ

၁၂၇ MMS ISO 14729:2001/Amd 1:2010 မျက်စိဆိုင်ရာပစ္စည်းများ- မျက်ကပ်မှန် ထိန်းသိမ်းခြင်းပစ္စည်းများ - အဏုဇီဝဗေဒ လိုအပ်ချက်များ၊ စစ်ဆေးခြင်းနည်းလမ်းများ၊ မျက်ကပ်မှန်အတွက် သန့်ရှင်းမှုဆိုင်ရာနည်းစနစ်များ

၁၂၈ MMS ISO 14730:2014 မျက်စိဆိုင်ရာပစ္စည်းများ- မျက်ကပ်မှန် ထိန်းသိမ်းခြင်းပစ္စည်းများ - အဏုဇီဝပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် အသုံးပြုသော preservative ၏ စွမ်းဆောင်ရည်ကို စမ်းသပ်စစ်ဆေးခြင်းနှင့်စွန့်ပစ်ရမည့် ရက်စွဲကို ဆုံးဖြတ်ခြင်း လမ်းညွှန်ချက်

၁၂၉ MMS ISO 81060-1:2007 ခန္ဓာကိုယ်တွင်း ထိုးသွင်းရန်မလိုသော သွေးပေါင်ချိန်တိုင်းကိရိယာများ-အပိုင်း(၁) - အလိုအလျောက်မဟုတ်သော တိုင်းတာခြင်းအမျိုးအစားအတွက် လိုအပ်ချက်များနှင့် စမ်းသပ်နည်းများ

၁၃၀ MMS IEC 60601-2-19:2009 + AMD 1:2016 ဆေးဘက်ဆိုင်ရာလျှပ်စစ်ပစ္စည်းကိရိယာ - အပိုင်း (၂) - မွေးကင်းစကလေးအတွက် Infant Incubators ၏ အခြေခံဘေးအန္တရာယ်ကင်းရှင်းမှုနှင့် မရှိမဖြစ်လိုအပ်သော လုပ်ငန်းစွမ်းဆောင်ရည်အတွက် အထူးလိုအပ်ချက်များ

၁၃၁ MMS ASTM C 150/C150M-18 : Portland Cement ဘိလပ်မြေအတွက် အသေးစိတ်ဖော်ပြချက်များဆိုင်ရာစံချိန်စံညွှန်း

၁၃၂ MMS ASTM A615/A615M-18 : သံကူကွန်ကရစ်အတွက် အစင်းပါကာဘွန်သံမဏိချောင်းနှင့် ပြောင်ကာဘွန်-သံမဏိချောင်းများအတွက် အသေးစိတ်စံနှုန်းများဆိုင်ရာစံချိန်စံညွှန်း

၁၃၃ MMS ASTM C 204 - 18 : Hydraulic Cement ဘိလပ်မြေ၏ မှုန့်ညက်မှုအား လေစိမ့်ဝင်ပျံ့နှံ့မှုကိရိယာဖြင့် စစ်ဆေးခြင်းအတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်းများ

၁၃၄ MMS ASTM C 191-18 : Hydraulic Cement Time of setting အတွက် အိပ်ချိန်ကာလအား ဗိုင်းကတ်အပ်ဖြင့် စမ်းသပ်ခြင်းအတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်းများ

၁၃၅ MMS ASTM C 109/C109M - 16a : Hydraulic Cement ဘိလပ်မြေအင်္ဂတေ အရောအနှောများ၏ ဖိအားဒဏ်ခံနိုင်ရည်ကို စမ်းသပ်ခြင်းအတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်းများ (2-in. သို့မဟုတ် [50-mm] အရွယ်အစားရှိ အစမ်းသပ်ခံနမူနာ ကုဗတုံးများကို အသုံးပြုခြင်း)

၁၃၆ MMS 6:2020 လက်ချား

၁၃၇ MMS 7:2020 ဇဝက်သာ

၁၃၈ MMS 8:2020 ဒုတ္ထာ

၁၃၉ MMS 9:2020 မြေဖြူ

၁၄၀ MMS 10:2020 လင်းလေ/လင်းနေ

၁၄၁ MMS 11:2020 ဆေးခါးကြီး

၁၄၂ MMS 12:2020 ကွမ်းရွက်

၁၄၃ MMS 13:2020 ငရုတ်ကောင်း

၁၄၄ MMS 14:2020 မြင်းခွာ/ မြန်မာမြင်းခွာ

၁၄၅ MMS 15:2020 သက်ရင်း/ သက်ရင်းကြီး

၁၄၆ MMS 16:2020 နနွင်းတက်/ နနွင်း

၁၄၇ MMS 17:2020 ဆီးဖြူ

၁၄၈ MMS 18:2020 ကွမ်းစားဂမုန်း

၁၄၉ MMS 19:2020 ကန့်ချုပ်နီ

၁၅၀ MMS 20:2020 ယမ်းစိမ်း

၁၅၁ MMS 21:2020 စားဆိုဒါ

၁၅၂ MMS 22:2020 ကန့်

၁၅၃ MMS ISO 289-1:2015 ပေါင်းမထားသော ရော်ဘာ- အပိုင်း(၁)- Shearing-disc viscometer ကို အသုံးပြု၍ Mooney viscosity (စေးပျစ်ကိန်း) ကို စစ်ဆေးတိုင်းတာခြင်း

၁၅၄ MMS ISO 6101-3:2014 ရော်ဘာ - Atomic absorption spectrometry နည်းလမ်းကိုအသုံးပြု၍ သတ္တုပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း - အပိုင်း (၃)- ကြေးနီ (copper) ပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း

၁၅၅ MMS ISO 6101-4:2014 ရော်ဘာ Atomic absorption spectrometry နည်းလမ်းကိုအသုံးပြု၍ သတ္တုပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း - အပိုင်း (၄)- မဂ္ဂနီ(စ်) ပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း

၁၅၆ MMS ISO 2393:2014 ရော်ဘာ အရည်အသွေးစမ်းသပ်ရန် ရောနှောပြုပြင်ထားသည့် ရော်ဘာနမူနာအား စမ်းသပ်ခြင်း- ပါဝင်ပစ္စည်းများကို ပြင်ဆင်ခြင်း၊ ဓာတုပစ္စည်းများနှင့် ရောနှောခြင်း နှင့် ရော်ဘာပေါင်းခြင်း - အသုံးပြုသော စမ်းသပ်ကိရိယာများနှင့် လုပ်ထုံးလုပ်နည်းများ

၁၅၇ MMS ISO 1817:2015 ပေါင်းထားသော ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများ - အရည်များ၏ သက်ရောက်မှုကို စစ်ဆေးတိုင်းတာခြင်း

၁၅၈ MMS ISO 1853:2018 လျှပ်စီးခြင်းနှင့် လျှပ်တားခြင်း ပြုလုပ်နိုင်သော ရော်ဘာများ၊ ပေါင်းတင်ပြီး ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများတွင် လျှပ်စီးခုခံနိုင်မှုကို တိုင်းတာခြင်း

၁၅၉ MMS ISO 36:2017 ရော်ဘာ၊ ပေါင်းထားသော ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများတွင် အထည်ဖျင်များပေါ်၌ တွယ်ကပ်နိုင်မှုကို စစ်ဆေးတိုင်းတာခြင်း

၁၆၀ MMS ISO 6502-1:2018 - ရော်ဘာ - Curemeters ကို အသုံးပြု၍ ပေါင်းတင်ခြင်းဆိုင်ရာ ဝိသေသလက္ခဏာများကို တိုင်းတာခြင်း - အပိုင်း (၁)- စတင်အသုံးပြုခြင်း (မိတ်ဆက်)

၁၆၁ MMS ISO 124:2014 ရော်ဘာအစေးရည်— အစိုင်အခဲများ စုစုပေါင်းပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း

၁၆၂ MMS ISO 125:2011 သဘာဝရော်ဘာအစေးရည်အပျစ် - အယ်ကာလီဓာတ်ဖြစ်နေမှုကို စစ်ဆေးတိုင်းတာခြင်း

၁၆၃ MMS ISO 48-1:2018 ရော်ဘာ၊ ပေါင်းတင်ပြီးရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများတွင်- မာကျောမှုတိုင်းတာခြင်း - အပိုင်း(၁)- စတင်အသုံးပြုခြင်း (မိတ်ဆက်) နှင့် လမ်းညွှန်ချက်

၁၆၄ MMS ISO 8331:2016 ရော်ဘာ၊ ပလတ်စတစ်ပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများ - ရွေးချယ်ခြင်း၊ သိုလှောင်ထားရှိခြင်း၊ အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လမ်းညွှန်ချက်များ

၁၆၅ MMS ISO 2285:2019 ရော်ဘာ၊ ပေါင်းတင်ပြီး ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများ - တစ်သမတ် ရှည်ထွက်လာမှုတွင် ဆွဲဆန့်အား တိုင်းတာခြင်းနှင့် တစ်သမတ်အားတစ်ခုတွင် တဖြည်းဖြည်း ရှည်ထွက်လာမှုကို တိုင်းတာခြင်း

၁၆၆ MMS ISO 8308:2015 ရော်ဘာ၊ ပလတ်စတစ်ပိုက်များနှင့် ပြွန်များ - ပိုက်နှင့် ပြွန်နံရံများတစ်လျှောက် ဖြတ်၍ အရည်များ စီးဆင်းနိုင်မှုကို တိုင်းတာခြင်း

၁၆၇ MMS ISO 2878:2017 ရော်ဘာ၊ ပေါင်းပြီး ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများ - လျှပ်ကာနှင့် လျှပ်စီးရော်ဘာပစ္စည်းများ - လျှပ်စီးမှုကို ခုခံနိုင်မှုအား တိုင်းတာခြင်း

၁၆၈ MMS ISO 18899:2013 ရော်ဘာ — တိုင်းတာရေးပစ္စည်းများ၏ စံကိုက်ညှိတိုင်းတာမှုဆိုင်ရာ လမ်းညွှန်ချက်

၁၆၉ MMS ISO 8030:2014 ရော်ဘာနှင့် ပလတ်စတစ်ပိုက်များ - မီးလောင်နိုင်မှုဆိုင်ရာ စမ်းသပ်သည့်နည်းလမ်း

၁၇၀ MMS ISO 1431-1:2012 ရော်ဘာ၊ ပေါင်းပြီး ရော်ဘာပစ္စည်း သို့မဟုတ် သာမိုပလတ်စတစ်ပစ္စည်းများ - အိုဇုန်းကြောင့် အက်ကွဲမှုကို ခုခံနိုင်စွမ်း - အပိုင်း(၁) - Static and dynamic strain ဆိုင်ရာ စမ်းသပ်ချက်

၁၇၁ MMS ISO 1827:2016 ရော်ဘာ၊ ပေါင်းပြီး ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများ- Quadruple-shear နည်းဖြင့် shear modulus နှင့် rigid plates များပေါ်တွင် တွယ်ကပ်နိုင်မှု စမ်းသပ်ခြင်း

၁၇၂ MMS ISO 188:2011 ရော်ဘာ ၊ ပေါင်းပြီး ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်း- သက်တမ်းတိုးမှုနှင့် အပူခံနိုင်မှု စမ်းသပ်ချက်များ

၁၇၃ MMS ISO 6803:2017 ရော်ဘာနှင့် ပလတ်စတစ်ပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများ - ကွေးသွားခြင်းမရှိဘဲ ဟိုက်ဒရောလစ်ဖိအား ရုတ်တရက်သက်ရောက်မှုစမ်းသပ်ခြင်း

၁၇၄ MMS ISO 37:2017 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများ - Tensile stress-strain ဆိုင်ရာ ဂုဏ်သတ္တိများကို စမ်းသပ်တိုင်းတာခြင်း

၁၇၅ MMS ISO 48-2:2018 ရော်ဘာ၊ ပေါင်းပြီး ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများ - မာကျောမှုကိုတိုင်းတာစစ်ဆေးခြင်း (မာကျောမှု 10 IRHD နှင့် 100 IRHD ကြား)

၁၇၆ MMS ISO 2930:2017 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း- အသားသေအညွှန်းကိန်းကို စစ်ဆေးတိုင်းတာခြင်း

၁၇၇ MMS ISO 11852:2017 ရော်ဘာ — Titration နည်းဖြင့် သဘာဝရော်ဘာအစေးရည်တွင် မဂ္ဂနီစီယမ် ပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း

၁၇၈ MMS ISO 249:2016 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း - အညစ်အကြေး (အမှိုက်) ပါဝင်မှုကို တိုင်းတာစစ်ဆေးခြင်း

၁၇၉ MMS ISO 5772:2015 ရော်ဘာ၊ ပလတ်စတစ်ပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် တိုင်းတာထားပြီးသော လောင်စာဆီ ဖြန့်ဖြူးခြင်း စနစ်များ - စံသတ်မှတ်ချက်များ

၁၈၀ MMS ISO 4641:2016 ရေတင်ခြင်းနှင့် ရေပို့လွှတ်ခြင်းများတွင် အသုံးပြုသော ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် - စံသတ်မှတ်ချက်များ

၁၈၁ MMS ISO 4642-1:2015 မီးသတ်စနစ်တွင် အသုံးပြုသော ခေါက်၍မရသည့် ရော်ဘာနှင့် ပလတ်စတစ်ပိုက်များ - အပိုင်း (၁)- အထိုင်တပ်ဆင်ထားသည့် စနစ်များအတွက် အတန်အသင့်မာကျောသော ပိုက်များ

၁၈၂ MMS ISO 4642-2:2015 မီးသတ်စနစ်တွင် အသုံးပြုသော ခေါက်၍မရသည့် ရော်ဘာနှင့် ပလတ်စတစ်ပိုက်များ - အပိုင်း (၂) - ရေပန့်နှင့် ရေသယ်ယာဉ်များအတွက် အသုံးပြုသော အတန်အသင့်မာကျောသောပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများ

၁၈၃ MMS ISO 2398:2016 ရော်ဘာပိုက်များနှင့် လေဖိအားဒဏ်ခံနိုင်ရန်အတွက် ချည်သားအားဖြည့် ထည့်သွင်းထားသော ရော်ဘာပိုက်များ - စံသတ်မှတ်ချက်များ

၁၈၄ MMS ISO 4079:2017 ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ - ရေ (သို့မဟုတ်) ဆီအခြေခံသော ဟိုက်ဒရောလစ်အရည်များအတွက် အသုံးပြုသည့် ချည်သားအားဖြည့် ထည့်သွင်းထားသော ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် - စံသတ်မှတ်ချက်များ

၁၈၅ MMS ISO 1403:2019 ရော်ဘာပိုက်များ၊ ရေတင်ခြင်း ရေပို့လွှတ်ခြင်း စသည့်အထွေထွေလုပ်ငန်းများတွင် အသုံးပြုသော ချည်သားအားဖြည့်ထည့်သွင်းထားသော ရော်ဘာပိုက်များအတွက် - စံသတ်မှတ်ချက်များ

၁၈၆ MMS ISO 4081:2016 Internal-combustion engines ၏ အအေးပေးစနစ်တွင် အသုံးပြုသည့် ရော်ဘာပိုက်နှင့် ပြွန်များအတွက် - စံသတ်မှတ်ချက်များ

၁၈၇ MMS ISO 8789:2018 မော်တော်ယာဉ်များတွင် အသုံးပြုသော သဘာဝဓာတ်ငွေ့အရည်(LPG) များအတွက် ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် - စံသတ်မှတ်ချက်များ

၁၈၈ MMS ISO 11424:2017 Internal-combustion engines ၏ လေနှင့် လေဟာနယ်စနစ်များတွင် အသုံးပြုသည့် ရော်ဘာပိုက်နှင့် ပြွန်များအတွက် - စံသတ်မှတ်ချက်များ

၁၈၉ MMS ISO 11425:2018 မော်တော်ယာဉ်များတွင် ပါဝင်သည့် power-steering တွင်အသုံးပြုသော ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် - စံသတ်မှတ်ချက်များ

၁၉၀ MMS ISO 4927:2005 မော်တော်ယာဉ်များ - ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ် ဘရိတ်ဆီသုံး Drum type hydraulic brake wheel cylinder များတွင် အသုံးပြုသည့် Elastomeric boot များ (အသုံးပြုစဉ် အမြင့်ဆုံး အပူချိန် ၁၂၀ ဒီဂရီစင်တီဂရိတ်)

၁၉၁ MMS ISO 3996:1995 မော်တော်ယာဉ်များ - ရေနံ အခြေခံမဟုတ်သော ဘရိတ်ဆီသုံး hydraulic braking systems ၏ ဘရိတ်ပိုက်ဆက်ပစ္စည်း

၁၉၂ MMS ISO 4928:2006 မော်တော်ယာဉ်များ- ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ်ဘရိတ်ဆီသုံး ဟိုက်ဒရောလစ် ဘရိတ်စနစ်၏ စလင်ဒါတွင် အသုံးပြုသည့် Elastomeric cups and seal များ (အသုံးပြုစဉ် အမြင့်ဆုံး အပူချိန် ၁၂၀ ဒီဂရီစင်တီဂရိတ်)

၁၉၃ MMS ISO 4930:2006 မော်တော်ယာဉ်များ- ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ်ဘရိတ်ဆီသုံး ဟိုက်ဒရောလစ် ဘရိတ်အဝိုင်းစနစ် စလင်ဒါတွင် အသုံးပြုသည့် Elastomeric seal များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၁၅၀ ဒီဂရီစင်တီဂရိတ်)

၁၉၄ MMS ISO 6117:2005 မော်တော်ယာဉ်များ-ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ် ဘရိတ်ဆီသုံး Drum-type hydraulic brake wheel cylinder များတွင် အသုံးပြုသည့် Elastomeric boot များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၁၀၀ ဒီဂရီစင်တီဂရိတ်)

၁၉၅ MMS ISO 6118:2006 မော်တော်ယာဉ်များ- ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ် ဘရိတ်ဆီသုံး ဟိုက်ဒရောလစ် ဘရိတ်စနစ်၏ စလင်ဒါတွင် အသုံးပြုသည့် Elastomeric cups and seal များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၇၀ ဒီဂရီစင်တီဂရိတ်)

၁၉၆ MMS ISO 6119:2006 မော်တော်ယာဉ်များ - ရေနံ အခြေခံမဟုတ်သော ဟိုက်ဒရောလစ် ဘရိတ်ဆီသုံး ဟိုက်ဒရောလစ်ဘရိတ်အဝိုင်း စလင်ဒါ များတွင် အသုံးပြုသည့် Elastomeric seal များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၁၂၀ ဒီဂရီစင်တီဂရိတ်)

၁၉၇ MMS ISO 7632:1985 မော်တော်ယာဉ်များ - ရေနံ အခြေခံ ဟိုက်ဒရောလစ် ဘရိတ်ဆီသုံး ဟိုက်ဒရောလစ် ဘရိတ်အဝိုင်းစလင်ဒါ များတွင် အသုံးပြုသော Elastomeric seal များ (အသုံးပြုစဉ် အမြင့်ဆုံးအပူချိန် ၁၂၀ ဒီဂရီစင်တီဂရိတ်)

(ဆက်လက်ဖော်ပြပါမည်)

ကြော်ငြာ၊ အားကစား၊ အနုပညာ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂-စီ/ခ)၊ မြေကွက်အမှတ်-၁/၁၅၁(ခ)၊ ဧရိယာ (၀.၁၇၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှလှနွယ်[၁၂/ရကန(နိုင်)၀၅၄၂၄၃]အမည်ပေါက်တည်ရှိပြီး ၎င်းမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း အလျားပေ(၁၀၀x၅၀)၊ အနံပေ(၅၀x၃၀)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်မေသီတာအောင်[၁၄/ပသန(နိုင်) ၂၃၀၈၄၀]မှ မိမိတစ်ဦးတည်းလက်ရောက်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိမ့်ဖြူနိုင်	**ဒေါ်ဥမ္မာဖြိုး**
LL.B,D.B.L,DML	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၉၈၇၇)	**(စဉ်-၄၀၇၁၄)**

အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၆၀၇၇၃၉၃၃၊ ၀၁-၃၉၃၁၇၃

အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာချက်

အမှတ်(၇၅/၈၀)၊ အခန်းအမှတ်(၃၉)၊ အနော်ရထာလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေသူ ကျွန်ုပ်၏ မိတ်ဆွေဦးဇော်နိုင်[၁၂/ပဇတ(နိုင်)၀၀၀၄၀၇]နှင့်ဇနီး ဒေါ်ငွေးငွေးဝင်း[၁၀/မလမ(နိုင်)၁၆၈၁၁၁]တို့၏သား မောင်ဇော်ငွေးအောင်[၁၂/ပဇတ(နိုင်)၀၃၇၅၈၈]သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံမှုမရှိသဖြင့် ယနေ့မှစ၍ မောင်ဇော်ငွေးအောင်အား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် မောင်ဇော်ငွေးအောင်နှင့် စပ်လျဉ်းသောကိစ္စအားလုံးကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းထွန်း(ခ)ဦးငွေသိန်း LL.B(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၂)
အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E-13)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၂၉၀၂

၄-၄-၂၀၂၀ ရက်စွဲပါ ကြေးမုံသတင်းစာ-စာမျက်နှာ(၂၈)ရှိ ဦးတင်ကို [၁၂/ဥကမ(နိုင်)၁၂၀၂၄၃]နှင့် ဒေါ်စန္ဒာမင်း(တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၀))၏ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁/ရပ်ကွက်၊ သုမိတ္တာ(၁၀)လမ်း၊ အမှတ်(၃၉၈)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ ၃ ½ ထပ်တိုက်များအနက်မှ မြေညီထပ်(ခြေရင်းခန်း)နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထိန်လင်း[၁၂/မရက(နိုင်) ၁၂၈၉၀၂]နှင့် ဇနီးဖြစ်သူ ဒေါက်တာဒေါ်ကေသွယ်ဦး[၁၂/ကမရ(နိုင်) ၀၀၀၄၈၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁/ရပ်ကွက်၊ သုမိတ္တာ(၁၀) လမ်း၊ အမှတ်(၁၉၈)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ ခန်းတွဲ၊ ၃ ½ ထပ်တိုက်များအနက်မှ မြေညီထပ်(ခြေရင်း)ခန်းမှာ ကျွန်ုပ်၏မိတ်ဆွေဇနီးမောင်နှံမှ နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်ဖြင့် လူကြီးမင်းတို့ချုပ်ဆိုခဲ့သည်ဆိုသော စာချုပ်ပါနေ့စွဲဖြစ်သည့် ၁၅-၁၂-၂၀၁၅ ရက်ထက်ပိုမိုဆောလျင်စွာဖြင့် ကန်ထရိုက်တာ ဦးညီညီ[၁၂/မရက(နိုင်)၀၀၄၀၇၀]ထံမှ ဝယ်ယူပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများ ဝယ်ယူခဲ့သည်ကိုလည်း မြေရှင်ဖြစ်သည့် ဦးဝင်းနိုင်[၁၂/ဥကမ(နိုင်)၀၇၄၇၂၄]မှ လည်း သိရှိပြီးဖြစ်ပါသည်။

ရန်ကင်းမြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ ရန်ကင်းကံ့ဘဲ့စည်ပင်အိမ်ရာဝင်းတိုက်(B-8)အခန်း (၃၀၄)နေ ဦးနေဝင်း၏ သမီး ဒေါ်အေးသီတာဝင်း[၁၂/ရကန(နိုင်)၀၆၆၈၅၈]နှင့် ဦးလှသိန်း၏သား ဦးစိုင်းနန္ဒ[၁၂/မဂဒ(နိုင်) ၁၁၃၆၁၀]တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၇-၅-၂၀၂၀ ရက်တွင် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ရှေ့မှောက်၌ အသိသက်သေများနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါသဖြင့် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးသီတာဝင်း
[၁၂/ရကန(နိုင်)၁၁၃၆၁၀]

ဒေါ်ခင်ကြူ[၆/ကသန(နိုင်)၀၀၃၃၉၀]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇာဇာချစ်[၁၄/ပသန(နိုင်)၁၆၇၃၈၃]အမှတ်-၄၁၂၊ (B-1)၊ ဗညားဒလလမ်းမကြီး၊ ဘိုးလိမ်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ဒေါ်ခင်ကြူသည် ကျွန်ုပ်တို့မိတ်ဆွေဒေါ်ဇာဇာချစ်အား HYUNDAI D4BH အမျိုးအစားမော်တော်ကားအမှတ်-1J-9127 (Light Truck)ကို ပိုင်ရှင်စာအုပ်မူရင်း၊ အာမခံစာအုပ်မူရင်းနှင့် စာရွက်စာတမ်းများပေးအပ်၍ ကားတန်ဖိုးငွေအပြေ အကျေရယူရောင်းချထားကြောင်း ကျွန်ုပ်တို့ထံစာချုပ်ကိုပြသ၍ ညွှန်ကြားလာပါသည်။

မော်တော်ကားကို လိုင်စင်အသစ်ဝင်ရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ယုံကြည်စွာငွေပေး၍ လိုင်စင်အသစ်ဝင်ခိုင်းစေခဲ့ပါသည်။ လူကြီးမင်းက လိုင်စင်အသစ်ဝင်မည့်နေ့ကို ရက်သတ်မှတ်ရရှိပါက မော်တော်ကားနှင့်ပတ်သက်သော မူရင်းစာရွက်စာတမ်းများအား ကျွန်ုပ်တို့၏မိတ်ဆွေထံလာရောက်ယူမည်ဟုပြောကြားသဖြင့် စောင့်ဆိုင်းခဲ့သော်လည်း ဒေါ်ခင်ကြူဘက်က Covid-19 ကာလတွင် ကညနရုံး ခေတ္တလုပ်ငန်းရပ်ဆိုင်းထားသဖြင့် အချိန်မရသည်ကို အကြောင်းပြနေပါသည်။ ယခုအခါ ၈-၆-၂၀၂၀ရက်တွင် ကညနလုပ်ငန်းများ တရားဝင်ဖွင့်လှစ်မည်ဖြစ်သောကြောင့် မော်တော်ကားကို ဤကြေညာချက်ပါရှိသည့်နေ့မှ(၇)ရက်အတွင်း လာရောက်အပ်နှံပါရန် အကြောင်းကြားပါသည်။ အဆိုပါ မော်တော်ကားလက်ဝယ်ထားရှိသူများနှင့် အများသိစေရန်ဖြစ်ပြီး သတ်မှတ်သည့်နေ့ ကားအပ်နှံရန်ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်မြင့်
စဉ်-၁၀၉၁၆

ဒေါ်ခြူးနန္ဒီစိုးမိုး
စဉ်-၅၀၆၉၂

အထက်တန်းရှေ့နေများ
အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

ဦးသက်မောင်တင့် (ခ) ဦးထွန်းလင်းအောင်
ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)
အသက် (၆၅) နှစ်

တောင်ငူမြို့နေ [ဦးမောင်မောင်(လမ်းအရေးပိုင်)-ဒေါ်သန်းကြည်]၊ ရန်ကုန်မြို့နေ [ဦးသန်းဖေ(အင်ဂျင်နီယာချုပ်နှင့် နယ်မြေအရာရှိ)-ဒေါ်ခင်ထွေး]တို့၏မြေး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၁၇)၊ အခန်း(၂)နေ [ဦးခင်မောင်တင့်(နယ်ပိုင်ဝန်ထောက်)-ဒေါ်ရင်ကြည်(အထပြ)]တို့၏သား၊ ဒေါ်သဇင်တင့်(မူပြ-ငြိမ်း)-ဦးသိန်းဝင်း(တပ်စာရင်းကိုင်-ငြိမ်း)၊ ဦးမောင်မောင်ဖြူတင့်(ညွှန်မှူး-ငြိမ်း)-ဒေါ်ခင်ကြွေ(မူပြ-ငြိမ်း)၊ ဗိုလ်မှူးကြီးအေးဇော်(ငြိမ်း)-ဒေါ်နီနီလှမြင့်တို့၏ မောင်/ညီ၊ ဒေါ်မာချိုတင့်(ဦးစီးအရာရှိ-ငြိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန)-ဦးခင်မောင်ဆွေ(ဦးစီးအရာရှိ-ငြိမ်း၊ လဝက)၊ (ဦးကြည်မောင်တင့်)-ဒေါ်ခင်ထားကြည်၊ ဗိုလ်မှူးရဲထွန်း(ငြိမ်း) (ခ) နတ်သျှင်နောင်တင့်-ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်အေးကြီး (ကလေးအထူးကုပါရဂူ)တို့၏အစ်ကို၊ ဒေါ်ခင်အိအိဖြူတင့်၊ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်၊ ဦးထူးဇော်တင့်၊ ဒေါ်တင်မမဇော်၊ ဗိုလ်မှူးမင်းသူ၊ ဦးထွန်းဝင်းအောင်၊ ဦးကျော်ဇင်သက်၊ ဦးကျော်ဇင်ဟန်(ဒု-လက်ထောက်ဦးစီးမှူး၊ ငါးဦးစီး)၊ ဒေါ်နွေးနွေးယု၊ ဒေါ်မဥ္ဆူထွန်း(PWC-Manager)၊ ဦးသန့်ထွန်း၊ ဒေါက်တာဝေထွန်း(ဆေး/မန်း)တို့၏ ဦးလေး/ဘကြီးသည် ၆-၆-၂၀၂၀ ရက် နံနက် ဝဝ:၅၆ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၊ မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၊ မင်္ဂလာဒုံရှိ ငြိမ်းအေးဇရပ်၌ သရဏဂုံတင်၍ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်အေး
မင်းလှ (ပဲခူးတိုင်းဒေသကြီး)
အသက် (၉၈) နှစ်

ဦးသက်လွင်-ဒေါ်ဝင်းယုချို၊ ဦးကြည်လွင်-ဒေါ်လှဲ့လှဲ့ခိုင်တို့၏ မိခင်ကြီး၊ ကိုသီဟဇော်-မသီတာဝင်းရွှေ၊ ကိုနေမျိုးဗလ-မသက်သက်မွန်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၅-၆-၂၀၂၀ (သောကြာနေ့) ည ၉:၄၀ နာရီတွင် အမှတ်(A-10)၊ မေတ္တာလမ်း၊ ကန်သာရပ်၊ မကွေးမြို့နေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြီး ကျန်ရစ်သည့်ရုပ်ကလာပ်ကို ၆-၆-၂၀၂၀ (စနေနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စိန်ဝင်း (ကန်တော်ကလေး)
အသက် (၁၀၃) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ်(၃၃)နေ (ဦးဖိုးအောင်-ဒေါ်ခင်စိန်)တို့၏သမီး၊ (ဦးဖိုးထောင်)၏ညီမ၊ (ဦးမြင့်စိုး)၊ (ဒေါ်စိန်ရင်)၊ (ဦးခင်မြင့်)၊ (ဒေါ်လှကြည်)တို့၏အစ်မ၊ ဦးထွန်းမြင့်(မြေတိုင်းဦးစီးဌာန)၏အစ်မ၊ တူမ လေးယောက်၊ တူ သုံးယောက်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်အေး
အသက် (၈၅) နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်(၂၈၇)နေ ဦးအောင်မင်း-ဒေါ်ဝေဝေသော်၊ ဒေါ်တင်တင်မိုး၊ ဦးမောင်လှ-ဒေါ်တင်တင်မော်၊ ရန်ကုန်မြို့နေ ဦးသန်းဦး-ဒေါ်ခင်သန်းငွေ၊ မအူပင်မြို့၊ ဈေးလမ်းနေ ဦးကျော်ကျော်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးမြင့်ဆွေ)၏ ချစ်လှစွာသောဇနီးသည် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အကွက်(၂၈၇)နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးရွှေစိန် (နတ်မြစ်/စစ်တွေ)
မြန်မာ့သစ်လုပ်ငန်း (ငြိမ်း)
အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၁၈၆)၊ ငါးလွှာနေ (ဦးချင်းဖေါ်-ဒေါ်မေဖြူ)တို့၏သား၊ (ဦးဘကျော်-ဒေါ်စိန်ညွန့်)တို့၏ သားသမက်၊ ဒေါ်သိန်းကြည်၏ခင်ပွန်း၊ ဦးမြတ်သူ-ဒေါ်တင်တင်အေး၊ ဦးဇော်ငြိမ်းအောင်-ဒေါ်လေးလေးမြင့်၊ ဦးဗိုလ်ဘိုမောင်-ဒေါ်အေးခိုင်မိုးတို့၏ဖခင်ကြီး၊ မစံစံမြတ်သူ၊ မောင်သုတမြတ်သူ၊ မောင်ဉာဏ်လင်းထက်၊ မောင်ဘုန်းမြတ်သော်တို့၏အဘိုး ဦးရွှေစိန်သည် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၄:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၂၀ (သောကြာနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

ဗိုလ်ကြီးစောဝင်း (ငြိမ်း)
ကြည်း/၁၈၄၃၄၊ OTS -၆၇
အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အောင်သိဒ္ဓိ(၁)လမ်းနေ (ဦးဝင်းမြင့်)-ဒေါ်အေးသိန်းတို့၏သား၊ မွန်ပြည်နယ်၊ သထုံမြို့နယ်နေ (ဦးလွန်း-ဒေါ်ငွေရင်)တို့၏ သားသမက်၊ (ဦးစိုးဝင်း)-ဒေါ်ငယ်၊ ဦးစိန်ဝင်း-ဒေါ်သီသီထွန်း၊ (ဦးငွေဝင်း)၊ ဦးမျိုးဝင်း-ဒေါ်တင်တင်သန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၃)ရပ်ကွက်၊ (စီ-၃လမ်း)၊ တိုက်(၃၇)၊ အခန်း(၂၀၄)၊ ဒုတိယထပ်နေ ဒေါ်တင်ဝင်း၏ခင်ပွန်း၊ ဒုအရာခံဗိုလ်မျိုးဝင်းလတ်-ဒေါ်ခင်မျိုးဦး၊ ဗိုလ်ကြီးဇော်မျိုးထွန်း(ငြိမ်း)-ဒေါ်ဖြူဖြူဝင်း၊ ဦးညီညီဝင်း-ဒေါ်အိအိခိုင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၆-၆-၂၀၂၀(စနေနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၃) ရပ်ကွက်၊ (စီ-၃လမ်း)၊ တိုက်(၃၇)၊ အခန်း(၂၀၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

ဒေါ်တင်အေးမြင့်
အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅၀၁) (စေတနာရှင်ထမင်းဆိုင်)နေ (ဦးညို-ဒေါ်သိန်းရှင်)တို့၏သမီး၊ ဦးခင်မြင့်၏ ချစ်လှစွာသောဇနီး၊ မောင်ငွေးကိုကို၊ မောင်အေးကိုကို၊ မောင်မွေးကိုကို၊ မောင်ထွေးကိုကို၊ မခင်စန္ဒာအေး၊ အရှင်ဝိလာသ (မောင်ဇော်ရဲမြင့်)၊ မောင်ကျော်ဇင်ဝင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်တင်အေးမြင့်သည် ၅-၆-၂၀၂၀ (သောကြာနေ့) ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၆-၆-၂၀၂၀ (စနေနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည် (ဝေါ)
အသက် (၉၃) နှစ်

အမှတ် (၃၆-က)၊ ဂန္ဓာမာလမ်း၊ (၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျော်မြင့်)၏ဇနီး၊ ဦးအောင်မြင့်ဦး၊ ဦးဝင်းမြင့်-ဒေါ်ခင်လှကြည်၊ ဒေါ်လှလှဝင်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်အေးအေးဝင်း၊ ဦးမျိုးဝင်း၊ ဒေါ်သန်းသန်းဝင်းတို့၏မွေးသမိခင်၊ မြေး သုံးယောက်၊ မြစ်ငါးယောက်တို့၏အဘွား ဒေါ်ခင်ကြည်သည် ၆-၆-၂၀၂၀ ရက် နံနက် ၇ နာရီတွင် (၉၆)ပါးသောရောဂါနှင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း
ဒေါ်ခင်ကြည်
အသက် (၉၃) နှစ်

မိခင်ကြီး၏ဈာပနကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်နီး/ရပ်ဝေးမှ ညီအစ်ကိုမောင်နှမများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

လွမ်းဆွတ်သတိရခြင်း
ဗိုလ်မှူးမိုးဟိန်း (ကြည်း-၆၀၆၇)
ဗိုလ်သင်တန်းအမှတ်စဉ် (၅)

ဖခင်ဖြစ်သူ ကွယ်လွန်သွားသည်မှာ နှစ်ငါးဆယ်ပြည့်ပါပြီ။

(၇.၆.၁၉၇၀ - ၇.၆.၂၀၂၀)

ကျန်ရစ်သူ မိုးမိသားစု

ဒေါ်နှင်းရီ
ခတ်ခွဲကျွမ်းကျင်(၃)၊ ငြိမ်း
အပတ်စဉ်-၁၅
အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၁)၊ ရာဇဓိရာဇ်လမ်း၊ (၁၁၉) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်နေ (ဦးအောင်ထွန်း)၊ (ဒေါ်အေးရင်)တို့၏သမီး၊ ဦးသန်းအောင်(ခတ်ခွဲကျွမ်းကျင်-၃၊ အပတ်စဉ်-၁၄)၏ဇနီး၊ စောအောင်မြင့်ဦး-ခင်သန္တာ၊ နော်ဖြူအိဇင် (EMC Co.,Ltd)၊ ရဲမှူးစောအဲခဲလယ်(သတင်းရဲတပ်ဖွဲ့-နေပြည်တော်)-စုဝေရည်တို့၏မွေးသမိခင်၊ မြေး လေးယောက်တို့၏ချစ်လှစွာသောအဘွား ဒေါ်နှင်းရီသည် ၆-၆-၂၀၂၀ ရက် မွန်းလွဲ ၁၂:၅၀ နာရီတွင် ရန်ကုန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမိုးဟိန်း (တရားလွှတ်တော်ရှေ့နေ)
အသက် (၄၃) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ (၁၉)ရပ်ကွက်၊ စွန်းလွန်းကွက်သစ်တောင်ပိုင်း၊ အမှတ် (ခ/၁၀၀)နေ [ဦးအကောက်(ခ)ဦးလှဖေ]-ဒေါ်ဝင်းဝင်းမေတို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၁၄)နေ ဦးစိုးပိုင်-ဒေါ်မေနှင်းကြူတို့၏ သားသမက်၊ မဇင်ဖြူဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်း-ဒေါ်ဥမ္မာသီ၊ ဦးစည်သူ-ဒေါ်စန္ဒာသီ၊ ဦးမျိုးဝင်းနိုင်-ဒေါ်မာလာသီ၊ ဦးအောင်မြင့်မောင်-ဒေါ်နှင်းရီအေးတို့၏ မောင်၊ ဦးနေဇင်အောင်-ဒေါ်အေးအေးအောင်တို့၏ အစ်ကိုသည် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၂၀ ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း)
အသက် (၅၆) နှစ်
(BC-၂၁၉၂၉)၊ (DSA-29)
ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးမှူးရုံး
ပြည်တွင်းအခွန်များဦးစီးဌာန

အစ်ကိုကြီး ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း)သည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အမှတ်စဉ် (၃၁)မှ
ညီလေးများနှင့် မိသားစုများ

ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

facebook



အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၆-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၁၃၈)ခု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL – Mdy) မှ ဓာတ်ခွဲနမူနာ (၂၇၇) ခု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL – Mlm) မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၁) ခု၊ စုစုပေါင်း (၁၅၉၉)ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦး တွေ့ရှိရပါသည်။

၂။ (၆-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၀) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၅) ဦး (Case- 42, 61, 91, 93, 192) ရှိခဲ့သဖြင့် စုစုပေါင်း (၁၅၆) ဦးရှိပြီး ၎င်းတို့အနက် (၁၃၆) ဦးအား စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❐

(၆-၆-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်ခဲ့သည့်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ခရီးသွားရာဇဝင်ရှိ/မရှိ	ဆေးကုသမှုခံယူနေသည့်ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
237	၃၂ နှစ်	မ	မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	ရှိ (အိန္ဒိယ)	ဝေဘာဂီအထွေထွေရောဂါကုဆေးရုံကြီး	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (မြောက်ဥက္ကလာမြို့နယ်)
238	၆၅ နှစ်	မ	ပျဉ်းမနားမြို့နယ်၊ နေပြည်တော်	မရှိ	ရှိ (အိန္ဒိယ)	ဝေဘာဂီအထွေထွေရောဂါကုဆေးရုံကြီး	တွေ့ရှိ	
239	၇၂ နှစ်	ကျား	ပျဉ်းမနားမြို့နယ်၊ နေပြည်တော်	မရှိ	ရှိ (အိန္ဒိယ)	ဝေဘာဂီအထွေထွေရောဂါကုဆေးရုံကြီး	တွေ့ရှိ	
240	၃၈ နှစ်	မ	ပျဉ်းမနားမြို့နယ်၊ နေပြည်တော်	မရှိ	ရှိ (အိန္ဒိယ)	ဝေဘာဂီအထွေထွေရောဂါကုဆေးရုံကြီး	တွေ့ရှိ	

ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁၀၂ ဦးအား သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် ဇွန် ၆

ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသော မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီခွဲက နေရပ်ပြန်ပြည်သူ ၁၀၂ ဦးအား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

လွှဲပြောင်းပို့ဆောင်

အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၀၂ ဦးတွင် အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၄၈ ဦးဖြစ်ပြီး စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ○

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်လက်ကျန်ပွဲများ ပြန်လည်ကျင်းပမည်

ရန်ကုန် ဇွန် ၆

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲကစားမည့်ရက်များ ထွက်ပေါ်လာပြီဖြစ်ပြီး အောက်တိုဘာနှင့် နိုဝင်ဘာတွင် ပြန်လည်ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ်လနှင့် ဇွန်လတွင် ကျင်းပရန် စီစဉ်ထားသည့်ပွဲများကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး လွန်ခဲ့သည့်ရက်ပိုင်းက ပွဲစဉ်များ ပြန်လည်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲလက်ကျန်ပွဲများကို အောက်တိုဘာ ၈ ရက်နှင့် ၁၃ ရက်၊ နိုဝင်ဘာ ၁၇ ရက်တွင် စာမျက်နှာ ၅ ကော်လံ ၄ သို့ ●

ကြေးမုံ ယနေ့ ဖတ်စရာ

ကူးစက်ကပ်ရောဂါ၊
လူသားတို့၏ စိုးရိမ်မှုနှင့် New Normal
ဆောင်းပါး စာမျက်နှာ » ၁၆

ရမည်းသင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေ့စိုးဦး(ယခု မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး)နှင့် ရမည်းသင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်ထွေး (ယခု မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး)တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ
စာမျက်နှာ » ၂၂

ဘင်ချီဝဲလ်နဲ့ တီမိုဝါနာတို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ချယ်လ်ဆီးအသင်း လက်ရှိကစားသမား ခုနစ်ဦးအထိ အသင်းကနေ ထွက်ခွာခွင့်ပြုမည်
စာမျက်နှာ » ၂၆



ချင်း(ဇိုမီး)တိုင်းရင်းသားတို့၏ မိခင်စာပေသမိုင်းအကြောင်းတစေ့တစောင်း

ဇိုဟောဆာ

လူမျိုးတိုင်းတွင် ကိုယ်ပိုင်ဘာသာစကားနှင့် ကိုယ်ပိုင်စာပေရှိမှတင့်တယ်၏။ စာပေသည်လူမျိုး၏အသက်ဟု ဆိုရိုးစကားအတိုင်း လူမျိုးတစ်မျိုးတွင် စာပေဟူ၍မရှိပါက ရေရှည်ရှင်သန်ရပ်တည်နိုင်ရန် မဖြစ်နိုင်ပါ။ ပျူလူမျိုးတို့၏ သမိုင်းသင်ခန်းစာက ဖော်ပြနေသည်ကို သတိပြုမိကြမည်ဖြစ်ပါသည်။ စာပေသည် လူမျိုးအတွက် အလွန်အရေးကြီးကြောင်း သိထားကြပြီးနောက် မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းတွင် နေထိုင်သည့် ချင်း(ဇိုမီး)တိုင်းရင်းသားတို့၏ မိခင်စာပေသမိုင်းအကြောင်းကို လေ့လာတင်ပြမည်ဖြစ်ပါသည်။ အဆိုပါ ချင်း(ဇိုမီး)စာပေသမိုင်းအကြောင်းကို ခေတ်အလိုက် လေ့လာသုံးသပ်ပြီး ခွဲခြမ်းကြည့်လျှင် (၁) အရုပ်စာပေအသုံးပြုသောခေတ်၊ (၂) ပေါ်ကျင့်ဟောစာပေ(သို့) တိုင်းရင်းချင်းစာပေ ပေါ်ထွန်းလာသောခေတ်၊ (၃) မြန်မာစာပေရောက်ရှိလာသောခေတ်၊ (၄) ရောမအက္ခရာစာပေခေတ်နှင့် (၅) လွတ်လပ်ပြီးခေတ် (မျက်မှောက်ကာလအခြေအနေ)ဟူ၍ အဆင့်ဆင့်ဖြစ်ပေါ်လာကြောင်းကို လေ့လာတွေ့ရှိနိုင်ပါသည်။

၁။ အရုပ်စာပေအသုံးပြုသောခေတ်

Tibeto- Burman နွယ်ဝင် Indo- Burma Border Area တွင် အများစုနေထိုင်သည့် ချင်းတိုင်းရင်းသားများတွင် ရှေးပဝေသဏီတုန်းက စာပေရှိခဲ့ဖူးကြောင်း အဆိုစကားရှိသော်လည်း ယနေ့အချိန်ထိ ခိုင်လုံသောအထောက်အထားမတွေ့ရှိသေးပေ။ ရှေးခေတ်ချင်း(ဇိုမီး)တိုင်းရင်းသားတို့သည် လူသိရှင်ကြားအများသိစေလိုသော အချက်များဖြစ်သည့် ယောကျ်ားကောင်းတစ်ဦးအနေဖြင့် မိမိဖမ်းဆီးရရှိသော သားကောင်ကြီးများကို အမှတ်အသားပြုသည့်အနေဖြင့် လူအများဖြတ်သန်းသွားလာသော ရွာအဝင်လမ်းနံဘေး အနားယူရာနေရာများတွင် ကျောက်တုံးအကြီး၊ အလတ်၊ အငယ် စသဖြင့် မိမိဖမ်းယူရရှိသော သားကောင်အကြီး၊ အလတ်၊ အငယ် အလိုက် စိုက်ထူခဲ့ကြသည်။ အကြီးဆုံးသားကောင်များဖြစ်သော ဆင်၊ ကြံ့ စသည့် အကောင်ကြီးများ ဖမ်းယူရရှိပါက ရရှိသောသားကောင်အရေအတွက်အလိုက် ကျောက်တုံးကြီးများ စိုက်ထူခဲ့ကြသည်။ သားကောင်အလတ်စားများဖြစ်သည့် တောဝက်၊ ဝက်ဝံ၊ ဆတ်၊ ပြောင် စသည့် သားကောင်များ ဖမ်းယူရရှိသောအခါ အရေအတွက်အလိုက် ကျောက်တုံးအလတ်စားများ စိုက်ထူခဲ့ကြသည်။

အမှတ်အသားပြု

ချေ၊ တောကြောင် စသည့် သားကောင်များရရှိသောအခါ ကျောက်တုံးအငယ်များကို သားကောင်အရေအတွက်အလိုက်စိုက်ထူပြီး အမှတ်အသားပြုခဲ့ကြသည်။ လက်မှုပညာနှင့် ယဉ်ကျေးမှုတိုးတက်လာသောအခါ မှတ်တမ်းတင်လိုသောအရာများအား သစ်တိုင်များကို လူခန္ဓာပုံသဏ္ဌာန်ပြုလုပ်ပြီး ၎င်းသစ်တိုင်ပေါ်တွင် မိမိဖမ်းယူရရှိသော သားကောင်များ၏ ပုံကိုထွင်းထုခဲ့ကြသည်။ ချင်းတိုင်းရင်းသားတို့၏ အမြတ်တနိုးထားရှိသော ကျောက်ပုတီးများနှင့် ကြေးမောင်းများ၊ ငွေဒင်္ဂါးများ၊ ရုပ်ပုံများကိုလည်း မိမိပိုင်ဆိုင်ရရှိသမျှ လူသိရှင်ကြား ကြေညာသောအနေဖြင့် ကျောက်တိုင်စိုက်၍ ရုပ်ပုံများဖြင့် ကမ္ပည်းထိုးမှတ်တမ်းတင်ခဲ့ကြသည်။ တဖြည်းဖြည်း တိုးတက်လာသောအခါ သစ်သားပေါ်မှတစ်ဆင့် ကျောက်ပြားကြီးများပေါ်တွင် အရုပ်များ ထွင်းထုခဲ့ကြသည်။

မင်္ဂလာပွဲများနှင့် တရားစီရင်ရေးဆိုင်ရာ အရေးကြီးသော အချေအတင်စကားပြောဆိုရာ၌ လူကြီးများက စကားအချက်အလက်များကို မှတ်သားသည့်အနေဖြင့် အောင်လောက်ပဲစေ့များသုံး၍အချက်တစ်ချက်လျှင် ပဲစေ့တစ်လုံးချင်းရွှေ့ကာ အချေအတင်ပြောဆိုခဲ့ကြသည်။ နေ့ရက်၊ လ၊ ခုနှစ်များနှင့် ကိန်းဂဏန်း စသည့် အရေအတွက်များကိုလည်း အောင်လောက်ပဲစေ့များဖြင့် လည်းကောင်း၊ ကြိုးထုံးခြင်းဖြင့် လည်းကောင်း၊ ခြစ်ရာများဖြင့် လည်းကောင်း မှတ်သားခဲ့ကြသည်။

ဤသို့ဖြင့် စာပေအက္ခရာမရှိသေးသော အချိန်ကာလအတွင်း အရုပ်စာပေများနှင့် အရေအတွက်ဆိုင်ရာ အမှတ်အသားအမျိုးမျိုးတို့ကို အသုံးပြုခဲ့ကြသည်။ အကြောင်းအရာပိုင်းဆိုင်ရာ သားစဉ်မြေးဆက်မှတ်သားဖွယ်ရာများကိုမူ သီချင်းများ၊ ကဗျာလင်္ကာများ၊ စကားထာများ၊ စကားပုံများဖြင့် သီကုံးဖွဲ့နွဲ့ကာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်း၍ မှတ်တမ်းတင်ခဲ့ကြသည်။ သို့ဖြစ်ရာ ချင်းတိုင်းရင်းသားများ စာမဲ့ပေမဲ့ဘဝဖြင့် အခက်အခဲအမျိုးမျိုး ရင်ဆိုင်နေခဲ့ကြသည်မှာ (၁၈)ရာစု ကုန်ခါနီးအထိတိုင်ဖြစ်ပါသည်။ ထိုစဉ်အခါက အခြားသောကမ္ဘာ့လူမျိုးတို့သည် စာပေအသီးသီးရှိကြပြီးဖြစ်သော်လည်း ချင်းတိုင်းရင်းသားများတွင်မူ လူမျိုးခြားမည်သည့် အစိုးရနှင့်မျှ ထိတွေ့ဆက်ဆံခြင်း မရှိသေးသဖြင့် လူမျိုးခြားတိုင်းတစ်ပါး၏ စာပေသည်လည်း ချင်းတောင်သို့ ရောက်ရှိခဲ့ခြင်းမရှိသေးချေ။

ချင်း(ဇိုမီး)တိုင်းရင်းသားမိခင်စာပေ တီထွင်သူ လိုင်ပီအန်လိုဂိုနှင့် အခြေခံအက္ခရာများ

ရုပ်ပုံနှင့် တိုင်းရင်းမိခင်စာပေတွဲထား၍ ထွင်းထုထားသည့် ကမ္ပည်းကျောက်စာတိုင်

၂။ ပေါ်ကျင့်ဟောစာပေ (သို့) တိုင်းရင်းချင်းစာပေပေါ်ထွန်းလာသောခေတ်

(၁၈)ရာစုကုန်ခါနီးအထိ ချင်းတိုင်းရင်းသားများသည် စာပေအက္ခရာမဲ့ဘဝဖြင့်ရှိနေစဉ် မည်သည့်အတန်း၊ မည်သည့်စာပေပညာမှ မတက်ဘဲ အိမ်တွင်း၌ ၁၅ နှစ်လုံးလုံး နာတာရှည်ရောဂါစွဲကပ်ခံစားနေသည့် တီးတိန်မြို့နေ ပေါ်ကျင့်ဟော (Pau Cin Hau) ဆိုသူသည် အနန္တတန်ခိုးရှင် ပါးယုန်း၏ ဗျာဒိတ်တော်လာသွန်သင်မှုဖြင့် ကမ္ဘာတွင် သီးခြားစာပေတစ်မျိုးကို ၁၈၉၉ ခုနှစ်က တီထွင်ဖန်တီးနိုင်ခဲ့သည်။ ဤစာပေကို ပေါ်ကျင့်ဟောစာပေဟူ၍ လည်းကောင်း၊ တိုင်းရင်းချင်းစာပေ(Zotual Lai)ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့သည်။ ဤစာပေသည် ချင်းတိုင်းရင်းသားများအတွင်း ပထမဦးဆုံး ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သဖြင့် စာပေတီထွင်သူ ပေါ်ကျင့်ဟောအား လိုင်ပီအန်ပါး – Laipianpa(ခေါ်) စာပေတီထွင်သူ၊ စာပေ၏ဖခင်ကြီးဟူသော ဘွဲ့ထူး၊ ဂုဏ်ထူးကိုလည်း လူအများက ပေးအပ်ကာ သူ့အမည်ကို လိုင်ပီအန်ပေါ်ကျင့်ဟောဟူ၍ ခေါ်ဆိုခဲ့ကြသည်။ ဤစာပေသည် ချင်းတိုင်းရင်းသားများအတွင်း ပထမဦးဆုံးပေါ်ထွန်းခဲ့သော အမျိုးသားကိုယ်ပိုင်စာပေပင်ဖြစ်သည်။

ပေါ်ကျင့်ဟောသည် စာပေတီထွင်ဖန်တီးနေစဉ် နှုတ်မှတဖွဖွရေရွတ်နေပြီး မီးသွေးများဖြင့် အိမ်နံရံများနှင့် ကျောက်တုံးများပေါ်တွင် စာလုံးများကို ရေးမှတ်ခဲ့သည်။ မြေပြင်ညီပေါ်တွင်လည်း တုတ်ချွန်ဖြင့်ခြစ်လိုက်၊ ဖျက်လိုက်လုပ်၍ နှုတ်မှလည်း တဖွဖွရေရွတ်နေသဖြင့် သူ့ကိုမြင်တွေ့နေသူများက စိတ်မနှံ့သူအရူးဟုပင် ထင်မှတ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်က ချင်းတိုင်းရင်းသားများတွင် စာပေ(Lai)ဟူသော ဝေါဟာရစကားလုံးပင် မရှိသေးခြင်းကြောင့်ဖြစ်သည်။ သူသည် တွေ့ရှိသမျှသော စာလုံးများကို ချက်ချင်းအသုံးပြုသင်ကြားပေးခဲ့ပြီး နှစ်နှစ်ခန့်ကြာသောအခါ အောင်မြင်စွာ တီထွင်ဖန်တီးခဲ့သည်။ ထိုအချိန်ထိ ချင်းတိုင်းရင်းသားများတွင် စာမရှိ၊ ပေမရှိဘဲ အဘက်ဘက်မှ အောက်ကျ၊ နောက်ကျရှိနေပြီး စာပေကို ငံ့လင့်တောင့်တနေစဉ်ဖြစ်သောကြောင့် ၎င်းစာပေပေါ်ထွန်းသည့် ဂုဏ်သတင်းသည် ချင်းတောင်နေရာအနှံ့ ပျံ့နှံ့ခဲ့သည်။ စာတတ်လိုသူများသည် သူ့ထံသို့ လာရောက်ကာ စာပေရေးသားနည်းများကို သင်ယူခဲ့ကြသည်။

တစ်ဟုန်ထိုးပျံ့နှံ့

ထိုမှတစ်ဆင့် တစ်ဖန်သင်ယူကြရာ အနယ်နယ်အရပ်ရပ်သို့ တစ်ဟုန်ထိုးပျံ့နှံ့သွားပြီး ချင်းပြည်နယ်ရှိ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်၊ ဖလမ်းမြို့နယ်၊ ဟားခါးမြို့နယ်နှင့် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ မဏိပူရ်ပြည်နယ်အထိ ၎င်းစာပေ တစ်ဟုန်ထိုးပျံ့နှံ့ရောက်ရှိခဲ့သည်။ ထိုအချိန်မှစ၍ မှတ်တမ်းမှတ်ရာများကို စာပေဖြင့် ရေးမှတ်ကြပြီး ကျောက်တိုင်များတွင်လည်း အရုပ်နှင့် ချင်းစာပေဖြင့်တွဲ၍ ထွင်းထုခဲ့ကြသည်။

ဤစာပေသည် ချင်းတိုင်းရင်းသားများ၏ ပြောစကားကို အခြေခံသောစာပေဖြစ်သဖြင့် ချင်းတိုင်းရင်းသားများအတွက် အကောင်းဆုံးနှင့် အလွယ်ကူဆုံးစာပေဖြစ်သည်။ ချင်းစကားသံများသည် မူရင်းအက္ခရာစာလုံးပေါင်း ၁၀၅၁ လုံးရှိပြီး အသံတစ်သံစီသာထွက်သဖြင့် အသံတစ်သံလျှင် စာလုံးတစ်လုံး (Monosyllabic) စာပေအက္ခရာမျိုး ဖြစ်သည်။ အသံအတိုအရှည်၊ အနိမ့်အမြင့်များကို စာလုံးတစ်လုံးတွင် တက်ကျသံ သင်္ကေတခြောက်မျိုးစီဖြင့် ပွားယူနိုင်သည်။ စာပေတီထွင်သူသည် သင်ယူသူအတွက် လွယ်ကူစွာမှတ်ယူနိုင်ရန် အီဖူး(အရာဝတ္ထုဆိုင်ရာ အခေါ်အဝေါ်များ)၊ မင်ဖူး(အမည်နာမဆိုင်ရာ အခေါ်အဝေါ်များ)၊ ဒုံလိန်ဖူး(မေးမြန်းခြင်းဆိုင်ရာ အခေါ်အဝေါ်များ)၊ လွန်းရှာဖူး (နေထိုင်စားသောက်ခြင်းဆိုင်ရာ အခေါ်အဝေါ်များ)၊ ထာတုတ်ဖူး (အသုံးအဆောင်ဆိုင်ရာ အခေါ်အဝေါ်များ) နှင့် ထွမ်ဇုံဖူး (ထိတွေ့ခံစားခြင်းဆိုင်ရာ အခေါ်အဝေါ်များ)စသည်ဖြင့် လက်ာဖွဲ့ပြီး အခန်း(၆) ခန်း ခွဲခြားထားသည်။ ဤစာပေ၏ ထူးခြားချက်မှာ ချင်းစကားလုံးများကို အသံနေ၊ အသံထား၊ အသံအနိမ့်အမြင့်၊ အတိုအရှည်တို့ကို အတိအကျခွဲခြားရေးသားခြင်းဖြစ်သည်။

ပထမကမ္ဘာစစ်တွင် ချင်း(ဇိုမီး)တပ်သားဦးရေ ၁၀၀၀ ကို စစ်ကူအဖြစ် ပြင်သစ်နိုင်ငံသို့ သွားရောက်ရာတွင်လည်း ချင်းတောင်နေမိသားစုများနှင့် ပြည်တွင်းအခြေအနေများကို ၎င်းစာပေဖြင့်သာဆက်သွယ်ခဲ့ကြသည်။ အိမ်မှပေးပို့သော တိုင်းရင်းချင်းစာပေဖြင့် ရေးထားသည့်ပေးစာများထဲတွင် အင်္ဂလိပ်အစိုးရနှင့် ဒေသခေါင်းဆောင်များ တိုက်ပွဲဖြစ်သည့် အကြောင်းရေးထားသည့် စာရရှိသောအခါ အိမ်ပြန်ကြရန်ဆန္ဒပြုကြရာမှ ချင်းတပ်သားအားလုံး ချင်းတောင်သို့ ၁၉၁၈ ခုနှစ်တွင် ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၀၀ မှ ၁၉၃၀ ပြည့်နှစ်အကြား ၎င်းစာပေကို ချင်းတောင်မြောက်ပိုင်းဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။

ထပ်ဆင့်တီထွင်

နယ်ချဲ့အင်္ဂလိပ်တို့က ချင်းတောင်ကို သိမ်းပိုက်ပြီးနောက် မေမြို့(ပြင်ဦးလွင်)တွင် ရုံးထိုင်နေသူ Dr.W. Sherrat(Secretary, British and Foreign Bible Society of Burma) က ချင်းတောင်တွင် ထူးခြားသော စာပေအသုံးပြုနေကြောင်းကို ကြားသိသောအခါ ကိုယ်တိုင်လာရောက်စုံစမ်းကာ သုံးရက်တိုင်တိုင် မေးမြန်းလေ့လာခဲ့သည်။ Dr.W. Sherrat က စာပေတီထွင်သူထံ လက်နှိပ်စက်နှင့် ရိုက်နိုင်ရန် စာလုံးရေလျှော့ချနိုင်ရေးအတွက် စာလုံးပေါင်းနည်းဖြင့် ပြန်လည်မွမ်းမံရန် အကြံပေးခဲ့သည်။ ပေါ်ကျင့်ဟောသည်လည်း ၁၉၀၂ ခုနှစ်တွင် မူရင်းစာပေအက္ခရာ ၁၀၅၁ ထဲမှ ရိုးရိုးဗျည်း ၂၁ လုံး၊ သရခုနစ်လုံးနှင့် အားဖြည့်သရအပိတ်ဗျည်းကိုးလုံး စုစုပေါင်းဗျည်း၊ သရစာလုံး ၃၇ လုံးအပြင် တက်ကျသံပြောင်းသင်္ကေတ ၁၁ လုံးထုတ်နုတ်ကာ လက်နှိပ်စက်ဖြင့် ရေးသားနိုင်ရန် ပြင်ဆင်ထားပြီး စာလုံးပေါင်းနည်းစာပေကို ထပ်ဆင့်တီထွင်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် Spelling Book in Kamhau–Sukte) စာအုပ်ကို S.P.G Press, Taung Goo မှ လိုင်ပီအန်ပေါ်ကျင့်ဟောနာမည်ဖြင့် ထုတ်ဝေပုံနှိပ်နိုင်ခဲ့သည်။ Sermon On The Mount ကိုလည်း ရေးသားပြုစုခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ကြသည်။ ၎င်းစာပေဖြင့် ဖတ်စာအုပ်နှင့် သမ္မာကျမ်းစာဘာသာပြန်ကိုလည်း Dr.W. Sherrat ၏ကူညီဆောင်ရွက်ပေးမှုဖြင့် ၁၉၃၂ ခုနှစ်တွင် မိခင်ဘာသာအရေးအသားဖြင့် စာအုပ် ၅၀၀ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။

အဆိုပါစာပေသည် တရုတ်စာပေ၊ အိန္ဒိယစာပေ၊ ကသည်းစာပေနှင့် ဆင်တူသည်။ မဏိပူရ်စာပေကို အတုခိုးပြီး တုပပြုလုပ်ဖန်တီးသည်ဟုလည်း အချို့က ထင်ယောင်ထင်မှားဖြစ်ခဲ့ကြသည်။ အမှန်စင်စစ် လိုင်ပီအန်ပေါ်ကျင့်ဟောသည် သူ၏ ဘဝတစ်သက်တာတွင် ကသည်းပြည်သို့လည်းကောင်း၊ အခြားတိုင်းတစ်ပါးနိုင်ငံများသို့ လည်းကောင်း သွားရောက်ခဲ့ဖူးခြင်းပင်မရှိခဲ့ကြောင်း သူ၏ နောက်ခံသမိုင်းများအရ သိရှိနိုင်သည်။ ပေါ်ကျင့်ဟော စာပေတီထွင်ပြီးနောက် အချို့သောသူများကလည်း အတုခိုးကာ စာပေတီထွင်ရန် ကြံစည်ခဲ့ကြသူများလည်း ရှိခဲ့ဖူးသည်။

၃။ မြန်မာစာပေရောက်ရှိလာသောခေတ်

နယ်ချဲ့အင်္ဂလိပ်တို့သည် ချင်းတောင်ကို သိမ်းပိုက်အုပ်ချုပ်ပြီးနောက် ချင်းတိုင်းရင်းသားများအတွင်း ခရစ်ယာန်ဘာသာ သာသနာကို ပြန့်ပွားစေရန်အတွက် မြန်မာစာပေအသုံးပြုခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

တိုင်းရင်းသားတို့၏ သမိုင်းထဲက မိုင်းလုံမြို့

ယနေ့ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ အုပ်စုဖြင့် လူဦးရေစုစုပေါင်း ၂၄၄၃၈ ဦးနေထိုင်လျက်ရှိသည့် သမိုင်းထဲက သွေးချင်းဆွေမျိုးတို့၏ မိုင်းလုံမြို့လေး။

သက်တမ်းနှစ်ပေါင်း ၄၀၀ ကျော်ပြီဟုဆိုထားသည့် မိုင်းလုံမြို့ကို ရှမ်းဘာသာဖြင့် မိန်းလုံ(မြို့ကြီး)သို့မဟုတ် မိုင်းလုံ့စကောဝိုင်းပုံရှိသောမြို့ဟု အဓိပ္ပာယ်ရပါသည်။ မိုင်းလုံမြို့သည် ကျောက်မဲမြို့ကြီးအဖြစ်မတည်ခင်ကတည်းက မြို့စားအဆက်ဆက်အုပ်ချုပ်ခဲ့သော ရှေးမြို့ဟောင်းတစ်မြို့အဖြစ် ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်းရာချီရှိခဲ့ပြီဟုဆိုထားသည်။ ယခုအခါတွင် ကျောက်မဲမြို့နယ်တွင်ပါဝင်သော မြို့ဖြစ်သည်။ကျောက်မဲမြို့မှ ၅၆ မိုင်ဝေးပြီး မိုးကုတ်မြို့ကြီးနှင့် ၂၁ မိုင်သာဝေးသည်။

လှပသည့် မိုင်းလုံမြို့တွင် ရှေးဟောင်းဘုရားစေတီတော်များနှင့် ရွှေရင်ပွင့်ဘုရားတို့ကို ဖူးမြော်ပါရမည်။ အလျား (၁၈ ပေ၊ ၉ လက်မ)၊ မျက်နှာပြင်အချင်း (၄ပေ) ရှိ ရှမ်းအိုးစည်ရှည်ကြီးကို ကြည့်ရှုလေ့လာကြရပါမည်။ အဆိုပါ ထူးခြားပြီး ရှားပါးသည့်ရှမ်းအိုးစည်ရှည်ကြီးကို မိုင်းလုံမြို့မှပညာရှင် ဦးစိုင်းအောင်ပြည့်က စီရင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပီမိုင်တိုင်းခေါ် ရှမ်းနှစ်သစ်ကူးအချိန်အခါသမယ၊ သီတင်းကျွတ်ပွဲတော်နှင့် တပေါင်းပွဲတော်တို့တွင် ဤရှမ်းအိုးစည်ရှည်ကြီးကို ကားဖြင့် သယ်ဆောင်ပြီး လူခပ်များများဖြင့် တပျော်တပါးနှင့် အမြတ်တနိုးတီးခတ်လေ့ရှိသည်ဟု သိရသည်။

မိုင်းလုံမြို့ခံ တိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ ရှမ်းအိုးစည်ဝိုင်းဖွဲ့၍ က.ပန်ကောင်အက၊ လမ်းမ်မုန်းအကများကို ရှမ်းအကရှမ်းအလှများဖြင့် ဆင်နွှဲကြပါသည်။ ရှမ်းတိုင်းရင်းသားတို့ အများဆုံးနေထိုင်ပြီး ကျန်တိုင်းရင်းသားများပါ ချစ်ခင်ညီညွတ်စွာ စုစည်းနေထိုင်ခဲ့ကြပါသည်။ လယ်ယာစိုက်ပျိုးမှုဖြင့် အေးချမ်းစွာအသက်မွေးကြသလို မြို့အဆင့်ဖြစ်သည့်အားလျော်စွာ ဌာနဆိုင်ရာဝန်ထမ်းများလည်း ရှိကြပါသည်။

ရှေးသမိုင်းအစဉ်အလာအရ မိုင်းလုံမြို့ကို စော်ဘွားအဆက်ဆက်နှင့် မြို့စားအဆက်ဆက်အုပ်ချုပ်လာခဲ့ရာ ၈၆ ဆက်မြောက် သီပေါစော်ဘွားကြီး ဆာစောချယ်လက်ထက် ၁၉၀၆ ခုနှစ် နောက်ပိုင်းကာလတစ်ခုတွင် ဗမာလူမျိုးတစ်ဦးဖြစ်သူ ဦးသာမြတ်အား မိုင်းလုံမြို့စားအဖြစ် ခန့်အပ်မြောက်စားခဲ့ဖူးသည်။ မိုင်းလုံမြို့စား ဦးသာမြတ်ကလည်း စော်ဘွားကြီးနှင့် ရှမ်းတိုင်းရင်းသားတို့အပေါ် သူသေဆုံးသည်အထိ သစ္စာရှိစွာ အကျိုးပြုထမ်းဆောင်သွားခဲ့ကြောင်း သိရသည်။ (သီပေါစော်ဘွားကြီးဆာစောချယ် မြှောက်စားခဲ့သည့် မိုင်းလုံမြို့စားဦးသာမြတ်နှင့် မိုင်းလုံမြို့အကြောင်း ပြုစုထားသောစာအုပ်ကိုလည်း ထုတ်ဝေသွားရန် ကြိုးပမ်းစီစဉ်နေသည်ဟု သိရသည်။)

အေးချမ်းသည့်တိုင်းရင်းသားတို့၏ သမိုင်းထဲကမိုင်းလုံမြို့လေးမှာ လှပသာယာစွာတည်ရှိနေပါသည်။

…………….. **သီပေါကိုလတ်** ……………..

»» အထူးကဏ္ဍစာမျက်နှာ (ဃ) မှ

ရုပ်သေးသဘင်ထုံးစံဟာ တစ်ပွဲချီငှားရင် အနည်းဆုံး နှစ်ည ဖြစ်ပါတယ်။ ပထမညအဖွင့်ကို အပျိုတော်အကနဲ့ မင်းသား၊ မင်းသမီးကိုယ်တိုင် ထွက်ရပါတယ်။ အဲဒီအခါမှာ မင်းသားအသံဘယ်လောက်ကောင်းတယ်၊ မင်းသမီးအသံဘယ်လောက်ကောင်းတယ်ဆိုတာကို ပရိသတ်ကခန့်မှန်းနိုင်တာကြောင့် ပထမည အပျိုတော်ခန်းဟာ ရုပ်သေးကြိုးဆွဲရဲ့ အဆင့်အတန်းကို ကြေညာခန်းဖွင့်ခြင်း တစ်မျိုးပါတယ်။

ရှေးယခင်က ရုပ်သေးပညာ ကြိုးဆွဲဘယ်လောက်ကောင်းကောင်း ပရိသတ်အာရုံကို ဖမ်းစားနိုင်ခြင်း မရှိဘဲ အဆိုတော်ရဲ့အသံဖြင့်သာ ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ယခုနှောင်းပိုင်းမှာ ရုပ်သေးကြိုးဆွဲပညာဟာ အဓိကဖြစ်လာခဲ့ပါတယ်။ ရုပ်သေးကြိုးဆွဲကောင်းတစ်ယောက်ဖြစ်ဖို့ဆိုရင် လေ့လာဖို့နဲ့လေ့ကျင့်ဖို့က အဓိကအခြေခံအချက်များ ဖြစ်ပါတယ်။ ရုပ်သေးရုပ်မှာ ကြိုးအများဆုံးက မင်းသားမင်းသမီးရုပ်ဖြစ်ပြီး ၁၆ကြိုးမှ ကြိုး ၆၀ အထိဖြစ်ကာ ကြိုးအနည်းဆုံးကတော့ နှစ်ကြိုးနဲ့ နဂါးရုပ်ပဲဖြစ်ပါတယ်။ ရုပ်သေးကြိုးဆွဲပညာမှာ အခက်ခဲဆုံးက တချို့က ဇော်ဂျီအကဟာ အခက်ခဲဆုံးပြောသလို တချို့က မင်းသားမင်းသမီး ကြိုးဆွဲပညာ အခက်ခဲဆုံးဖြစ်တယ်လို့ သိရပါတယ်။

၁၈၈၅ ခုနှစ် မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့ သိမ်းပိုက်လိုက်တဲ့အခါက မြန်မာ့ရုပ်စုံသဘင်ဟာလည်း အခြေယိုင်ခဲ့ရပါတယ်။ နောက်ပိုင်းမှာ ရုပ်သေးပညာရှင်တို့ဟာ ကြိုးစားရုန်းကန်ပြီး ရုပ်သေးတစ်ခေတ် ပြန်ဖြစ်ဖို့ ကြိုးစားခဲ့ကြသော်လည်း ၁၉ ရာစုခေတ်ရဲ့ အရှိန်အဝါတောက်ပခမ်းနားမှုမျိုးကို မရရှိခဲ့ပါ။ ၂၀ ရာစုနှောင်းပိုင်းတွင် ရုပ်သေးတစ်ခေတ် ပြန်လည်ရှင်သန်လာဖို့ ရောင်နီသန်းခဲ့ပါတယ်။

ဒီကနေ့ မြန်မာ့ရုပ်သေးပညာဟာ စိန်ခေါ်မှုပေါင်းများစွာနဲ့ ကြုံတွေ့နေရတယ်လို့ ရုပ်သေးပညာရှင်များက ဆိုကြပါတယ်။ ခေတ်နဲ့အညီ ထွက်ပေါ်လာတဲ့ စိန်ခေါ်မှုပေါင်းများစွာအပြင် လွှမ်းမိုးလာတဲ့ အနောက်တိုင်းယဉ်ကျေးမှုများ၊ မိမိတို့ မြန်မာလူမျိုးတို့ကိုယ်တိုင် ကိုယ့်ရဲ့ယဉ်ကျေးမှုအနုပညာအပေါ်မှာ စိတ်ဝင်စားမှု လျော့နည်းလာခြင်း ဖြစ်ပါတယ်။ တစ်ချိန်တစ်ခါက စင်မြင့်ထက်မှာ ကြွားကြွားဝင့်ဝင့်ရှိခဲ့တဲ့ မြန်မာ့ရုပ်သေးဟာ အချိန်ကြာမြင့်လာတာနဲ့အမျှ မှေးမှိန်လာခဲ့ရပါတယ်။ ဒီကနေ့ ရုပ်သေးအနုပညာရဲ့ ရပ်တည်မှုဟာ နိုင်ငံခြားသားများရဲ့ အားပေးမှုအပေါ်မှာ မှီခိုအားထားနေရကြောင်း ရုပ်သေးလုပ်ကိုင်သူများက ပြောကြားခဲ့ပါတယ်။

တစ်ချိန်တစ်ခါက ထွန်းလင်းတောက်ပခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှု အနုပညာအမွေအနှစ်အစစ်ဖြစ်တဲ့ ရုပ်သေးပညာကို အရှည်တည်တံ့အောင် နိုင်ငံသားတစ်ဦးချင်းစီက ချစ်ခင်မြတ်နိုး တန်ဖိုးထားဖို့ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ဟာ နိုင်ငံသားတိုင်းမှာ တာဝန်အပြည့်ရှိပါကြောင်း ရေးသားလိုက်ရပါတယ်။

ကိုးကား - မမနိုင်(မန္တလေးရုပ်သေး)၏ ပုခက်လွှဲသောလက်မှသည် စာအုပ်

စာရေးဆရာမြင့်စိုးလှိုင် ဘာသာပြန်ဆိုရေးသားထားသည့် ရာဘင်ဒြာနသ်တဂိုး၏ ဆန်းစသော်တာကဗျာစုစာအုပ်တွင် ကလေးများ၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ ဘဝနေထိုင်နည်းများအပြင် သားသမီးနှင့် မိဘကြားနှောင်ဖွဲ့ထားသည့် သံယောဇဉ်များကို ဖော်ကျူးရေးဖွဲ့ထားရာ ယခုတစ်ပတ်တွင် "လက်ဆောင်"ကဗျာကို အထူးအစီအစဉ်တစ်ရပ် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ တိုင်းရင်းသားရေးရာကဏ္ဍမှ ဖော်ပြလိုက်ရပါသည်-

THE GIFT

I want to give you something,
my child,
for we are drifting
in the stream of the world.
Our lives will be carried apart,
and our love forgotten.
But I am not so foolish
as to hope that I could buy your heart
with my gifts.
Young is your life,
your path long,
and you drink the love we bring you at one draught
and turn and run away from us.
You have your play and your playmates.
What harm is there
if you have no time or though for us!
We, indeed,
have leisure enough in old age
to count the days that are past,
to cherish in our hearts
what our hands have lost for ever.
The rivers run swift with a song,
breaking through all barriers.
But the mountain stays and remembers,
and follows her with his love.

လက်ဆောင်

ငါတို့ဟာ
လောကရေအလျဉ်မှာ မျှောပါနေကြရတာမို့
မင်းကို ငါတစ်ခုခုတော့ ပေးလိုက်ချင်တယ်
ကလေးရယ်။
ငါတို့ဘဝတွေ
တကွဲတပြားဖြစ်ကြဦးမယ်၊
တို့မေတ္တာတွေလည်း
မေ့ပျောက်ကြလိမ့်မယ်။
ဒါပေမယ့် မင်းအသည်းနှလုံးကို
ငါ့လက်ဆောင်တွေနဲ့ ဝယ်ယူနိုင်မယ်လို့
အောက်မေ့ရလောက်အောင်
ငါမိုက်လုံးမကြီးသေးပါဘူးကွယ်။
မင်းဘဝက နုနုနယ်နယ်၊
မင်းခရီးက အရှည်ကြီးကျန်သေးတယ်။
မင်းဆီ တို့ဆောင်ကြဉ်းခဲ့တဲ့
မေတ္တာရေစင်ကို တစ်ကျိုက်တည်းမော့လို့
တို့အနားကနေ တစ်ချိုးတည်းလှည့်ပြီး
မင်းပြေးတော့တယ်။
မင်းမှာ အားကစားလည်းရှိ
ကစားဖော်တွေလည်းရှိတယ်၊
တို့တွေကို သတိရဖို့ အချိန်မရှိလည်း
ဘာဖြစ်မှာလိုက်လို့ကွယ်။
တို့များမှာတော့ အိုမင်းတဲ့အရွယ်မှာ
ကုန်လွန်ခဲ့တဲ့ နေ့တွေအကြောင်းကို
ပိုင်းခြားရေတွက်ဖို့ အချိန်ရပြီကွယ်။
ကိုယ့်လက်ထဲကနေ
ထာဝရလက်လွတ်ဆုံးရှုံးသွားခဲ့တာတွေကိုလည်း
စိတ်နှလုံးထဲမှာ စောင့်ရှောက်မြတ်နိုးနိုင်ပြီကွယ်။
မြစ်က တေးဆိုပြီးသွင်သွင်စီးတယ်။
အဆီးအတားမှန်သမျှ
ချိုးဖျက်ကျော်လွှားတယ်။
တောင်တန်းကြီးကတော့ ရပ်တည်ရင်း
မြစ်ကို အမှတ်ရရင်း
မေတ္တာပို့သလိုက်ပါတယ်။ ။

မြင့်စိုးလှိုင် (မြန်မာပြန်)

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို Mirrormyosathit@gmail.com**သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

(စာတည်း)

ကယားတို့ဒေသနေ ငွေတောင်ပြည်မှ "ယင်းဘော်" သွေးချင်းများ

မောင်မောင်ကျော့(ပလက်ဝ)

(၂၃-၅-၂၀၂၀ ရက်နေ့မှအဆက်)

လေးပွင့်ဆိုင်စနစ်မှာလည်း သုံးပွင့်ဆိုင်စနစ်နှင့်အတူတူပင် ဖြစ်သည်။ ထိုသုံးပွင့်ဆိုင်စနစ်မှဆက်လက်ပြီး (ဂ)မိသားစုမှ သားသမီးတစ်ဦးသည် (ဃ)မိသားစုမှသားသမီးတစ်ဦးနှင့် လက်ထပ်ထားလျှင် (က)မိသားစုသားသမီးနှင့် (ဃ)မိသားစုသားသမီးတို့ လက်ထပ်ခြင်းကို တားမြစ်ထားပေသည်။

ဤသို့ တားမြစ်ထားခြင်းမှာ (က)မိဘနှင့်(ဃ)မိဘတို့သည်(ခ)နှင့်(ဂ)မိသားစုများနှင့် ဆွေမျိုးတော်စပ်ပြီးဖြစ်နေသဖြင့် ဆွေမျိုးနှစ်ခါမတော်စပ်ရဟူသော ဓလေ့ထုံးစံအရ လက်ထပ်ခြင်းမရှိရခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ယင်းဘော်တို့သည် မိမိတို့သားသမီးအတွက် အိမ်ထောင်ဖက် ရွေးချယ်သည့်အခါ မိမိတို့သားများ နှစ်သက်သော မိန်းကလေးသည် အထက်ပါတားမြစ်ချက်များနှင့် ငြိစွန်းမှု ရှိ၊ မရှိ မျိုးရိုးစစ်ဆေးကာ တားမြစ်ချက်နှင့် အကျုံးမဝင်မှသာ လူကြီးများမှ လက်ထပ်ခွင့်ပြုကြသည်။ လက်ထပ်ခွင့်ရှိကြလျှင် ဦးစွာအောင်သွယ်ထား၍ စေ့စပ်ကြောင်းလမ်းရသည်။ အောင်သွယ်အတွက် ယောကျ်ားလေးမိဘများက ခရီးစရိတ်အကုန်အကျခံရသည်။စေ့စပ်ကြောင်းလမ်းရန် အတွက် တစ်ဆုပ်ခွဲခန့်ရှိ ဝက်လေးတစ်ကောင်ကို သတ်၍ ဝက်သည်းခြေဖြင့် နိမိတ်ကောက်လေ့ရှိသည်။ သည်းခြေကို မူလအတိုင်း မပဲ့မရွဲ့ရှိလျှင် မင်္ဂလာရှိပြီး သားသမီးထွန်းကားသည်။ စီးပွားဖြစ်ထွန်းသည်ဟု ယုံကြည်ကြသည်။ ဝက်သည်းခြေ ပဲ့ရွဲ့နေလျှင် နိမိတ်မကောင်း။ နိမိတ်မကောင်းလျှင် စေ့စပ်ကြောင်းလမ်းခြင်းဖျက်သိမ်းသည်။ သို့သော် လျော်ကြေးပေးရခြင်း မရှိချေ။ ထို့နောက် သားရှင်က အခြားမိန်းကလေးတစ်ယောက် ရှာဖွေစေ့စပ်ကြောင်းလမ်းရသည်။

စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ ပြီးမြောက်လျှင် အချို့စေ့စပ်ပြီး နှစ်ရက်သုံးရက်အကြာတွင် မင်္ဂလာပွဲပြုလုပ်တတ်သည်။ အချို့မှာ အချိန်အတော်ကြာမှ မင်္ဂလာပွဲလုပ်ကြသည်။ မင်္ဂလာရက်ကို ကြက်ရိုးထိုး၍ရွေးချယ်လေ့ရှိသည်။ မင်္ဂလာပွဲနေ့တွင် ပိဿာသုံးဆယ်ခန့်ရှိ ဝက်ကိုသတ်ပြီး ဧည့်ပရိသတ်များကို ကျွေးမွေးဧည့်ခံသည်။ ခေါင်ရည်ဖြင့်လည်း ဧည့်ခံကြသည်။

တစ်နေ့လုံး သတို့သားအိမ်သို့ ရောက်ရှိနေသည့် ဧည့်ပရိသတ်များကို ကျွေးမွေးဧည့်ခံနေကြပြီး ညဦးပိုင်းတွင် သတို့သမီး၏ မိဘဆွေမျိုးများက သတို့သမီးကို သတို့သားအိမ်သို့ ပို့ပေးကြရသည်။ သတို့သားအိမ်သို့ ရောက်သောအခါ လှေကားဝတွင် စောင်ဖြင့်ကာရံထား၍ အလင်းရောင်ရှိသောဘက်မှ အမျိုးသားများက သွားရ၍ မှောင်သောဘက်မှ အမျိုးသမီးများက အိမ်ပေါ်သို့ တက်ရသည်။ ထိုအချိန်တွင် သတို့သမီးအတွက် သတို့သားထံမှ ခေါင်ရည်သည် ပေါ့သည်၊ပြင်းသည်ဟု နောက်ပြောင်ကျီစယ်မှုကို ပြုကြသည်။ ထိုအခါ သတို့သားသည် ရှက်သဖြင့် အခြားကူဖော်လူရွယ်များနှင့် ရှောင်ရှားနေတတ်သည်။

မိဘလူကြီးများနှင့် အောင်သွယ်များရှေ့တွင် ရာသက်လုံး တစ်ဦးအပေါ်တစ်ဦးသစ္စာမဖောက်ကြရန် လူကြီးမိဘများက ဆိုဆုံးမ၍ ခေါင်ရည်သောက်ကြရသည်။ သစ္စာဖောက်သူက မည်ရွေ့မည်မျှ လျော်ရမည်ကိုလည်း လူကြီးမိဘ အောင်သွယ်များရှေ့မှောက်တွင် ကတိသစ္စာပြုကြရလေသည်။ ထို့နောက် လူပျိုရံ၊ အပျိုရံတို့က မင်္ဂလာကြေးတောင်းကြသဖြင့် သတို့သားဘက်က မင်္ဂလာကြေးပေးရသည်။ လူအိုများ ကန်တော့ရန်ဟု တောင်းလျှင် မင်္ဂလာကြေး ပိုပေးရသည်။ အောင်သွယ်များနှင့် ဧည့်သည်များကို ဝက်သားအစိမ်းတုံးများသီ၍ လက်ဆောင်ပေးကြသည်။ ထိုညတွင် သတို့သမီးကို သတို့သမီးမိဘများက အိမ်သို့ ပြန်ခေါ်သွားကြသည်။

နောက်တစ်နေ့နံနက် ၁၁ နာရီခန့်တွင် သတို့သားသည် လူပျိုရံများနှင့် သတို့သမီးကို လာခေါ်သည်။ တစ်နာရီခန့်ကြာမှ မိမိအဖော်အပျိုရံများနှင့်အတူ လိုက်လာသည်။ သတို့သားအိမ်ရောက်သောအခါ ကယားတို့၏ဓလေ့ထုံးစံကဲ့သို့ ယောက္ခမများက သတို့သမီးကို ရေခပ်၊ ဆန်ထောင်းစသည်ဖြင့် လုပ်ခိုင်းသည်။ သတို့သမီး၏ စိတ်နေသဘောထားနှင့် အိမ်တွင်းမှုလုပ်ငန်းကျွမ်းကျင်မှု ရှိ၊ မရှိ စမ်းသပ်ခြင်းဖြစ်သည်။ သတို့သားကလည်း သတို့သမီးဘက်ယောက္ခမအိမ်တွင်တစ်လှည့် အလုပ်လုပ်ကိုင်ပေးရသည်။ နောက်နေ့များတွင် ဇနီးမောင်နှံတို့သည် ယောက္ခမ၏ တောင်ယာသို့ အတူတူဆင်းကြရသည်။ ထိုအချိန်မှစ၍ မိန်ကလေးသည် လင်ယောကျ်ားနှင့်အတူ ယောက္ခမအိမ်တွင် အမြဲနေလေ့ရှိသည်။ ယင်းဘော်တို့၏ ထူးခြားသော ဓလေ့တစ်ခုမှာ သတို့သားက သတို့သမီးကို တင်တောင်းသော ငွေကို အကြွေးထားနိုင်ခြင်းပင်ဖြစ်သည်။ ကလေးများ ထွန်းကားလာမှ သတို့သားဘက်မှ သတို့သမီးမိဘများကို အကြွေးပေးဆပ်နိုင်လေသည်။ ယင်းဘော်တို့ ထိမ်းမြားရာတွင် ယင်းတလဲတို့ကဲ့သို့ပင် ညီအစ်ကိုမောင်နှမကြီးစဉ်ငယ်လိုက် အိမ်ထောင်ပြုကြသည်။ အငယ်များက အရင်အိမ်ထောင်ပြုခွင့်မရှိ။ တစ်ဝမ်းကွဲမောင်နှမ၊ တူဝရီးချင်း လက်ထပ်နိုင်သည်။

လင်မယားကွာရှင်းမှုဖြစ်လျှင် ကွာရှင်းလိုသူက လျော်ကြေးပေးရ၏။ ကွာရှင်းပြီး မယားငယ်ယူခြင်း မယားကြီးအား ပြန်ပေါင်းလိုလျှင် ယောကျ်ားက မယားကြီးကို ငွေဟောင်းလျော်ပေးရသည်။ ငွေဟောင်းမရှိလျှင် ကျွဲ၊ နွားများကို တန်ဖိုးသင့်ပေးနိုင်သည်။ ပေါင်းသင်းနေစဉ် မယားငယ်ကိုပစ်လိုလျှင် လင်ဖြစ်သူက ငွေဟောင်းတောင်းသမျှပေးလျော်ရသည်။ (ငွေဟောင်းဆိုသည်မှာ ယင်းဘော်တို့၏ ဝတ်စားဆင်ယင်မှုတွင် အမြတ်တနိုးသုံးကြသည့် ငွေသားဒင်္ဂါးပြားတို့ပင်ဖြစ်သည်။)

ကလေးရလာလျှင် သမီးရတနာဆိုပါက တစ်လအတွင်း နားထွင်းပေးရသည်။ ခေါင်းရိတ်မှုကို တစ်နှစ်ပြည့်မှလုပ်ကြရသည်။ ကလေးကျန်းမာစေရန် ခမည်းပေးခြင်း၊ ခမည်းကြိုးချည်နှောင်ခြင်းများလည်း လုပ်လေ့ရှိသည်။ ကင်ပွန်းတပ်ပွဲတွင် ဘိုးဘွားတစ်ဦးဦး၊ ရွာလူကြီးတစ်ဦးဦးက အမည်ပေးရသည်။ အမွေကိစ္စတွင် သားများက သမီးများထက် အမွေပိုရသည်။ သားများထဲတွင်လည်း သားအထွေးဆုံးက အမွေပိုရပြန်သည်။ အခြားမိသားစုထံ ရောက်သွားမည့် သားသမီးများမှာ အမွေအနည်းငယ်သာရသည်။

ယင်းဘော်တို့သည် ဖားစည်၊ လေးထောင့်ပုံခေါင်းလောင်း၊ မောင်း၊ လင်းကွင်း၊ အိုးစည်နှင့် ပလွေများကို ပွဲရှိလျှင် တီးမှုတ်ကြသည်။ တံခွန်တိုင်ပွဲ၊ အိမ်သစ်တက်ပွဲ၊ အသုဘပွဲ၊ ကောက်သစ်စားပွဲများတွင် ထိုတူရိယာမျိုးစုံကို အသုံးပြုကြသည်။ တံခွန်တိုင်ပွဲကို ယင်းဘော်တို့စကားဖြင့် ဂန်းခွမ့်ပွဲဟု ခေါ်သည်။ ဤပွဲကို ယင်းဘော်တို့ နှစ်စဉ် အစဉ်အလာမပျက် အလေးထားကျင်းပကြသည်။

ကိုးကွယ်မှုနှင့်ရိုးရာအယူအဆများ

ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ကိုးကွယ်သူ အနည်းငယ်ရှိသော်လည်း ယင်းဘော်အများစုမှာ နတ်ကိုသာ ကိုးကွယ်သူများသည်။ ယင်းဘော်တို့က တံခွန်တိုင်ကို သိကြားမင်း၏ တောင်ဝှေး(သို့) ဖန်ဆင်းထားသောနတ်ဟု ယုံကြည်ကြသည်။ ထို့အပြင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ အိမ်စောင့်နတ်များကိုပါ ပူဇော်ပသကြသည်။ ရွာတိုင်းတွင် (၂၀ x ၆၀)ပေ နတ်စင်များရှိသည်။ နတ်စင်ပေါ်သို့ မသက်ဆိုင်သူများ လုံးဝ ဝင်ခွင့်မပြုပေ။

အချို့ရွာများ၌ ခရစ်ယာန်ကျောင်းများရှိသည်။ တောင်ယာလုပ်ငန်းကောင်းရန် တောင်ယာနတ်ထံ ထမင်း၊ ခေါင်ရည်၊ ကြက်၊ ဝက်များ ဆက်သရသကဲ့သို့ တောင်စောင့်နတ်ကိုလည်း ပူဇော်ရသည်။ တောင်စောင့်နတ်ကို ပူဇော်မှ တောကောင်ရသည်ဟု ယုံကြည်ကြသည်။ အိမ်တွင်လူများ မကျန်းမာခြင်းမှာ တရယ်တရားနတ်ကြောင့်ဟု ယူဆကြသည်။ သို့အတွက် ထိုနတ်ကို ကြက်ဖြူ၊ ဝက်ဖြူ၊ ခွေးဖြူများ သတ်၍ပူဇော်လေ့ရှိသည်။

ယင်းဘော်တို့သည် တစ္ဆေသူရဲကိုလည်း ယုံကြည်ကြသည်။ သေဆုံးသူများက တစ္ဆေဖြစ်ကာ ရွာတည်နေထိုင်တတ်ကြောင်း၊ ဘီလူးသူရဲဖြစ်၍ လူကိုဆွဲစားတတ်ကြောင်း ပြောဆိုကြ၏။ တစ္ဆေကပ်လျှင် ချင်းဖြူ၊ ချင်းမြစ်၊ ဂျုံးမြစ်၊ သီဟရာဇာသီး၊ ကရဝေးရွက်များ အသုံးပြု၍ ကာကွယ်တတ်ကြသည်။ သေသူမှမြေမမြှုပ်မီ အိမ်၌ ဝိညာဉ်အဖြစ်နေတတ်သည်။ သို့ကြောင့် သေသူအနီးတွင် ထမင်း၊ ဟင်း၊ အဖျော်ယမကာ ချကျွေးထားရသည်။ ခရစ်ယာန်ဘာသာဝင်များသေလျှင် ခရစ်ယာန်ဘုန်းကြီးများ တရားစာလာရွတ်ပေးသည်။

အိမ်တွင် ငှက်ဆိုးထိုးခြင်း၊ လင်းတ၊ ဒီးဒုတ်နားခြင်းမှာ စုန်းကဝေများက အိမ်သားတစ်ဦးဦး၏ ဝိညာဉ်ကို နှုတ်ယူရန်ကြိုးစားခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ အိပ်ရာခုတင်၊ မီးဖိုအောက်၊ လှေကားခြေရင်းတို့တွင် တောင်ပို့ပေါက်လျှင် လူသေတတ်သည်ဟု နိမိတ်ကောက်ကြသည်။ ငါးဖမ်းရသည်ဟု အိပ်မက်မက်လျှင် ငွေဝင်ပြီး တစ်ဦးဦးက မိမိကို အတင်းပြောနေလျှင် ကြွက်နှင့် ကြက်များကို အိပ်မက်မက်လေ့ရှိသည်ဟု ယင်းဘော်တို့ ပြောလေ့ရှိသည်။

တူရိယာ၊ ဂီတအကအနုပညာနှင့် ပွဲတော်များ

ယင်းဘော်တို့သည် ဖားစည်၊ လေးထောင့်ပုံခေါင်းလောင်း၊ မောင်း၊ လင်းကွင်း၊ အိုးစည်နှင့် ပလွေများကို ပွဲရှိလျှင် တီးမှုတ်ကြသည်။ တံခွန်တိုင်ပွဲ၊ အိမ်သစ်တက်ပွဲ၊ အသုဘပွဲ၊ ကောက်သစ်စားပွဲများတွင် ထိုတူရိယာမျိုးစုံကို အသုံးပြုကြသည်။ တံခွန်တိုင်ပွဲကို ယင်းဘော်တို့စကားဖြင့် ဂန်းခွမ့်ပွဲဟု ခေါ်သည်။ ဤပွဲကို ယင်းဘော်တို့ နှစ်စဉ် အစဉ်အလာမပျက် အလေးထားကျင်းပကြသည်။ ယင်းဘော်တို့သည် ကဗျာလင်္ကာစပ်ဆိုရာ၌ ဝါသနာထုံသည်။ အသုဘပွဲရှိလျှင် သီချင်းများစပ်ဆိုကာ ဝင်ပြိုင်ကြသည်။ အသံကောင်းသူများက အနိုင်ရသည်။

ယင်းဘော်တို့တွင် ကျေးလက်အကများရှိသည်။ ဂန်းခွမ့် (ခေါ်) တံခွန်တိုင်ပွဲရှိလျှင် ရိုးရာတူရိယာများကို တီးမှုတ်ကာ လက်ယာရစ်ကပြကြသည်။ မောင်းသမားများက တစ်ချက်ထုလိုက်လျှင် ကသူများက ရှေ့သို့ခြေတစ်လှမ်းလှမ်းပုံမှာ ညီညွတ်၍လှပသည်။ တံခွန်တိုင်ပွဲကို ကူထိုးဘိုးနတ်ပွဲဟုလည်း ခေါ်ကြသည်။ ဤပွဲတော်မျိုးကို ကယားမျိုးနွယ်စုဝင်အားလုံး အမြတ်တနိုး အလေးထားကျင်းပကြသည့် ပွဲတော်လည်းဖြစ်သည်။ ထို့ကြောင့် ယခုနှစ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀) ကို မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ကယားတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဦးဆောင်ကျင်းပသည့်ပွဲဖြစ်သည့်အတွက် ကယားတိုင်းရင်း သားရိုးရာယဉ်ကျေးမှုပြခန်းရှေ့တွင် ကယားလူမျိုးတို့၏ တံခွန်တိုင်ကို ခမ်းနားစွာထားရှိမှုနှင့်အတူ ကယားမျိုးနွယ်စု အားလုံးတို့၏ တံခွန်တိုင်အကကိုပါ ကြည်နူးဖွယ်မြင်တွေ့ ခံစားခဲ့ကြရသည်။ ကူထိုးဘိုးနတ်မှာ မိုးလေဝသဆိုင်ရာ နတ်မင်းဖြစ်သဖြင့် စပါးအထွက်ကောင်းအောင် ကူထိုးဘိုး အရှင်က ကူညီသည်ဟု ယုံကြည်ကြသည်။

ယင်းဘော်တို့တွင် ပွဲလမ်းသဘင်များစွာ မရှိသော်လည်း တံခွန်တိုင်နတ်ပူဇော်ပွဲ၊ အိမ်သစ်တက်ပွဲ၊ နပန်းပြိုင်ပွဲတို့ကို ကျင်းပကြသည်။ ၎င်းတို့ ရိုးရာပွဲလမ်းသဘင်များ ကျင်းပလျှင် ကောင်းမှုအေးပုံပြင်ဝတ္ထုများ ပြောဆိုကြသည်။ ကောင်းမှုအေးပုံပြင်များမှာ ယင်းဘော်ရိုးရာတွင် နာမည်ကြီးသည်။ ကောင်းမှုအေးပုံပြင်အရ ရှေးယခင်က ကမ္ဘာပေါ်တွင် နေခုနစ်စင်းရှိခဲ့ကြောင်း၊ အလွန်ပူအိုက်လှသဖြင့် ယင်းဘော် အဘိုးအိုတစ်ဦးက နေများကို ဒူးလေးဖြင့် ပစ်ချရာ နေခြောက်စင်းအောက်သို့ကျသွားပြီး ယခုအခါ နေတစ်စင်းသာ ကျန်တော့ကြောင်း ဟာသဆန်ဆန် ပြောဆိုလေ့ရှိကြသည်။

ယင်းဘော်တို့၏ ဂန်းခွမ့် (ခေါ်) တံခွန်တိုင်ပွဲတော်

ယင်းဘော်တိုင်းရင်းသားတို့သည် ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာအုပ်စုငံရိုးကျေးရွာတွင် (၆၁)ကြိမ်မြောက် ဂန်းခွမ့်(ခေါ်)တံခွန်တိုင်ပွဲတော်ကို ယခင်ကထက် ခမ်းနားစွာ ကျင်းပခဲ့ကြောင်း တွေ့ရသည်။ ယင်းပွဲတော်သို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

ပွဲတော်အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် တံခွန်တိုင်ပွဲတော်အား ရောဂါဘယကင်းဝေးစေရန်၊ သီးနှံစပါးဖြစ်ထွန်းအောင်မြင်စေရန်နှင့် ရပ်ရွာအေးချမ်းသာယာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ကြကြောင်း၊ ယနေ့လို အခမ်းအနားအား စုပေါင်းအင်အားဖြင့် ဆောင်ရွက်မှုကြောင့် အောင်မြင်ခြင်းဖြစ်ကြောင်း၊ စီမံအုပ်ချုပ်သည့်ကဏ္ဍ၊ ပြုပြင်ပြောင်းလဲသည့်ကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကိုယ်စီယုံကြည်ချက် ခိုင်မာစွာဖြင့် ပူးပေါင်းဖော်ဆောင်မှုကြောင့် အောင်မြင်သည့်သာဓကများ၊ သင်ခန်းစာများ ရရှိပြီးဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ယင်းဘော်တို့ စုစုခဲခဲနေထိုင်ရာ ကျေးလက်နေပြည်သူများ၏ ရေ၊ မီး၊ လမ်း စသည့်ကဏ္ဍများ အဆင်ပြေစေရေး ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိထံသို့ ဖရူဆို-ဒီးမော့ဆို လမ်းမကြီးမှကျေးရွာအထိ လမ်းခင်းပေးရန် လာရောက်တင်ပြသည့်အတွက် မိမိကိုယ်တိုင် လာရောက်ကြည့်ရှုခြင်းဖြစ်ပြီး အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်း၊ လိုအပ်သောမြောင်းများ Box Culvert များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ရာတွင် လိုအပ်သော လမ်းမြေအနည်းငယ်အတွက် ပြည်သူများမှလည်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တာဝန်သိစိတ်၊ တာဝန်ရှိစိတ်၊ တာဝန်ခံစိတ်ဖြင့် လမ်းမကြီး ရေရှည်တည်တံ့ရေးအတွက် မိမိတို့အားလုံး ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ် ကေ့ထိုးဘိုးရိုးရာ ဂေါပကအဖွဲ့ဝင် ဦးငါးရယ်က တံခွန်တိုင်ပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယင်းဘော်မျိုးနွယ်စုနာယက ဦးနန်းရီက ရိုးရာယဉ်ကျေးမှုသမိုင်းအား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ယင်းဘော်မျိုးနွယ်စု ဂန်းခွမ့်(ခေါ်)တံခွန်တိုင်ပွဲတော် ကျင်းပနိုင်ရေးအတွက် ငွေကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယင်းဘော်တိုင်းရင်းသားများ ကျေးရွာအသီးသီးမှ အကပဒေသာအဖွဲ့များအား ဂုဏ်ပြုဆုငွေများနှင့် မေတ္တာလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယခုလို ပြည်နယ်အစိုးရအဖွဲ့က ယင်းဘော်တို့ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ဆောင်ရွက်ပေးမှုကြောင့် ယင်းဘော်တို့၏ လူနေမှုဘဝနှင့် ကျေးလက်ဒေသဥပမိရုပ်တို့မှာ အတိုင်းအတာတစ်ခုထိ ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ ခံစားနေရပြီး ဖြစ်ပေသည်။ ထို့အတူ သမိုင်းကြောင်းနှင့် စာပေယဉ်ကျေးမှုအခန်းကဏ္ဍကိုပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မှီငြမ်းကိုးကား

၁။ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံ (ကယား)၊
၂။ ဒို့သွေးဒို့သား တိုင်းရင်းသား၊ ဦးမင်းနိုင်၊
၃။ ပြည်ထောင်စုသားတို့၏ ရိုးရာလက်ထပ်မင်္ဂလာဓလေ့များ၊ တက္ကသိုလ်သျှင်သီရိ၊
၄။ ကယားပြည်နယ်မှ ကယန်းကင်(ခေါ်)ယင်းဘော်၊ နီငြိမ်း(အညာတက္ကသိုလ်)၊
၅။ ကိုယ်တိုင်လေ့လာမှုမှတ်တမ်း။

မြန်မာ့ရုပ်သေးအနုပညာအကြောင်း တစ်စိတ်တစ်ပိုင်း

■ ထွန်းထွန်းနိုင်

တိုင်းပြည်တစ်ပြည်ရဲ့ တန်ဖိုးဆိုတာ အဲဒီနိုင်ငံအတွင်းမှာနေထိုင်တဲ့ လူတစ်ဦးချင်းစီရဲ့တန်ဖိုးပဲဖြစ်ပါတယ်။ လူတစ်ဦးချင်းစီက တန်ဖိုးရှိတဲ့သူတွေ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ချစ်မြတ်နိုးတန်ဖိုးထားတတ်သူတွေ၊ ဉာဏ်ပညာနဲ့ သိမ်မွေ့တဲ့ နှလုံးသားရှိတဲ့သူတွေရှိတဲ့ တိုင်းပြည်ဟာ အခြေခိုင်ခံ့ တည်မြဲလှပါတယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ အနုပညာကို မိမိတို့ကိုယ်တိုင်ကပဲ ချစ်မြတ်နိုး၊ တန်ဖိုးထားတတ်ကြဖို့ အင်မတန်မှအရေးကြီးလှပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာကပင် လေးစားအားကျရလောက်အောင် ယဉ်ကျေးမှုအနုပညာ ချမ်းသာတဲ့နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝလှတဲ့ ယဉ်ကျေးမှုအနုပညာများထဲမှ ရုပ်သေးပညာဆိုရင်လည်း တကယ့်ကို အဖိုးတန် ပတ္တမြားလို အရည်အသွေး မြင့်မားလှပါတယ်။

ရုပ်သေးအနုပညာ ပေါက်လာခြင်း

ရုပ်သေးအနုပညာဟာ လူကိုယ်တိုင်အစား အရုပ်ကလေးများကို လှုပ်ရှားကပြသရုပ်ဆောင်စေတဲ့ အနုပညာဖြစ်ပါတယ်။ သက်မဲ့ အရုပ်ကလေးများကို နည်းအမျိုးမျိုးနဲ့ သက်ဝင်လှုပ်ရှားအောင် တီထွင်ခဲ့တဲ့ မြန်မာ့လက်မှုပညာပဲဖြစ်ပါတယ်။ တစ်နည်းအားနဲ့ ရှေးအခါက ဇာတ်နိပါတ်တော်များ ကပြသရုပ်ဆောင်ရတဲ့အခါမှာ ဟိရိဩတ္တပ္ပတရား ကြီးမားလှတဲ့ မြန်မာပရိသတ်တို့ မကြည့်ရဲ မရှုရဲ ဖြစ်ကြရာ လူအစား အရုပ်တွေကို သဘာဝကျကျ သရုပ်ဆောင်ရာမှ ရုပ်သေးအနုပညာ ပေါ်ပေါက်လာခြင်းပဲဖြစ်ပါတယ်။

မြန်မာ့ရုပ်သေးပညာဟာ ၁၁ ရာစု ပုဂံခေတ်ကတည်းက ဘုရင်နန်းတွင်းနဲ့ ပြည်သူတွေကြားမှာ ဖျော်ဖြေမှုတွေစတင်ခဲ့တယ်လို့ သုတေသီများက ယုံကြည်ခဲ့ကြပါတယ်။ ဒါပေမယ့် သမိုင်းအထောက်အထားများနှင့်တကွ ရုပ်သေးကြိုးဆွဲသမားများဆိုတဲ့ စကားအသုံးအနှုန်း မှတ်စုမှတ်တမ်းများ အပြည့်အစုံကိုတော့ ၁၄၄၄ ခုနှစ် ၁၅ ရာစုမှ တွေ့ရပါတယ်။ မြန်မာ့ရုပ်သေး အနုပညာသက်တမ်းဟာ အနည်းဆုံး နှစ်ပေါင်း ၅၅၀ကျော်ပြီ ဖြစ်ပါတယ်။ မြန်မာ့ကြိုးဆွဲရုပ်သေးအနုပညာ အထည်ဝါဆုံး အောင်မြင်မှုအထွတ်အထိပ်ဖြစ်ခဲ့တဲ့ အချိန်မှာ ၁၉ ရာစု ၁၈၂၁ ခုနှစ်မှ ၁၈၈၅ ခုနှစ် ကုန်းဘောင်ခေတ် ဖြစ်ခဲ့ပါတယ်။

ကမ္ဘာမှာ ရုပ်သေးအမျိုးအစားအဖြစ် လက်ထိုးရုပ်သေး၊ တုတ်ထိုးရုပ်သေး၊ အရိပ်ရုပ်သေးနဲ့ ကြိုးဆွဲရုပ်သေးဆိုပြီး လေးမျိုးရှိပါတယ်။ မြန်မာ့ရုပ်သေးအနုပညာဟာ ကြိုးဆွဲရုပ်သေး အနုပညာထဲမှာ ပါဝင်လျက်ရှိပါတယ်။ လူရဲ့ လှုပ်ရှားမှုများနဲ့ ထပ်တူနီးပါးတူညီအောင် သရုပ်ဆောင်နိုင်စွမ်း အရှိဆုံးဖြစ်ပါတယ်။ မြန်မာ့ရုပ်သေးအနုပညာဟာ ကမ္ဘာက လေးစားတန်ဖိုးထားပြီး ရင်သပ်ရှုမော အံ့ဩချီးကျူးရတဲ့ အနုပညာတစ်ရပ်ဖြစ်ပြီး အထက်တန်းအဆင့်မှာ ရှိပါတယ်။ ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးတွေမှာ အခမဲ့ရုပ်သေးကပြရခြင်းနဲ့ အခကြေးငွေဖြင့် ရုံသွင်းကပြတဲ့နိုင်ငံဟူကာ သတ်မှတ်ထားရာမှ မြန်မာ့ရုပ်သေးဟာ ရုံသွင်းပြီး အခကြေးငွေဖြင့် ကပြခွင့်ရတဲ့ နိုင်ငံဖြစ်ပါတယ်။

မြန်မာ့ရုပ်သေးပညာ အနုပညာရသမြောက်လှအောင် ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ရုပ်သေးစတင်ထုလုပ်စဉ်ကပင် စည်းကမ်းကြီးလှသလို နတ်လည်းကြီးလှပါတယ်။ ရုပ်သေးရုပ်ကို ယခင်က ရမနေသားကို အဓိကထားပြီး လုပ်ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဧကရာဇ်သား၊ လက်ပံ၊ သနပ်သားနှင့် ကျွန်းသားအစရှိတဲ့ ပေ့ါပါးခိုင်ခံ့တဲ့ အသားများနဲ့ လုပ်ဆောင်ကြပါတယ်။ ရှေးယခင်က ရုပ်သေးရုပ် ထုလုပ်တော့မယ်ဆိုရင် ရုပ်သေးဆရာကြီးများကိုယ်တိုင် တောထဲကိုသွားပြီး သစ်ပင်တစ်ပင်တည်းမှ ရုပ်သေးတစ်စင်စာ ရုပ်သေးရုပ် ၃၀ ရမယ့်အပင်ကို ခုတ်လုပ်ကြခြင်းဖြစ်ပါသည်။ ရုပ်သေးရုပ် ထုလုပ်မယ်ဆိုရင် အပြင်မှာတကယ်ရှိတဲ့အတိုင်း အင်္ဂါအစုံအလင် ထုလုပ်ရခြင်း ဖြစ်ပါတယ်။ ယခင်က ရုပ်သေးစင်တစ်စင်မှာ ရုပ်သေးရုပ် ၂၈ ရုပ် ရှိခဲ့ရာမှ နောက်ပိုင်းမှာ ဇာတ်ဝင်ခန်းတွေအရ ၃၆ ရုပ်ထိ ရှိလာခဲ့ခြင်း ဖြစ်ပါတယ်။

ရုပ်သေးလို့ ပြောင်းလဲခေါ်တွင်

မြန်မာ့ရုပ်သေးသဘင်ကို ရှေးမြန်မာမင်းများလက်ထက်ကပင် အရေးပေးမြှောက်စားခြင်းခံခဲ့ရပါတယ်။ ရှေးက ရုပ်စုံသဘင်ဟုခေါ်ခဲ့ရာမှ စင်ဖြင့်ကပြရသောကြောင့် စဉ့်ကူးမင်းလက်ထက်မှာ အမြင့်သဘင်လို့လည်း ခေါ်ခဲ့ကြတယ်။ ၁၁၈၃ ခုနှစ် ဘကြီးတော်မင်းလက်ထက်မှာ သဘင်ဝန် ဦးသော်၏ အမိန့်စာတမ်းအရ ရုပ်သေးလို့ ပြောင်းလဲခေါ်တွင်ခဲ့ခြင်း ဖြစ်ပါတယ်။

> ရုပ်သေးအနုပညာဟာ လူကိုယ်တိုင်အစား အရုပ်ကလေးများကို လှုပ်ရှားကပြသရုပ်ဆောင်စေတဲ့ အနုပညာဖြစ်ပါတယ်။ သက်မဲ့ အရုပ်ကလေးများကို နည်းအမျိုးမျိုးနဲ့ သက်ဝင်လှုပ်ရှားအောင် တီထွင်ခဲ့တဲ့ မြန်မာ့လက်မှုပညာပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရှေးအခါက ဇာတ်နိပါတ်တော်များ ကပြသရုပ်ဆောင်ရတဲ့အခါမှာ ဟိရိဩတ္တပ္ပတရား ကြီးမားလှတဲ့ မြန်မာပရိသတ်တို့ မကြည့်ရဲ မရှုရဲ ဖြစ်ကြရာ လူအစား အရုပ်တွေကို သဘာဝကျကျ သရုပ်ဆောင်ရာမှ ရုပ်သေးအနုပညာ ပေါ်ပေါက်လာခြင်းပဲဖြစ်

မြန်မာ့ရုပ်သေးဟာ တခြားနိုင်ငံတွေက ရုပ်သေးနဲ့ လုံးဝမတူ ကွဲပြားခြားနားပြီး အိမ်နီးချင်းနိုင်ငံရဲ့ရုပ်သေးများကိုလည်း တုပခြင်းမရှိ၊ အရုပ်အသွင်အပြင်၊ ကြိုးတပ်ပုံ၊ အဆက်ဆက်ပုံ၊ ကိုယ်အချိုးအစား တည်ရှိပုံ၊ ဝတ်စားဆင်ယင်ပုံနှင့် ကကြိုးကဟန် ကိုင်တွယ်ပုံကစပြီး မြန်မာမှုမြန်မာ့ဟန်နဲ့ သီးခြားရပ်တည်နေတဲ့ ကိုယ်ပိုင်အနုပညာတစ်ရပ် ဖြစ်ပါတယ်။ မြန်မာ့ရုပ်သေးရုပ်ကလေးတွေဟာ မြန်မာ့ယဉ်ကျေးမှုအနုပညာကို ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။ မြန်မာ့ရုပ်သေးရုပ်ကလေးတစ်ရုပ်မှာ မြန်မာ့အဆိုပညာ၊ အတီးပညာ၊ အကပညာ၊ အငိုပညာ၊ မြန်မာ့ပန်းချီပညာ၊ ပန်းပုပညာ၊ ရွှေချည်ထိုးပညာနဲ့ အပ်ချုပ်ပညာတို့ကို ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။

ရှေးအခါက ရုပ်သေးကြိုးဆွဲဆရာများနှင့် အဆိုတော်များကို ပရိသတ်မမြင်စေရဘဲ လက်တန်းကားနောက်ကနေ သီဆိုကြရပါတယ်။ ရှေးယခင်က အမျိုးသမီးများ ရုပ်သေးစင်ပေါ်တက်ခွင့်မပြုတဲ့အတွက် အမျိုးသားများက အမျိုးသမီး အသံလုပ်ပြီး သရုပ်ဆောင်သီဆိုရတဲ့အတွက် အမျိုးသားများကို ရုပ်သေးမင်းသမီးလို့ ခေါ်ဆိုခဲ့ကြခြင်း ဖြစ်ပါတယ်။

မင်းတုန်းမင်းလက်ထက်မှာ ရုပ်သေးစင် အမျိုးအစား လေးမျိုးရှိခဲ့ပါတယ်။ ရှင်ဘုရင် ရဲ့ သီးသန့်စင်ဖြစ်တဲ့ စင်တော်ကြီး၊ မိဖုရားနှင့် ဘုရင့်အမြတ်နိုးဆုံး သမီးတော်ကို ဖျော်ဖြေရန်ထားရှိတဲ့စင်ကို စင်တော်ကလေး၊ နန်းတွင်းအမှုထမ်း၊ အရာထမ်းများအတွက် ဖျော်ဖြေရန်စင်ကို ဝင်စင်နဲ့ သာမန်အရပ်သားများကိုဖျော်ဖြေကပြတဲ့စင်ကိုအရပ်စင်ဟူ၍ ခေါ်ဆိုခဲ့ကြပါတယ်။

မြန်မာ့ရုပ်သေးဟာ သီချင်းသီဆိုမှုအလိုက် သရုပ်ဟန်ခင်းရပါသည်။ တီးမှုတ်သည့် ဆိုင်းနှင့် စည်းဝါးတကျ ကပြလှုပ်ရှားရခြင်း ဖြစ်ပါသည်။ အဆို၊ အတီး၊ အကတို့ ပေါင်းစပ်ပြီး တစ်ပြိုင်နက် အကွက်ကျသရုပ်ဖော်ရခြင်း ဖြစ်ပါသည်။ ကြိုးဆွဲသူ သီဆိုသူ၊ တီးမှုတ်သူ သုံးဦးတစ်ပြိုင်နက် အကွက်ကျကျ ဆီလျော်အောင် ကပြလှုပ်ရှားရတဲ့အတွက် နှစ်ကိုယ့် တစ်စိတ်၊ သုံးကိုယ့်တစ်စိတ်ပညာဟုလည်း ခေါ်ကြပါတယ်။ အထူးကဏ္ဍစာမျက်နှာ (ခ)သို့»»

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂျာနယ်

ဇွန် ၇၊ ၂၀၂၀
(တနင်္ဂနွေနေ့)

ဝတ္ထုတို

■ ဆွေး(မြိတ်)

(၁)

အိမ်၏ မျက်နှာချင်းဆိုင်တွင် အပျိုကြီး ညီအစ်မသုံးဦးနေသော ရှေးအိမ်ကြီးတစ်လုံး ရှိပါသည်။ ထိုအိမ်တွင် အပျိုကြီးများနှင့်အတူ ၎င်းတို့၏ တူဖြစ်သူ ကိုဝင်းမောင်လည်း အတူနေ၏။ ကိုဝင်းမောင်သည် အပျိုကြီးတို့၏ အစ်ကိုကြီးဖြစ်သူ ဦးခိုင်မှ ဆင်းသက်လာသော မျိုးဆက်ဖြစ်သည်ဟု အပေါ်ယံသိထားကြသော်လည်း အတွင်းကား ဤသို့မဟုတ်။ ကိုဝင်းမောင်မှာ ဦးခိုင် ပထမအိမ်ထောင်ပြုစဉ်က အမျိုးသမီးဘက်မှ ပါလာခဲ့သည်။ အတွင်းသိလူများ၏ ရှေ့စကားနောက်စကားများအရ ကိုဝင်းမောင်၏ မိခင်မှာ စာရိတ္တကောင်းသူမဟုတ်။ သို့ဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဦးခိုင်နှင့် အိမ်ထောင်ရေးပျက်စီးသွားသောအခါ ဦးခိုင်က မယားပါသားကို သူ့သားဖြစ်သည်ဟု ဆိုပြီး ညီမများထံ လာရောက်အပ်နှံထားခြင်းဖြစ်သည်။ ညီမများက အဖြစ်မှန်ကို သိကြသော်လည်း ကလေးချစ်တတ်သည်က တစ်ကြောင်း၊ အစ်ကိုဖြစ်သူက သံယောဇဉ်ရှိနေသည်က တစ်ကြောင်း သွေးမတော်သားမစပ်သူကို မွေးလည်းမွေး၏။ ကျွေးလည်းကျွေး၏။ ပညာလည်းသင်ပေး၏။ ထိုကာလအတွင်း ဦးခိုင်မှာ ဒုတိယအိမ်ထောင်ပြု၍ တစ်နယ်တစ်ကျေးတွင် အခြေချနေလေသည်။

အပျိုကြီးတို့သည်ကား မိမွေးဖမွေးကြောင့် အထုပ်နှင့် အထည်နှင့် ဖြစ်သည်မို့ တူဖြစ်သူကို အလွယ်ကလေး ထိန်းကျောင်းနိုင်ကြသော်လည်း ကိုဝင်းမောင်တွင် သူ့အမေ၏ သွေးများ တစ်ခန်းထလာသောအခါ အပျိုကြီးများ ဒုက္ခရောက်လေသည်။ ကျောင်းအုပ်ကြီး ရုံးခန်းသို့ မကြာခဏသွားကြရသလို ကျောင်းပိတ်ရက်များတွင်လည်း အိမ်နီးနားချင်းများနှင့် မကြာမကြာ စကားများကြရသည်။ အဆော့သန်သလောက် လက်မနေးသော ကိုဝင်းမောင်သည် နှုတ်လည်းမတွန့်ပါ။ သူ့ကို မွေးထားသော အပျိုကြီးများကိုပင် မထင်လျှင် မထင်သလို ကြမ်းကြမ်းတမ်းတမ်း ဆဲတတ်သည်။ အပျိုကြီးများက ချစ်သည့်စိတ်ဖြင့် ခွင့်လွှတ်ထားကြသော်ငြားလည်း ပတ်ဝန်းကျင်ကမူ မချစ်နိုင်ရှာ။ ဤသို့နှင့် ကိုဝင်းမောင် အထက်တန်းကျောင်းသား အရွယ်တွင် အပျိုကြီးများကို သူ့စိတ်ကြိုက် ခြယ်လှယ်တော့၏။ ကျောင်းထွက်သည်။ သောက်သည်။ စားသည်။ အိမ်တွင်းပစ္စည်းများကို လစ်လျှင်လစ်သလို ထုတ်ရောင်းပြီး သူငယ်ချင်းများနှင့် အပျော်ရှာ သည်။ နောက်ဆုံးတွင် အိမ်နှင့် သုံးရပ်ကွက် ကျော်တွင်ရှိသော ဈေးမှ ဈေးသည် မိလေးကို အိမ်ပေါ်ခေါ်တင်လာသည်။ မိလေးက တစ်ကောင်ကြွက်။ သို့သော် မိန်းမလည်ဖြစ်သည်။ ကိုဝင်းမောင်ကို ရပြီးသည်ကစ ယခင်ကလို ဈေးမထွက်။ အိမ်တွင် အခန့်သားနေ၍ အပျိုကြီးများ၏ စုဆောင်းထားသမျှကို လင်နှင့်ပေါင်းကာ ကူခြွေပေးသည်။ လင်က အသောက်အစားနှင့်။ မယားက နှစ်လုံးသုံးလုံးနှင့် ။ ထိုသို့မအားမလပ်သည့်ကြားကပင် မိလေးတွင် ဗိုက်တစ်လုံး တိုးလာခဲ့သည်။ ထိုဗိုက်ကို အပျိုကြီးများက တာဝန်ယူကြရသည်။

မိန်းမလည် မိလေးသည် အပျိုကြီးများ၏ ကောင်းမှုဖြင့် သူရအေးဟုခေါ်သော သားတစ်ယောက်ကို လူ့လောကအတွင်း ခေါ်သွင်းနိုင်ခဲ့သည်။ ကလေးမွေးပြီး နှစ်လကျော်အကြာတွင် ကလေးနှင့်လင်ကိုပစ်ပြီး နောက်ယောကျ်ားနောက် လိုက်ပြေးရှာသည်။ အကြောင်းပြချက်ကား လက်ကြောမတင်းသည့်ယောကျ်ား၊ တာဝန်မကျေသည့်ယောကျ်ားနှင့် ဆက်မပေါင်းလိုခြင်းဖြစ်သည်။ မိလေး၏ နောက်ယောကျ်ားကား အခြားသူမဟုတ်။ ကိုဝင်းမောင်နှင့် သောက်ဖော်သောက်ဖက်ထဲမှဖြစ်သည်။ အရက်သမားချင်း သစ္စာရှိလိုက်ကြပုံများ မယားကိုသာပေးလိုက်သည်။ အရက်ဝိုင်းတွင် သောက်ဖက်ကို ပခုံးဖက်အပျက်မခံခဲ့။

သို့နှင့် ကိုဝင်းမောင်၏သား သူရအေးသည် အပျိုကြီးတို့၏သား ဖြစ်ခဲ့ရသည်။ သူရအေး ငါးနှစ်သားအရွယ်တွင် အပျိုကြီးတစ်ယောက် ဆုံးသွားလေသည်။ ထိုအချိန်မှ ကိုဝင်းမောင် မည်သို့နောင်တရလိုက်သည်မသိ၊ ငါးဖမ်းလှေလိုက်ကာ အပျိုကြီးနှစ်ယောက်နှင့် သူ့သားကို ရှာကျွေးရှာသည်။ ယခင်ကလောက် အသောက်အစားမများတော့ပါ။ လှေထွက်ပြီး တစ်ခါပြန်ဝင်လာတိုင်း အိမ်အတွက် ငါးများ၊ ပုစွန်များနှင့်အတူ ငွေကြေးများပါ ပြန်ပါလာတတ်သည်။ သူရအေး ပထမတန်းတက်ချိန်တွင် ကိုဝင်းမောင် ဒုတိယအိမ်ထောင်ပြုလေသည်။ အပျိုကြီးများနှင့် သူ့ကလေးကို လှည့်ပင်မကြည့်တော့ဘဲ မယားသစ်နောက် ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။ သူယူသည့်မိန်းမမှာ အတန်အသင့်ကြွယ်ဝသဖြင့် အသောက်အစားနှင့် အပျော်အပါးပြန်ဖြစ်လာသည်။ လေးငါးခြောက်လအကြာတွင် ကိုဝင်းမောင် ထောင်ကျလေသည်။ သူ့ခယ်မကို မတော်မတရားကြံသောကြောင့်ဟု ကြားရသည်။ ဟုတ်၏ မဟုတ်၏ကို မည်သူမျှမသိ။ သို့နှင့် အပျိုကြီးနှစ်ယောက်သည် ကလေးတစ်ယောက်နှင့် လည်လျက်။

သူရအေးသည် အမူးသမားနှင့် မိန်းမလည်သားပီပီ အပျိုကြီးများကို အတော်ဒုက္ခပေးသည်။ လေးတန်းငါးတန်း အရွယ်ကလေးနှင့် မိုက်ရိုင်းသည်မှာ ကမ်းကုန်နေပြီ။ အိမ်တွင် အပျိုကြီးများကို ပြန်ရိုက် ပြန်ဆဲအနိုင်ကျင့်ရုံမက ကျောင်း၌လည်း အခြားကလေးများကို ပြဿနာရှာသည်။ ဆရာမများကို ပြဿနာရှာသည်။ အပျိုကြီး နှစ်ယောက်သည်လည်း ဟိုးယခင်ကကဲ့သို့ ပြဿနာများကို လိုက်လံမဖြေရှင်းနိုင်တော့ပေ။ ဇရာလှိုင်း၏ရိုက်ပုတ်မှုတွင် ပုံကြွေမသွားစေရန် အိမ်နီးနားချင်းများ၏ အကူအညီဖြင့် တောင့်ခံနေရသည်။ ခုနစ်တန်းကျောင်းသားအရွယ်တွင် သူရအေးကျောင်းထွက်ရသည်။ အလုပ်လုပ်မည်ဟုဆိုကာ ဝါလတ်ငါးဖမ်းလှေလိုက်သည်။ သူ ပထမဆုံးလိုက်သည့်အခေါက်တွင်ပင် ပင်လယ်ထဲ၌ အသက်ပျောက်သွားလေသည်။ ဤသတင်းကြောင့် အပျိုကြီးတစ်ယောက် ပွဲထွက်သွားရှာသည်။ ကိုဝင်းမောင်သည်လည်း အရိပ်မပြ အကောင်မပြနှင့် ။ ဘယ်ပျောက်လို့ ဘယ်ရောက်မှန်းပင် မသိပေ။

တစ်နေ့တွင် အပျိုကြီးတစ်ယောက်တည်း နေသည့် အိမ်ကို မိန်းကလေးသုံးဦး ရောက်လာကြသည်။ ကိုယ်လုံးကိုယ်ပေါက်များက တောင့်တောင့်တင်းတင်း။ မျက်နှာကျများသည် ဆုံးသွားသည့် အပျိုကြီးတစ်ယောက်နှင့် အတော်ဆင်သည်။ သုံးယောက်စလုံး၏ အရွယ်များသည်လည်း မတိမ်းမယိမ်းနှင့်။ မျက်နှာကလည်း ချိုချို။ နက်မှောင်သော ဆံပင်များကလည်း တင်ပါးနီးနီးပါပဲ။ ပထမဆုံးအကြိမ်ရောက်လာကြခြင်း ဖြစ်သော်လည်း အပျိုကြီးကို သူတို့တရင်းတနှီး တနွေးတထွေး။ ရွှင်ရွှင်လန်းလန်းနှင့်။ နှစ်ရက်လောက်ကြာသည့်အခါ အပျိုကြီး၏ အိမ်ရှေ့တွင် "အိမ်ရောင်းမည်" ဆိုသည့် စာပြားကပ်ထားသည်ကို တွေ့လိုက်ရသည်။ မိန်းကလေးသုံးဦး ရောက်လာပြီးသည့်နေ့မှစ အပျိုကြီးခမျာ စိုစိုပြည်ပြည် ပြန်ဖြစ်လာသည်။ စာပြားကပ်ပြီး နှစ်ပတ်လောက်အကြာတွင် အပျိုကြီး၏အိမ် အရောင်းအဝယ်ဖြစ်သွားတော့သည်။

"ဒါ---ကျွန်မ တူမလေးတွေလေ။ ကိုကြီးခိုင်ရဲ့ သမီးလေးတွေ။ ကြည့်ပါဦး ကျွန်မအစ်မကြီးနှင့် မျက်နှာကျ တူတယ်မဟုတ်လား။ ကိုကြီးခိုင်နဲ့ မကြီးက မျက်နှာကျ သိပ်ဆင်တာ။ ဖအေတူ သမီးတွေပေါ့။ ခု အစ်ကိုကြီးက ကျွန်မကို သူတို့မိသားစုနဲ့အတူနေဖို့ လာခေါ်ခိုင်းလိုက်တာ"

အပျိုကြီးက တဖွဖွဆိုရင်း တူမလေးများနောက် ပျော်တပြုံးပြုံးဖြင့် ကောက်ကောက်ပါအောင်လိုက်သွားလေတော့ အိမ်နီးနားချင်းတွေလည်း ဝမ်းသာ၍ မဆုံးတော့။ သူ့ခမျာ အသက်ခုနစ်ဆယ်နားနီးသော်မှ ချမ်းသာသုခကို ပြန်ခံစားရတော့မည်လေ။

(၂)

အိမ်၏ မျက်နှာချင်းဆိုင်တွင် အိမ်ကလေးတစ်လုံးမရှိတော့ပါ။ စားသောက်ဆိုင်ကြီးတစ်ဆိုင်က အစားထိုးနေရာယူထားလိုက်သည်မှာ ခြောက်လခန့်ပင် ရှိချေပြီ။ အမြဲလူစည်ကားနေသည့် ဤဆိုင်လေးကို အားလပ်ချိန်တိုင်း မကြာမကြာအချို့ဝိုင်းတွေကျ ငေးငေးကြည့်ဖြစ်သည်။ အထူးသဖြင့် ညနေတွေမှာ။ ယခုလည်း ပျင်းပျင်းရှိလာသည်နှင့် အိမ်ရှေ့ ဝရန်တာမှ လာငေးဖြစ်ပြန်သည်။ အချို့ဝိုင်းတွင် မိသားစုလိုက်၊ အချို့ဝိုင်းတွင် သူငယ်ချင်းအုပ်စုလိုက်၊ အချို့ဝိုင်းတွင် ချစ်သူစုံတွဲနှစ်ယောက်တည်း။ ပြောလိုက်ပြုံးလိုက် စလိုက်နောက်လိုက် ရယ်လိုက်နှင့်။ ငေးနေရသည်မှာ ဘယ်လောက်များ အရသာရှိလိုက်သလဲ။

" ဟဲ့---ဟဲ့ ---ဆွဲထုတ်ကြစမ်း။ ဆိုင်ထဲပေးမဝင်နဲ့။ ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ။ စားစရာ တစ်ခုခုပေးပြီး နှင်ထုတ်ပစ်လိုက် "

စားသောက်ဆိုင် မန်နေဂျာကြီးသည် ဆိုင်ဝတွင် ထွက်ရပ်ရင်း အလုပ်သမားများကို အော်ပြောလိုက်သည်။ အလုပ်သမားများသည် အိတ်ကြီးအိတ်ငယ် အသွယ်သွယ်လွယ်ထားပြီး ညစ်ပေစုတ်ပြတ်နေသော လူတစ်ယောက်ကို ဆိုင်ထဲမှ အတင်းဆွဲထုတ်နေသည်။

အလုပ်သမားများက ဆိုင်ထဲမှ ဆွဲအထုတ် ထိုသူက ပြန်အရုန်းတွင် လျှပ်တစ်ပြက်မြင်လိုက်ရသော မျက်နှာကြောင့် အာခေါင်တစ်ခုလုံး ခြောက်ကပ်ကပ်ဖြစ်သွားခဲ့ရသည်။ အလုပ်သမားများနောက် တရွတ်တိုက်ပါသွားသောသူသည် အပျိုကြီးမှ အပျိုကြီးအစစ်။

ဟူး----- ငေးခဲ့ဖူးသော ညနေများထဲတွင် ယခုညနေသည်---။ ။

မျိုးဆက်သစ်ရင်ပြင်
လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် **မျိုးဆက်သစ်ရင်ပြင်** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ရင်ပြင် သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

ဆောင်းပါး

■ မေ(ပညာရေး)

ထက်မြက်တယ်ဆိုတာ

"ထက်မြက်တဲ့သူတွေက ကျောင်းဆရာ မလုပ်ကြဘူးလေ။"

အဲဒီစကားကြားလိုက်ရတဲ့အခါ ကျွန်မစိတ်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းကို မသိဘူး။ သင်တန်းတစ်ခုမှာ ဆွေးနွေးကြရင်းနဲ့ သင်တန်းသူတစ်ယောက်က အဲဒီလို ပြောတာကို နားထောင်နေကြတဲ့သူတွေ အားလုံးနီးပါး လက်ခံကြတယ်။ ကျွန်မတစ်ယောက်တည်း တိတ်ဆိတ်လျက်။

ကျွန်မက ကျောင်းဆရာမမို့လို့ အဲ့ဒီစကားကို သဘောမကျတာ မဟုတ်။ အဲဒီစကားကိုက အဓိပ္ပာယ်မရှိတာလို့ ကျွန်မယူဆတာ။ ဒါပေမယ့် သင်တန်းမှာ ကျွန်မဘာမှ မပြောဘဲ မသိချင်ယောင်ဆောင်ခဲ့ပါတယ်။

အိမ်ပြန်တဲ့တစ်လမ်းလုံး ကျွန်မတွေးနေမိတာက လူတွေပြောတဲ့ ထက်မြက်တဲ့သူတွေအကြောင်း၊ လူတွေသတ်မှတ်ထားတဲ့ ထက်မြက်တဲ့သူတွေအကြောင်း။ ထက်မြက်ခြင်း၊ အောင်မြင်ခြင်းဆိုတဲ့စကားက အတူတူယှဉ်တွဲနေကြတာပါ။ ထက်မြက်တဲ့လူတွေက အောင်မြင်ကြတယ်။ အောင်မြင်တဲ့သူတွေက ထက်မြက်ကြတယ်။ လွယ်လွယ်ပြောရရင် တော်တယ်ပေါ့။ ကျွန်မတို့ အောင်မြင်နေတဲ့ လူတစ်ယောက်ကို တွေ့တဲ့အခါ အဲဒီလူက တော်တယ်လို့ အလွယ်သုံးကြတယ်မဟုတ်လား။ အပြောများတဲ့သူတွေကို ကြည့်မယ်ဆိုရင် လူသိများတဲ့သူတွေ၊ ချမ်းသာကြွယ်ဝတဲ့သူတွေ၊ နောက်ပြီး လုပ်ငန်းကြီးကြီးတစ်ခုမှာ ဦးဆောင်နေတဲ့သူတွေ ဖြစ်နေတာကို တွေ့ရလိမ့်မယ်။

ထက်မြက်တယ်၊ အောင်မြင်တယ်။ စာလုံးက ရိုးရိုးလေးပါ။ ဒါပေမယ့် လူတွေအားလုံး သတ်မှတ်ထားတဲ့ အမြင်က ကြီးကျယ်ခမ်းနားလွန်းတယ်။ ဆိုကြပါစို့။ အထူးကုဆရာဝန်တစ်ယောက်… နာမည်ကြီးတယ်…တော်တယ်… ထက်မြက်တယ်။ အဲဒီတော့ အောင်မြင်တယ်။ သူ ဘယ်နေရာမှာ အောင်မြင်တာလဲ။ ကျွန်မတို့ ပြန်စဉ်းစားကြည့်ရအောင်။ သူ့ရဲ့ ဆေးပညာပိုင်းဆိုင်ရာနယ်ပယ်မှာ အောင်မြင်တာပါ။ အဲ့ဒီလိုလူတစ်ယောက်ကို အင်ဂျင်နီယာတစ်ယောက်လို တိုက်ဆောက်ခိုင်းလို့ မရပါဘူး။ ဘာကြောင့်လည်းဆိုတော့ သူကျွမ်းကျင်တဲ့နယ်ပယ် မဟုတ်လို့ပါ။ တကယ်တော့ ထက်မြက်တယ်ဆိုတာ ဂုဏ်ရှိတဲ့ လူ့အပေါ်ဆုံးအလွှာတွေ အတွက်ပဲမဟုတ်ပါဘူး။ နောက်ပြီး ငွေကြေးအပေါ်မှာလည်း မူတည်နေတာ မဟုတ်ပါဘူး။

လူတစ်ယောက်က သူ့နယ်ပယ်မှာ သူအကောင်းဆုံး စီမံခန့်ခွဲနိုင်တယ်၊ ဦးဆောင်နိုင်တယ်ဆိုရင် အဲဒီလူကို ထက်မြက်တယ်လို့ ခေါ်လို့ရပါတယ်။ ဘယ်အလွှာမှာပဲ ရှိရှိပေါ့။

လွန်ခဲ့တဲ့ လအနည်းငယ်က ကျွန်မ လပွတ္တာဘက်ကို ရေအလှူလိုက်သွားရင်းနဲ့ စာပေဟောပြောပွဲလေးတစ်ခုလည်း လက်ခံလိုက်တယ်။ လပွတ္တာမြို့ပေါ်ကနေ လှေစီးပြီး သွားရမယ့် ရွာလေးပေါ့။ ကျွန်မတို့အုပ်စုက လူ ၂၀ လောက် ရှိမယ်။ ရွာလေးရွာက စာသင်ကျောင်းတွေကို ရေစည်တွေ လှူတယ်။ ရေသန့်တွေလှူတယ်။ အဲဒီအချိန်မှာ ကျွန်မ သတိထားမိတာက ဆရာ လှိုင်မျိုးအောင်ဆိုတဲ့ ကျောင်းအုပ်ဆရာကြီး။

ကျောင်းအုပ်ဆရာကြီးလို့သာ သုံးနှုန်းတာပါ။ ဆရာက အသက် ၃၀ ကျော်ရုံပဲ ရှိသေးတယ်။ လူပုံက ခပ်နွဲ့နွဲ့၊ ပိန်ပိန်သေးသေး။ ဒါပေမယ့် အဲဒီဆရာကို မချီးကျူးဘဲနဲ့ကို မနေနိုင်ဘူး။ လှေဆိပ်မှာ ထိုင်နေရင်း သူ့ရဲ့လှုပ်ရှားမှုတွေကို ကျွန်မမြင်နေရတယ်။ စက်လှေသုံးစင်းမှာ ဘယ်အစင်းကို ရေပုံးတင်၊ ဘယ်စက်လှေကတော့ဖြင့် အမိုးပါတော့ ဆရာမနဲ့ အမျိုးသမီးတွေစီး၊ နောက်စက်လှေမှာ ပစ္စည်းနဲ့ ကျန်တဲ့သူတွေတက် စတာတွေကို သူတစ်ယောက်တည်း စီမံခန့်ခွဲနေတာများ စိတ်ထဲကနေ ချီးကျူးမိတယ်။

ကျွန်မတို့တည်းမယ့်ရွာက သူတာဝန်ကျတဲ့ရွာ။ လှေက အနည်းဆုံး လေးနာရီလောက်စီးရတယ်။ ကျွန်မစီးတဲ့ လှေပေါ်မှာ သူလိုက်လာတယ်။ တစ်လမ်းလုံးလည်း ရွာနဲ့သူဖုန်းအဆက်အသွယ်မပြတ်ဘူး။ ရွာမှာလုပ်စရာရှိတာတွေကို အဆက်မပြတ် စီစဉ်ပေးနေတာ။ ရွာနားရောက်ခါနီး နာရီဝက်အလိုမှာ ထမင်းဝိုင်းလှမ်းပြင်ခိုင်းတယ်။ ဟင်းပူပူလေးဖြစ်အောင် ပြန်နွေးခိုင်းနေတာကိုလည်း ကျွန်မကြားနေရတယ်။

ရွာရောက်ပြန်တော့လည်း ဆရာကပဲ ဦးဆောင်ပြီး နေဖို့၊ စားဖို့၊ အိပ်ဖို့ကအဆုံး တစ်စက်လေးမှ လစ်ဟာမှုမရှိအောင် စီစဉ်သွားပြန်တယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့စိတ်ထဲ ဒီဆရာ တော်လိုက်တာ၊ ထက်မြက်လိုက်တာလို့ အကြိမ် ၂၀ အနည်းဆုံး ရေရွတ်ပြီးပြီ။ ညဘက် စာပေဟောပြောပွဲလေး လုပ်တော့လည်း ရွာသူရွာသားတွေကို စည်းရုံးထားလိုက်တာများ တစ်ရွာလုံးရှိ လူအကုန်လာနားထောင်ကြတာ။

ဆရာက သူ့နယ်ပယ်မှာ သူတာဝန်ကျေတာထက်ကို ပိုတယ်။ တစ်ရွာလုံးကိုလည်း စည်းရုံးထားနိုင်တဲ့အပြင် အလှူရှင်တွေရအောင်လည်း သူကြိုးစားနိုင်တယ်။ ဒါက သူ့ရဲ့ ထက်မြက်မှုနဲ့ အောင်မြင်မှုပါ။ အားလုံးထင်နေကြတဲ့ ငွေကြေးအောင်မြင်မှု၊ ချမ်းသာကြွယ်ဝမှုတွေ သူ့မှာ မရှိပါဘူး။

ဒါပေမယ့် ပညာရေးလောကမှာ ဆရာကထက်မြက်ပါတယ်။ စိတ်ရောကိုယ်ပါ သူ့အလုပ်မှာနှစ်ပြီး ဒီရွာလေးရဲ့ တိုးတက်မှု၊ ဒီရွာလေးရဲ့ ပညာရေးကို ဆရာပြောင်းလဲပေးနေတာ ကျွန်မမျက်မြင်ကိုယ်တွေ့ပါ။ အဲဒါကြောင့် "ထက်မြက်တဲ့သူတွေက ကျောင်းဆရာ မလုပ်ဘူး" ဆိုတဲ့ စကားကို ကျွန်မ ငြင်းချင်ပါတယ်။

နောက်ပြီး ထက်မြက်တယ်ဆိုတာ လူတန်းစားတစ်ခုအတွက်ချည်း သတ်မှတ်ထားတဲ့ သီးသန့်စကားရပ်တစ်ခု မဟုတ်ကြောင်း ကျွန်မက ပြောပြချင်တာပါ။ ကျွန်မတို့နားက ဈေးထဲမှာ ကြက်သားရောင်းသူ ၁၀ ဦး အနည်းဆုံး ရှိပါတယ်။ ဒါပေမယ့် မိငယ်လေးဆိုတဲ့ ကြက်သားသည်ကို ဘယ်သူမှ မယှဉ်နိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ မိငယ်လေးက အခြားကြက်သားဆိုင်တွေထက် ပိုပြီး ဝန်ဆောင်မှုပေးနိုင်တယ်။ အလေးပြည့်တယ်။ လက်သာတယ်။ စေတနာပါတယ်။ သန့်ရှင်းတယ်။ ဒါ့အပြင် စကားပြောတာ အင်မတန်ချိုတယ်။

သိကြတဲ့အတိုင်း ဈေးသည်ပါးစပ်ဆိုတဲ့ အစဉ်အလာကို မိငယ်လေးက ချိုးဖောက်နိုင်တယ်။ ဒါက သူ့ရဲ့ ထိုးဖောက်နိုင်မှုပါ။ သူ့ရဲ့နယ်ပယ်မှာ သူအောင်မြင်ပါတယ်။ တော်ပါတယ်။ ဒါကို ကျွန်မတို့တွေ ငြင်းလို့မရနိုင်ပါဘူး။

ထိုနည်းတူစွာပဲ City Mart တွေမှာ လစဉ်လတိုင်း ဝန်ထမ်းကောင်းဆုလေးတွေ ကပ်ထားတာ တွေ့ရတယ်။ သူတို့နယ်ပယ်မှာ သူတို့က အခြားသူတွေနဲ့ မတူဘဲ ထူးထူးခြားခြား တော်နေလို့ အဲဒီလို ဆုတံဆိပ်ကပ်ခံရတာပါ။ အဲဒါတွေက သူတို့ရဲ့ အောင်မြင်မှုပါ။ အိမ်ထောင်ဦးစီးက ငွေရှာပေးတယ်။ အိမ်ထောင်ရှင်မက အဲဒီငွေနဲ့ အရာရာကို စီမံခန့်ခွဲတယ်။ တစ်လမှာ ဝင်ငွေ၊ ထွက်ငွေမျှအောင် သုံးရတဲ့အပြင် စုမိဆောင်းမိဖြစ်အောင် ကြိုးစားနိုင်ရင် အခြားအိမ်ထောင်ရှင်မတွေထက် အဲဒီအမျိုးသမီးက သာမှာပဲ။ အိမ်တွင်းရေး အရာရာအဆင်ပြေနေတယ်ဆိုတာကလည်း အိမ်ထောင်ရှင်မရဲ့ ကြိုးစားအားထုတ်မှု ပါတယ်ဆိုတာ ကျွန်မတို့ ဘယ်တော့မှ ငြင်းလို့မရဘူး။ ထက်မြက်တဲ့ မိန်းမဆိုတာတွေကို ဘောင်တွေနဲ့ မကန့်သတ်ပါနဲ့။

အဖေ မနက်ဝတ်မယ့်အင်္ကျီလေး ကော့နေအောင် အဆင်သင့်ရှိနေတာက အမေ့ရဲ့ ထက်မြက်မှုပါ။ အဖေက " ဒီည ဟင်းစားကောင်းလိုက်တာ" ဆိုပြီး ပါးစပ်ကနေ ရေရွတ်လိုက်တာက အမေ့ရဲ့အောင်မြင်မှုပါ။ အဲဒါကြောင့် ထက်မြက်တယ်ဆိုတာချည်းကို အလွှာမခွဲကြပါနဲ့။ ကျွန်မ အိမ်က အမေ့အတွက် စိတ်မကောင်းလို့ပါ။

စည်းကမ်းလိုက်နာ တို့ကျန်းမာ

ကမ္ဘာအနှံ့ ကြောက်ဖွယ်ရာ
ကိုဗစ်ကပ်ရောဂါ။
မရောက်ခင်မှာ စည်းကမ်းများ
သေချာလိုက်နာထား။
လူထူထပ်ပြား ရှောင်ကြဉ်စေ
မသွားကြနဲ့လေ။
မဖြစ်မနေ သွားလျှင်လည်း
မက်စ်ကို တပ်ပါအမြဲ။
လူတွေကြားထဲ ရောက်လျှင်ကွယ်
ခြောက်ပေခြားလို့ရယ်။
ခပ်ခွာခွာမယ် နေပါမှ
ရောဂါစိတ်ချရ။
အိမ်အပြန်မှ ပြန်ရောက်လျှင်
လက်ကိုဆေးစေချင်။
ဆပ်ပြာယူငင် ပွတ်တိုက်ဆေး
ရောဂါကာကွယ်ပေး။
ကိုယ်ခံအားလေး ကောင်းဖို့ကွယ်
အိပ်၊စားမှန်ကာရယ်။
ကိုရိုနာပယ် ကျန်းမာဖို့
စည်းကမ်းလိုက်နာစို့။

ရန်ကြီးအောင်(မြို့ရွှေဇီးကုန်း)

■ အလင်းရောင်(မြို့သာ)

အကောင်းမြင်စိတ်

နေ့စဉ်ကြုံတွေ့နေရသော လူ့ဘဝသည် ချိုမြိန်မှုမရှိ၊ ခါးသီးမှုများနှင့် ပြည့်နှက်နေပါစေ၊ နေတတ်လျှင် ကျေနပ်ပျော်ရွှင်စရာပင် ဖြစ်သည်။ ဤလူ့ဘဝသည် ရခဲလွန်း၍ အင်မတန်မှလည်း တိုတောင်းလှပါသည်။

မည်သူမဆို ကောင်းသောအရာများနှင့် တွေ့ကြုံနေရသကဲ့သို့ ဆိုးသောအရာများနှင့်လည်း ကြုံတွေ့နေရမည်သာဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးပေါင်းသင်းရာတွင် ကောင်းသောသူများနှင့် တွေ့ကြုံပေါင်းသင်းခဲ့ရသကဲ့သို့ မကောင်းသော သူများနှင့်လည်း ကြုံကြိုက်ခဲ့ရပေသည်။ ကောင်းဆိုးနှစ်ထွေ ရောမွှေ၍ ကြုံတွေ့ခဲ့ကြရသည်သာဖြစ်သည်။

မည်သူမဆို ကောင်းသောအရာများကို လက်ဝယ်ပိုင်ဆိုင်ကြုံတွေ့ရသည့်အခါ ပျော်ရွှင်ကြည်နူးခဲ့ကြရသည်။ မိမိအား ကောင်းကျိုးပြုသူတွေကို ကျေးဇူးတင်မိကြသည်။ ထိုကိစ္စသည် ထုံးစံတစ်ခုဖြစ်နေသောကြောင့် မထူးဆန်းတော့ပေ။

မည်သို့ပင်ဖြစ်စေ ကောင်းသောအရာများနှင့် ကြုံကြိုက်နေရသောအခါ မိမိကို ယခုအခြေနေသို့ ရောက်ရှိလာအောင် တွန်းပို့ပေးခဲ့သူများကို ကျေးဇူးတင်ရပေမည်။ ပျော်ရွှင်မှုကိုလည်း မျှဝေခံစားပေးရပါမည်။ ကောင်းမွန်သည့်ဘဝကို ဆက်လက်ရရှိနေစေရန် အမြဲကြိုးပမ်းနေရပါမည်။

ထို့အတူ ဆိုးရွားခါးသီးလှသည့်ဘဝကို လက်ရှိပိုင်ဆိုင်နေရလျှင်လည်း စိတ်ပျက်အားငယ်နေစရာမလိုပေ။ မိမိဘဝကို လွယ်လွယ်ကူကူဖြင့် အရှုံးမပေးသင့်ပေ။ မိမိတစ်ဦးတည်းသာ ဆိုးရွားသည့်ဘဝကို ကြုံတွေ့နေရခြင်း မဟုတ်သည်ကို သတိပြုရပေမည်။ ထို့ကြောင့် ဘဝမှာ ဆိုးရွားခါးသီးမှုများ ကြုံတွေ့ရသောအခါ ဝမ်းနည်းပူဆွေးနေစရာမလိုပေ။ မိမိကို ခက်ခဲကြမ်းတမ်းသည့် အတွေ့ကြုံများ ပေးခဲ့သူနှင့် ဒုက္ခရောက်အောင် ပြုလုပ်သူများကို အပြစ်တင်နေခြင်းမျိုးကို တတ်နိုင်သလောက် ရှောင်ကြဉ်ရမည်။

ထိုသူများကြောင့် မိမိမှာ သူများနှင့်မတူသော ခက်ခဲသည့် အတွေ့ကြုံများကို ရရှိစေသည်။ ထို့ကြောင့် ၎င်းတို့ကိုလည်း ကျေးဇူးတင်စကား ဆိုရမည်။ ထိုသို့ပြုမူရန် အစပထမတွင် ခက်ခဲကောင်း ခက်ခဲနိုင်သည်။ နောက်ပိုင်း အသားကျသွားသောအခါ မိမိ၏မေတ္တာစိတ် အရှိန်အဟုန်ကြောင့် အများနှင့်မတူသည့် အေးမြမှုများ ရရှိခံစားရပါမည်။ မိမိဘဝ တိုးတက်စေရေးအတွက် တတ်နိုင်သမျှတရားသောနည်းလမ်းများဖြင့်သာ ဖြတ်ကျော်နေရပေမည်။

မိမိဘဝခရီးလမ်းတစ်လျှောက် ဖြတ်သန်းရာတွင် ကြမ်းတမ်းသည်ဖြစ်စေ၊ ဖြောင့်ဖြူးသာယာသည်ဖြစ်စေ ထားရှိသင့်သည့် စိတ်ထားမှာ အကောင်းမြင်စိတ်ပင်ဖြစ်သည်။ ပုထုဇဉ်လူသားတစ်ဦးဖြစ်သည့်အတွက် စိတ်ဆိုးစရာရှိလျှင် စိတ်ဆိုးမည်။

ဒေါသဖြစ်စရာနှင့်ကြုံလျှင် ရုတ်တရက် ဒေါသထွက်ခဲ့ကြမည်ဖြစ်သည်။ သို့သော် ထိုဒေါသစိတ်ကို ကြာရှည်သိမ်းဆည်းမထားသင့်ပေ။ ဖြစ်ပြီးကိစ္စ လွန်မြောက်ပြီးနောက် ဖြေဆည်စရာကိုရှာဖွေပြီး အကောင်းမြင်စိတ်ဖြင့် စိတ်၏အေးချမ်းမှုကို ပေးရမည်။ သို့နှင့် ကြုံဆုံလာသည့်ပြဿနာတစ်ရပ်အပေါ် ကူညီဖြေရှင်းပေးသူ၊ ဖေးမပေးသူများကို တစ်ခွန်းတည်းသော စကားဖြင့် အားပါးတရ ပြောသင့်သည့် စကားတစ်ခွန်းရှိသည်။ "ကျေးဇူးတင်ပါသည်" ဟူ၍ဖြစ်သည်။

ပုံပြင်တစ်ပုဒ်ဖတ်ခဲ့ဖူးသည်။ တိုင်းပြည်တစ်ပြည်တွင် ရှင်ဘုရင်ကြီး၏အပါး၌ ခစားနေရသော အမတ်ကြီးတစ်ဦးသည် တိုင်းရေး၊ ပြည်ရေးကိစ္စအဝဝတို့ကို အမြဲတမ်းအကောင်းမြင်စိတ်ဖြင့်သာ ကျေးဇူးတင်စကား ဆိုတတ်သည်။ အကောင်းမြင်စိတ်ရှိသော အမတ်ကြီး၏ စကားအတိုင်း အမြဲလိုက်နာ ကျင့်ကြံခဲ့သော ရှင်ဘုရင်ကြီးသည်လည်း ဘုန်းတန်ခိုးတိုးခဲ့ရသည်။ တိုင်းသူပြည်သားတို့၏ ရိုသေလေးစားခြင်းကိုလည်း ခံခဲ့ရသည်။

တစ်နေ့တွင် ဘုရင်ကြီး၏ လက်ညှိုး၌ ပြည်တည်နာတစ်လုံး ပေါက်လာသောကြောင့် ထိုအမတ်ကြီးအား တိုင်ပင်ခဲ့သည်။

အမတ်ကြီးသည် အရှင်မင်းကြီးထံ ကံကောင်းခြင်းများ ဆိုက်ရောက်မည့်ကိန်း ရှိနေသောကြောင့် အနာပေါက်ရသည်။ ကျေးဇူးတင်စကား ဆိုလိုက်ပါဟု ထုံးစံအတိုင်း အကောင်းမြင်စိတ်ဖြင့်သာ လျှောက်ထားခဲ့၏။ အမတ်ကြီး၏ စကားကြောင့် မင်းကြီးသည် အနာကို အမှုမဲ့၊ အမှတ်မဲ့ပစ်ထားလိုက်မိသည်။ ရက်အတန်ကြာသော် မင်းကြီး၏အနာသည် ပုတ်ဆွေးလာသောကြောင့် လက်ညှိုးကိုပါ ဖြတ်ပစ်လိုက်ရတော့သည်။ လက်ညှိုးဖြတ်ပစ်လိုက်ရသော မင်းကြီးသည် ကံကောင်း၍သာ အနာပေါက်သည်ဟု လျှောက်ထားခဲ့သော၊ ကျေးဇူးတင်စကားဆိုခိုင်းခဲ့သော အမတ်ကြီးကို အမြတ်ဒေါသထွက်၍ ချုပ်နှောင်စေသည်။

ထို့နောက် မင်းကြီးသည် စိတ်ပြေလက်ပျောက် တစ်ဦးတည်း တောကစားထွက်လာခဲ့၏။ မင်းကြီးသည် သားကောင်များကိုလိုက်ရင်း မျက်စိလည်လမ်းမှား၍ တောနက်ကြီးထဲသို့ ရောက်ရှိသွားသည်။ တောနက်ထဲရှိ လူရိုင်းများသည် မင်းကြီးကိုတွေ့သောအခါ ယစ်ပူဇော်ရန် ဖမ်းဆီးချုပ်နှောင်သွားကြသည်။

လူရိုင်းတို့သည် မင်းကြီးအား ယစ်ပူဇော်ရန် သန့်ရှင်းစေ၍ အမွှေးအနံ့သာများ သုတ်လိမ်းကြသောအခါ မင်းကြီး၏ တိုနေသော လက်ညှိုးကို တွေ့ကြသည်။ အင်္ဂါမစုံသောသူကို ယစ်ပူဇော်၍ မရသောကြောင့် လူရိုင်းတို့သည် မင်းကြီးအား အသက်ချမ်းသာခွင့် ပေးလိုက်ကြသည်။

မင်းကြီးသည် တိုင်းပြည်သို့ ပြန်ရောက်သောအခါ အမတ်ကြီးကို အချုပ်မှလွှတ်စေသည်။ အကျိုးအကြောင်းကို ရှင်းပြ၍ ကျေးဇူးတင်စကား ဆိုသည်။ အပြစ်ပေးချုပ်နှောင်မိသည့်အတွက် မိမိကို ခွင့်လွှတ်ပေးပါရန် အမတ်ကြီးအား တောင်းပန်၏။ ထိုအခါ အမတ်ကြီးသည် ထုံးစံအတိုင်း အကောင်းမြင်စိတ်ဖြင့် မိမိအချုပ်ကျနေရသည်မှာ အလွန်ကံကောင်း၍သာကျရသည်ဟု လျှောက်ထားပြန်သည်။ မိမိသာ အချုပ်မကျဘဲ အရှင်မင်းကြီးနှင့်အတူ တောကစားလိုက်မိပါက အင်္ဂါစုံသော ကျွန်ုပ်ကိုသာလျှင် လူရိုင်းတို့က ယစ်ပူဇော်ကြပေလိမ့်မည်။ ထို့ကြောင့် အချုပ်ကျစေသော အရှင်မင်းကြီးအား ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားလေသည်။

ပုထုစဉ်လူသားတိုင်းသည် အများအားဖြင့် ကောင်းသောအရာများကိုသာ နှစ်ခြိုက်ကြ၏။ ဆိုးရွားသောအခြေနေကိုကား မည်သူမျှ မနှစ်ခြိုက်ကြပေ။ ဤလူ့ဘဝတွင် ကောင်းသောအရာချည်း အမြဲရှိနေမည်မဟုတ်သလို ဆိုးသောအရာတို့သည်လည်း အမြဲရှိနေမည်မဟုတ်ပေ။ သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံဖြင့် အပြန်အလှန် ကောင်းဆိုးနှစ်ထွေ ကြုံတွေ့နေရမည်သာဖြစ်သည်။

ဗုဒ္ဓ၏တရားတော်အရ အရာရာတိုင်းကို ယောနိသော မနသိကာရဖြင့် နှလုံးသွင်းနိုင်ရမည်ဖြစ်သည်။ ဤသို့ နှလုံးသွင်းခြင်းဖြင့် လောကအပေါ်ရှုမြင်မှုသည် အကောင်းဖက်က မြင်လာပြီး အတွေးအမြင်ပါ ကောင်းမွန်လာသည်။ ထို့ကြောင့် ကြံစည်အားထုတ်မှုနှင့် လုပ်ကိုင်ဆောင်ရွက်မှုတို့သည် မိမိ သူတစ်ပါး အကျိုးရှိလာမည်သာ ဖြစ်သည်။

ကောင်းခြင်း၊ ဆိုးခြင်းဤနှစ်ရပ်သည် ဤလူ့လောကအတွက် လောကဓံ၏ မြစ်ဖျားမှ ယှဉ်တွဲစီးဆင်းလာသော မြစ်နှစ်စင်းသာ ဖြစ်သည်။ ထို့ကြောင့် ကြုံတွေ့ရသမျှ အရာခပ်သိမ်းတို့ကို အကောင်းမြင်စိတ်ဖြင့် ရှုမြင်ပြီး အောင်မြင်မှုပန်းတိုင်ကို ကိုယ်စီလျှောက်လှမ်းကြဖို့သာ လိုအပ်ပေသည်။ ။

ဝတ္ထုတို

ဖူးငုံနှင်း



(၁)

"အရက်ကို... ကြိုက်လို့ ... သောက်တဲ့သူ သောက် ပါများ လို့မိန်းမကဆူ... အေ့... မိန်းမရေ..နည်းနည်းလေး...နည်းနည်းလေး ပါကွာ။"

ကိုဖိုးစီသည် အရက်မူး၍ ပေါက်ကရများကို အာပြဲကြီးနှင့် ဆိုနေသည်။

ဒယိမ်းဒယိုင်နှင့် ပြန်လာသည်ကို ကြည့်ပြီး မိသွယ်စိတ်ညစ်နေမိသည်။ အလုပ်က တောက်တိုမည်ရ လိုက်လုပ်ရသည်။ ရသမျှထဲက အိမ်အတွက် တစ်ထောင်ပြန်ပေးတာကလွဲ၍ ကျန်သောပိုက်ဆံသည် အရက်ဖိုးဖြစ်လေသည်။

"ကိုဖိုးစီ...ရှင်ဟာလေ..ဘယ်လောက်ပြောပြော မရဘူး။ ရှင်ဘယ်တော့မှ နောင်တရမှာလဲ ကိုဖိုးစီရယ်"

မိသွယ်ကသာ ပြောနေတာ ကိုဖိုးစီကတော့ အိပ်ရာထဲခေါင်းစိုက်နေ၏။ သမီးနှင့် သားကိုတော့ ချစ်ပါသည်။ တစ်ခါတလေ မုန့်ထုပ်လေးများ ပါလာတတ်သည်။ သို့သော် သမီးက ဖခင်အား အရက်သောက်လာလျှင် မကြည်ဖြူဖြစ်နေတတ်သည်။ သားကတော့ မသိသလိုသာနေ၏။

မိသွယ်သည် လမ်းထဲတွင် အဝတ်လျှော် မီးပူတိုက်သောအလုပ်ကို လုပ်ရင်း အိမ်စားစရိတ်ကို ရှာနေရ၏။ မီးပူကို အိမ်မှာတင်တိုက်ပြီး လိုက်ပို့ရသည်။ မိသွယ် အဝတ်လျှော်သောအိမ်များက မီးဖိုးပါပေးသောကြောင့် မီးဖိုးအတွက်မပူရပေ။ မိသွယ်မီးပူတိုက်ရင်း အိပ်နေကြသော ကိုဖိုးစီတို့ သားအဖများကိုကြည့်ပြီး သက်ပြင်းမောကြီးချလိုက်မိတော့သည်။

x x x

(၂)

အလင်းရောင်ပြူကာစ နံနက်ခင်းလေးသည် အေးချမ်းလွန်းလှ၏။ သို့သော် မိသွယ်ဘဝကတော့ မအေးဆေးနိုင်သေးပါ။ နံနက်လေးနာရီထိုးသည်နှင့် မိသွယ် အတင်းကုန်းထလိုက်သည်။ မျက်နှာသစ်ပြီး ထမင်းဟင်းချက်သည်။ ထို့နောက် မီးပူတိုက်ပြီးသားအထည်များကို လိုက်ပို့၍ လျှော်စရာ အဝတ်အစားများကို ပြန်ယူလာပြီး လျှော်သည်။ မိသွယ်မသွားခင် သမီးနှင့် သားကိုနှိုးပြီး ထမင်းကျွေးနေကြမို့ အိပ်နေသော သမီးနှင့် သားကို နှိုးလိုက်သည်။

"သမီးနဲ့သား...ထကြတော့။ ထမင်းကြမ်းလေးကျန်တာ ငပိကြော်နဲ့ စားလိုက်ကြ။ အမေ အဝတ်တွေ လိုက်ပို့ဦးမယ်"

"အမေ...အဖေ့အတွက်ရော မရှိတော့ဘူးလားဟင်။ သားမစားဘူး အဖေ့ကိုကျွေးလိုက်နော်"

သားလေး၏ စကားကြားမှ မိသွယ် ယောကျ်ားဖြစ်သူကို လှမ်းကြည့်မိသည်။ ခြောက်နာရီကျော်နှင့် ဘယ်သောအခါမှ မထတတ်ပေ။ ရှစ်နာရီလောက်မှ အလူးအလဲထကာ လမ်းတကာ လျှောက်သွားတော့သည်။ မိသွယ် အပူများကို မှုတ်ထုတ်လိုက်ပြီး သားဘက်လှည့်ကာ...

"သားလေး...ထမင်းက နည်းနေလို့ပါကွယ်။ သားအဖေက အပြင်မှာစားချင်တာ စားနေတာ။ ပူမနေနဲ့ သားလေးသာစား။ သားအဖေစားချင်လည်း နေ့လယ်စာချက်ထားတာရှိနေတာပဲ။ ထည့်စားပါစေလေ..နော် သားလေး"

"ဟဲ့... ငတူး... နင်ဟာလေ အရစ်ကို ရှည်တယ်။ ဒီလောက်အချိန်ပြည့်မူးနေတာ။ ဘယ်တုန်းက ထမင်းကို အကြောင်းလုပ်စားလို့လဲ။ ငါခေါက်လိုက်လို့ စားမှာသာစားစမ်း။ နားညည်းတယ်"

"အစ်မကလည်းဗျာ...အစ်မက အဖေ့ကို မုန်းနေတာပဲ။ ဘယ်ကြည့်ရပါ့မလဲ။ အဖေ သေမှာဆိုးလို့ပါဗျ"

သားနှင့်သမီးပြောနေသော စကားကို ကြားပြီး မိသွယ် သက်ပြင်းမောကြီး ချလိုက်မိသည်။

သမီးက အချိန်ပြည့် အရက်မူးနေသော ဖခင်အား မကျေမနပ်ဖြစ်နေတတ်သည်။ အပျိုပေါက်လေးဖြစ်နေ၍ ရှက်တတ်နေ၏။ မိသွယ်အတွေးကိုရပ်ပြီး တစ်နေ့တာ အလုပ်ကို စလုပ်ဖို့ အဝတ်ခြင်းကိုယူကာ ထွက်လာခဲ့လိုက်သည်။

x x x

(၃)

"ဟဲ့...မိသွယ်။ ငါနေမကောင်းဖြစ်နေလို့ အိမ်သန့်ရှင်းရေးမလုပ်နိုင်ဖြစ်နေတာ။ ငါ့ကို ဒီနေ့ကူလုပ်ပေးစမ်းပါဟယ်။ အင်္ကျီက နောက်မှလျှော်ပေါ့။ နင်လည်း ပိုက်ဆံပိုသုံးရတာပေါ့"

"ဟုတ်ကဲ့ပါ...မမအေး။ မိသွယ် ဝိုင်းကူလုပ်ပေးပါ့မယ်"

မသွယ်အဝတ်လျှော် မီးပူတိုက်ပေးနေကြ မမအေးက အိမ်ရှင်းခိုင်းနေ၏။

ပိုက်ဆံချမ်းသာပြီး အိမ်မှာ အိမ်ဖော်မထားပေ။ ယောကျ်ားကို စိတ်မချဖြစ်နေသော မမအေးကို ငေးကြည့်နေမိသည်။ ခြံအကျယ်ကြီးနှင့် အိမ်ကြီးထဲ သားသမီးမရှိ။ ယောကျ်ားအလုပ်သွားလျှင် တစ်ယောက်တည်းနေရသည်။ မိသွယ် အိမ်ပေါ်ကို ရောက်ဖူးချင်နေမိသည်မှာ ကြာပြီ။ ယခု ဆန္ဒပြည့်သွားလေသည်။

မိသွယ်ကိုအပေါ်ထပ်သို့ ခေါ်သွားလေသည်။ အပေါ်ထပ်ရောက်သောအခါ မိသွယ် အံ့သြနေမိ၏။ ဗီရိုကြီးကြီးထဲ အဝတ်စားများပြည့်နေသည်။ မိသွယ်ဘဝတွင် အိပ်မက်တောင် မမက်ဖူးခဲ့ပေ။ ကိုယ်ပိုင်ဝယ်နိုင်သည်က ပါထိုင်းထဘီနှင့် အရိပ်ပန်းစလေးလောက်သာ ဝယ်နိုင်သည်။ ယခုဗီရိုထဲတွင် ဖိတ်ဖိတ်တောက်နေသော ချိတ်များရောင်စုံ တစ်ထပ်လိုက် တွေ့နေရ၏။ မိသွယ် ကြည့်မဝသေးခင်မှာ....

"မိသွယ်...ရေချိုးခန်းကို အရင်ဆေးပေးနော်။ ငါရေမကိုင်နိုင်လို့ပါ။ သူများလုပ်တာ စိတ်တိုင်းမကျပေမယ့် နေမကောင်းလို့သာ ခိုင်းရတာ"

"ဟုတ်မမအေး...မိသွယ် သေသေချာချာ လုပ်ပေးပါ့မယ်။ မမအေး နားနေပါနော်"

မိသွယ်ငေး၍ မဝသေးသော်လည်း အလုပ်လုပ်ဖို့ပြောနေသည့် မမအေးအသံကြောင့် အလုပ်စလုပ်ဖို့ ရေချိုးခန်းထဲ ဝင်လိုက်လေသည်။ တီဗွီထဲသာ မြင်ဖူးသော်လည်း ယခုမျက်စိရှေ့မှာတွေ့ရသော ရေချိုးခွက်အဖြူရှည်ကြီးကို မိသွယ်ကိုင်ကြည့်နေမိသည်။

ပိုက်ဆံချမ်းသာသော လူတန်းစားများအတွက် အသေးအမွှား ဖြစ်သည်။ သို့သော်လည်း မိသွယ်တို့လို ဘဝသမားများအတွက်တော့ နန်းတော်ကြီးသဖွယ် ဖြစ်ရသည်။ ရေချိုးခန်းထဲက မှန်တင်ခုံပေါ် ရှင်းသောအခါ.....

"ဟင်...လက်စွပ်လေးပါလား။ လှလိုက်တာ ရွှေလက်စွပ်လေးပဲ ဖြစ်မယ်"ဟု မိသွယ် ရေရွတ်လိုက်မိ၏။ ရွှေရောင်ဝင်းလက်ပြီး အထဲက ကျောက်ကလေးများက တလက်လက်ဖြစ်နေသည်။ တန်ဖိုးနည်းမည် မဟုတ်မှန်းတော့ မိသွယ်နားလည်သည်။ လက်စွပ်လေး ရောင်းလိုက်လျှင် မိသွယ်တို့ချောင်လည်သွားနိုင်သည်။

"အို...ပြေလည်သွားလည်း တခဏပဲဖြစ်မှာပါ ငါယူတာသိရင် ငါ့ကိုယုံကြည်တော့မယ်မထင်တော့ဘူးလေ"

လောဘများကို ချုပ်တည်းလိုက်ပါသည်။ ဘဝပဲဆင်းရဲချင် ဆင်းရဲသွားပါစေ အကျင့်သိက္ခာကိုတော့ ဆင်းရဲမခံနိုင်ပေ။ မိသွယ်သည် လက်စွပ်လေးကိုပြန်ပေးဖို့ ဆုံးဖြတ်၍ သန့်ရှင်းရေး ဆက်လုပ်လိုက်ပါသည်။

x x x

(၄)

မိသွယ် သန့်ရှင်းရေးလုပ်ပြီးသောအခါ မမအေးကို လက်စွပ်လေးပြပြီး ပြန်ပေးလိုက်ပါသည်။ မမအေးသည် သိပ်ပြီးဝမ်းသာသွား၏။ မိသွယ်ကိုလည်း ကျေးဇူးအခါခါတင်နေသည်။

"မိသွယ်ရယ်...ကျေးဇူးတင်ပါတယ်။ ဒါ... ငါ့ယောကျ်ားလက်စွပ်လေးလေ။ တကယ်လို့ နင်ယူသွားလည်း အပြင်မှာပျောက်တယ်ပဲ ထင်မှာ။ ဒါစိန်လက်စွပ် မိသွယ်ရဲ့"

"ဟင်...မမအေး စိန်လက်စွပ် ဟုတ်လား။ မိသွယ်ဖြင့် မမြင်ဖူးလို့ ကျောက်တွေပဲ ထင်တာ။ မမအေး...မိသွယ်ကို သေသေချာချာ ကြည့်ခွင့်ပြုပါလား။ မိသွယ် စိန်ကိုမမြင်ဖူးလို့ပါ"

မိသွယ်အဖြစ်က စိန်မှန်းမသိ ကျောက်မှန်းမသိတဲ့ ဘဝဖြစ်သည်။ မမအေးသည် မိသွယ်ကို ကျေးဇူးတင်၍ ပိုက်ဆံနှစ်သောင်း ပေးလေသည်။ သန့်ရှင်းရေးလုပ်ခက ငါးထောင် အဝတ်လျှော်ခအကုန်ပေါင်းပြီး နှစ်သောင်းခွဲတိတိ မိသွယ်ရလေသည်။ မိသွယ်ပျော်နေမိ၏။ ကျန်အဝတ်လျှော်ခများနှင့် အားလုံးပေါင်းလျှင် လေးသောင်းရ၍ မိသွယ်စိတ်ကူးများ အရောင်လက်လာသည်။

သမီးနှင့် သားအတွက် လိုတာလေး ဝယ်ပေးဖို့ မိသွယ်စဉ်းစားနေမိသည်။ သမီးက အပျိုပေါက်ကလေးဖြစ်နေ၍ လှချင်နေသည်။ မောင်နှမနှစ်ယောက်ကို ဖိနပ်တစ်ရံဆီ ဝယ်ပေးရဦးမည်။

အပြုံးပန်းဝေလျက် မိသွယ် အိမ်ပြန်လာခဲ့သည်။ ခြေလှမ်းတိုင်းက ပေါ့ပါးနေတော့သည်။

x x x

(၅)

မိသွယ် ခြံဝရောက်သည်နှင့် အိမ်ရှေ့တွင် သားလေးက ငိုနေ၏။ မိသွယ်ကိုတွေ့သောအခါ....

"အမေ...အမေ...အဖေအရက်သောက်ရင်း ရန်ဖြစ်တာ ခေါင်းကွဲသွားတယ်။ ဆေးခန်းကို မမပါ လိုက်သွားတယ်"

"ဟင်... သားလေး အိမ်မှာပဲနေနော်။ အမေဆေးခန်းကို လိုက်သွားဦးမယ်"

မိသွယ်ဘဝက ပျော်တာတောင် ရဲရဲမပျော်ရဲသော ဘဝဖြစ်သည်။ အစောတုန်းက အပြုံးဖျဖျလေးနေရာ ယခုတော့ မှဲ့နေသယောင်ဖြစ်သွားခဲ့၏။ ကိုဖိုးစီကိုခေါ်သွားသော ဆေးခန်းကိုလိုက်ရင်း ခြေထောက်များက လေးလံလာသည်။

မိသွယ် ဆေးခန်းထဲဝင်သွားသည်နှင့် ပက်တီးခေါင်းမှာ အဖွေးသားနှင့်ထိုင်နေသော ကိုဖိုးစီကိုတွေ့ရသည်။

"မိန်းမ... ငါ နည်းနည်းလေး...မဆိုသလောက်လေးမူးတာပါ။ နည်းနည်းလေး ပါကွာ...နော်"

"ကိုဖိုးစီ... ရှင်ဟာလေ အရက်ရော အကြောက်ရော ကန်းကုန်နေတဲ့လူပါလား"

မိသွယ်ကို တွေ့သည်နှင့် ပြောနေကြ လက်သုံးစကားအတိုင်း အာပေါင်သန်သန်နှင့် ပြောနေသည်။ ကိုဖိုးစီကို ကြည့်ပြီး မိသွယ်စိတ်ပျက်နေမိ၏။ သမီးက မိသွယ်ဆီပြေးလာပြီး....

"အမေ...သမီးအဲ့ဒါကြောင့် စိတ်ညစ်တာ။ အရက်သောက်လည်း အေးအေးဆေးဆေး မသောက်ဘူး။ သူများကို ရန်သွားစပြီး မထိန်းနိုင်ပဲလဲတာတဲ့။ ခုံစွန်းနဲ့ထိပြီး ခေါင်းပေါက်သွားတာတဲ့လေ"

"အေးပါ...သမီးရယ်။ အမေတောင်းပန်ပါတယ်။ ဒါပေမဲ့ သမီးအဖေပဲမလား။ သမီးပြောရင် သမီးပဲ ငရဲကြီးမှာပေါ့ကွယ်"

မိသွယ်သည် သမီးကို စိတ်မခုအောင် ပြောနေသော်လည်း သမီးက နားဝင်ပုံမရပါ။ မိသွယ်ကို မျက်လုံးပြူးပြီး ကြည့်နေသည်။

"အမေက ဘာလို့တောင်းပန်နေတာလဲ။ အမေ့အမှားမှ မဟုတ်တာ။ အဖေ့အမှားပဲကို"

မိသွယ်မည်သို့ ရှင်းပြရမည်နည်း။ မိန်းမတစ်ယောက်၏ ရွေးချယ်မှုသည် အပျိုစင်ဘဝမှာသာရှိသည်။ ရွေးချယ်ခွင့်ရှိသည့် အချိန်မှာ မှားယွင်းစွာ ဆုံးဖြတ်မိပါက တစ်ဘဝလုံး အမှားနွံထဲမှာ နစ်မွန်းသွားကြရသည်။ အိမ်ထောင်သည် ဘဝမှာ အမှားကိုပြင်ဆင်ခွင့်မရှိတော့ပေ။ နောက်ပြန်လှည့်၍လည်း မရတော့ပါ။ သားသမီးများ ရလာခဲ့လျှင် ငွဲညာထောက်ထားစရာများနှင့် ပို၍ပို၍ အမှားနွံထဲ နစ်ခဲ့ရ၏။ ဘဝအတွက် ရွေးချယ်ခွင့်ရှိနေချိန် အမှားအယွင်း နည်းဖို့သေသေချာချာ ဆုံးဖြတ်ကြရသည်။

သို့သော်မိသွယ်ကတော့ ရွေးချယ်မရတော့ပေမဲ့ သမီးလေးကို ရွေးချယ်မှုမမှားအောင် ရှင်းပြ ရပေဦးမည်။ ဆေးခန်းထဲမို့ သမီးလေးကို မပြောချင်သော်လည်း အိမ်ပြန်ရောက်ရင်တော့ ပြောပြထားရမည်။ မိသွယ်အတွေး မဆုံးခင်မှာဘဲ ဆရာဝန်ခေါ်သံကြောင့် အတွေးရပ်သွား၏။

"လူနာကိုဖိုးစီ ဇနီးလား"

"ဟုတ်...ဟုတ်ပါတယ်ဆရာ။ မိသွယ်က ကိုဖိုးစီမိန်းမပါ။ ဆေးဖိုး ဘယ်လောက်ကျလဲဟင်"

"ဆေးဖိုးရော... ချုပ်တာက ခြောက်ချက်ချုပ်ရတယ်။ အကုန် သုံးသောင်းရှစ်ထောင်ကျတယ်။ အနာကိုက်ရင် ဒီဆေးကိုတိုက်။ တစ်ပတ်နေရင်ပြန်လာပြ ချုပ်ရိုးဖြေရမယ်။ ဒီကြားထဲ မူးတာတို့ အန်တာတို့ဖြစ်ရင် ပြန်လာပြပါ။ ပြန်လို့ရပြီ"

ဆရာဝန်ပြောနေသော စကားကို နားထောင်ရင်း မိသွယ်ကိုယ်တိုင် မူးချင်အန်ချင်လာမိသည်။ စိတ်ထဲကလည်း ဘုရားတမိ၏။ ဆေးဖိုးသုံးသောင်းရှစ်ထောင် တောင်းလိုက်လေသည်။ မိသွယ်ပင်ပင်ပန်းပန်းရှာထားသော ပိုက်ဆံလေးက တခဏအတွင်း ကုန်သွားတော့သည်။ ဆိုက်ကားခ ကျန်နေပါသေးသည်။

"သမီး...သမီးနဲ့ သမီးအဖေ ဆိုက်ကားနဲ့ ပြန်သွားကြ။ အမေနောက်ကပဲလိုက်လာမယ်"

မျက်နှာမကောင်းသော သမီးကိုကြည့်ပြီး မိသွယ်စိတ်မကောင်းဖြစ်မိသည်။

"ကဲ... ကိုဖိုးစီ ။ ရှင်လည်း အိမ်ကြရင် ငြိမ်ငြိမ်လေးနေပြီး အိပ်နေနော်။ မိသွယ်နောက်ကလိုက်ခဲ့မယ်။ ပြန်ကြတော့"

"အေးပါ...မိန်းမရယ်"

ဆိုက်ကားပေါ်တက်ပြီး ထွက်သွားကြသော ကိုဖိုးစီနှင့် သမီးအား မျက်စိတဆုံး ကြည့်နေလိုက်သည်။

မိသွယ်ရင်ဘတ်ထဲ စူးကနဲ့ အောင့်တက်လာ၏။ မျက်ဝန်းမှ မျက်ရည်များ ရစ်သိုင်းလာပြီး မျက်ရည်စတို့သည် တပေါက်ပေါက် ကြွေကျလာတော့သည်။

x x x

ပန်းတိုင်းပွင့်၍ လှစေချင်

ပန်းကလေးများ ပွင့်ဖို့ရာ
ဥယျာဉ်မှူးက အရေးပါ၊
ပညာရင်ဝယ် ကိန်းနေမှ
ပွင့်သောပန်းတိုင်းလှ။
ကမ္ဘာလောက မြေတစ်ခွင်
ပန်းများပွင့်စေချင်၊
ရောင်သွေးစုံလင် ရနံ့သင်း
ချမ်းမြေ့ဖွယ်မြင်ကွင်း။
အမှောင်ခွင်းပြီး အလင်းဖြာ
နေရာအနှံ့မှာ
မိဘဆရာ ပူးပေါင်းပေး
ကလေးတွေ နောင်ရေး။
ကြိုတင်တွေးလို့ စီမံလေ
ထူးမြတ်တဲ့အမွေ၊
အမိမြေမှ ပန်းလေးများ
ပွင့်တိုင်းလှစေသား။

မောင်လူစိုး

ရန်မလိုက ရန်ပြိုရ

အမုန်းတရား ရန်ဆိုတာ
ဝေးလေ ကောင်းလေပါ။
ချစ်ကြင်နာစွာ ပေါင်းဖော်မှ
ကိုယ်စီ စိတ်ချမ်းမြ။

မာန်မာနတို့ အားချင်းပြိုင်
အကျိုးမလှနိုင်။
နှလုံးစိုင်မှာ လွန်ပင်ပန်း
လက်ငင်း မငြိမ်းချမ်း။

မေတ္တာဆမ်းလို့ အပြုံးကိုဆောင်
ရန်တို့ ဝေးဝေးရှောင်။
ပူလောင်စေတဲ့ မုန်းတရား
ရင်ထဲက ဖယ်ရှား။

ရန်ဆိုသည်ကား ထိမိလျှင်
ပူဘိ မီးအသွင်။
သတိနဲ့ယှဉ် ရှောင်ကြဉ်မှ
ရန်ပြိုငြိမ်းကာ အေးမည်ဗျ
ငြိမ်းချမ်း ထာဝရ။ ။

ချိုးငှက်(MKK)

ဆောင်းပါး

ဘဝခိုးသူ

■ ဆုဝေ(စစ်ကိုင်း)

"အာသာဘယ်ရီ"ဆိုတဲ့ လူတစ်ယောက်ဟာ လန်ဒန်မြို့မှာ နေထိုင်ပါတယ်။ သူရဲ့အလုပ်အကိုင်က တစ်ပါးသူတို့ရဲ့ တန်ဖိုးကြီးရတနာတွေထားရာ မီးခံသေတ္တာတွေ၊ တိုက်ခန်းတွေကို ဖောက်ထွင်းပြီး တန်ဖိုးကြီးမားတဲ့ စိန်ရွှေရတနာ လက်ဝတ်ပစ္စည်းတွေကို ခိုးယူသူတစ်ယောက်ပါ။ "အာသာဘယ်ရီ"ရဲ့ ထူးခြားချက်က တခြားသူခိုးတွေလို ငွေကိုမခိုးယူပါဘူးတဲ့။ ခဏချင်းခိုးယူလေ့လည်းမရှိသလို သူခိုးမယ့်နေရာကို လပေါင်းများစွာ သေသေချာချာလေ့လာပြီးမှ ဖောက်ထွင်းခိုးယူတတ်တယ်။ နောက်ပြီး မရှိဆင်းရဲသားလူလတ်တန်းစားတွေရဲ့ ပစ္စည်းဥစ္စာတွေကို မခိုးယူပါဘူး။ ချမ်းသာကြွယ်ဝသူတွေရဲ့ အိမ်ဂေဟာတွေမှာသာ ဝင်ရောက်ခိုးယူသူပါ။ ဒါကြောင့်လည်း ရဲတွေဟာ "အာသာဘယ်ရီ"ကို အလိုရှိကြပေမယ့် နှစ်တွေအတော်ကြာတဲ့အထိ ဖမ်းယူထိန်းသိမ်းနိုင်ခြင်း၊ အပြစ်ပေးနိုင်ခြင်းတော့ မပြုလုပ်နိုင်ကြဘူး။

တစ်ညတော့ သူဌေးတစ်ယောက်အိမ်ကို ခိုးယူဖို့အတွက် ဝင်ရောက်တဲ့အချိန်မှာ အစောင့်လုံခြုံရေးက တွေ့သွားပြီး သေနတ်နဲ့ပစ်လိုက်လို့ ကျည်ဆန်ထိမှန်ပြီး လဲကျသွားပါတယ်။ နောက်တော့ ရဲတွေရောက်လာပြီး "အာသာဘယ်ရီ"ကို ဖမ်းဆီးလိုက်တယ်။ သေနတ်ဒဏ်ရာသက်သာတဲ့အခါ တရားရုံးတော်က "အာသာဘယ်ရီ"ကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်ပါတယ်။ ပြစ်ဒဏ်ချမှတ်ပြီးပြီမို့ ရဲတွေဟာ "အာသာဘယ်ရီ"ကို တရားရုံးကနေ အကျဉ်းထောင်ရှိရာကို ခေါ်ဆောင်သွားနေစဉ် လမ်းတစ်ဝက်အရောက်မှာ ထွက်ပြေးလွတ်မြောက်သွားပါတယ်။ "အာသာဘယ်ရီ"ဟာ လန်ဒန်မြို့နဲ့ဝေးကွာလွန်းတဲ့ မြို့ငယ်လေးမှာ ဘဝကိုအခြေချပြီး ခိုးဝှက်ခြင်းအလုပ်ကို အပြီးအပိုင် စွန့်လွှတ်လိုက်ပါတယ်။ သူ့ဘဝကို အစစအရာရာ ပြောင်းလဲပစ်ကာ ရိုးရိုးသားသားလုပ်ကိုင်ရှာဖွေပြီး အများသူငါတွေနဲ့ ဖော်ဖော်ရွေရွေနေတယ်။ ပြုံးပြုံးရွှင်ရွှင်နဲ့ လူတိုင်းကိုဆက်ဆံတယ်။ လူအများရဲ့အကျိုးကိုလည်း ကူညီဆောင်ရွက်ပေးပါတယ်။ မြို့ငယ်လေးမှာ နေထိုင်ကြတဲ့လူတွေဟာ "အာသာဘယ်ရီ"ကို အလွန်ချစ်ခင်ကြတယ်။ စိတ်သဘောထားကောင်းသူ၊ ရိုးသားဖော်ရွေလွန်းသူဆိုတဲ့ ဂုဏ်သတင်းတွေလည်း ပျံ့နှံ့နေပါသတဲ့။ သူ့အသက် ၄၀ ပြည့်တဲ့နှစ်ဟာ မြို့ငယ်လေးမှာ နေထိုင်ရောက်ရှိခြင်း သုံးနှစ်မြောက်လည်း ဖြစ်ခဲ့ပါတယ်။ တစ်နေ့မှာတော့ "အာသာဘယ်ရီ"ဟာ အမျိုးသမီးတစ်ယောက်နဲ့ ချစ်ကြိုက်မိရာက သူ့ဘဝအကြောင်းတွေကို အကုန်ပြောပြလိုက်တယ်။ ဘာဖြစ်လို့ သူ့ဘဝအကြောင်းတွေကို ပြောပြရတာလဲဆိုတော့ သူနဲ့ချစ်ကြိုက်နေတဲ့ အမျိုးသမီးလေးကို မြတ်နိုးတန်ဖိုးထားလို့ ပြောပြရတာပါတဲ့။ အမျိုးသမီးလေးက ချစ်သူ"အာသာဘယ်ရီ"ရဲ့ အကြောင်းတွေကို မိဘတွေကိုပြန်ပြောပြလိုက်တယ်။ ဒီလိုနဲ့ "အာသာဘယ်ရီ"ဆိုသူဟာ တစ်ချိန်တုန်းက ဖောက်ထွင်းသူခိုးဖြစ်ခဲ့တဲ့အကြောင်း လွန်ခဲ့တဲ့သုံးနှစ်က လန်ဒန်မြို့ကနေ ထွက်ပြေးလာသူဖြစ်ကြောင်း တစ်ဆင့်စကားနဲ့ ပျံ့နှံ့သွားလိုက်တာ ရဲတွေသိရှိသွားပြီး လာဖမ်းတဲ့အထိပါပဲ။

ဝရမ်းပြေးလည်းဖြစ်၊ ဖောက်ထွင်းသူခိုးလည်းဖြစ်ခဲ့တဲ့ "အာသာဘယ်ရီ"ကို တရားရုံးက ထောင်ဒဏ်နှစ် ၂၀ ချမှတ်လိုက်ပါတယ်။ ဖောက်ထွင်းသူ၊ တန်ဖိုးကြီးရတနာများကိုမှ ခိုးယူတတ်သူ၊ နှစ်တွေများစွာ ရဲများဖမ်းမမိနိုင်သူဆိုတဲ့ "အာသာဘယ်ရီ"ရဲ့ သတင်းစကားတွေဟာ လူအများကို စိတ်ဝင်စားစေခဲ့တဲ့တာကြောင့် တရားရုံးတော်ကိုလာရောက်ကြသူတွေနဲ့ သတင်းထောက်တွေ အတော်လေးများခဲ့ပါတယ်။ အမိန့်ချမှတ်ပြီးလို့ ရုံးတော်ကထွက်လာတဲ့အခါ သတင်းထောက်တွေက "အာသာဘယ်ရီ"ကို မေးကြပါတယ်။ "မစ္စတာဘယ်ရီခင်ဗျာ ခင်ဗျားရတနာပစ္စည်းတွေကို ခိုးယူလိုက်လို့ ဘဝပျက်သွားသူ တစ်ယောက်ယောက်များရှိခဲ့ရင် သူဘယ်သူလဲဆိုတာ ပြောပြပေးနိုင်မလား"

"အာသာဘယ်ရီ"က ခဏကြာအောင်စဉ်းစားနေပါတယ်။ သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေစီးကျလာပါတယ်။ ဝမ်းနည်းတုန်ယင်နေတဲ့အသံနဲ့ "ရှိတာပေါ့ဗျာ သူ့နာမည်က အာသာဘယ်ရီပါ။ သူဟာ ကိုယ်ပိုင်ဉာဏ်ရည်ဉာဏ်သွေး ရှိသူတစ်ယောက်။ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ရင်လည်း ကြီးပွားချမ်းသာနိုင်သူပါ။ ဒါပေမယ့် သူကိုယ်တိုင် သူ့ဘဝထဲကအချိန်တွေကို ခိုးယူခဲ့မိလို့ သူ့ဘဝအိုမင်းချိန်တိုင်အောင် ထောင်ထဲမှာနေထိုင်ရတော့မှာ ဖြစ်ပါတယ်"လို့ ပြောပြခဲ့ပါတယ်။ "အာသာဘယ်ရီ"ဟာ သူ့ဘဝထဲက သူ့ရဲ့ အမှားတွေ၊ သူကိုယ်တိုင်ကျူးလွန်ခဲ့တဲ့ မကောင်းမှုမိုက်ပြစ်တွေကို နောင်တတရားများနဲ့ပြင်ဆင်ပြီး ရိုးသားသူ၊ ဖော်ရွေသူ လူကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်တော့မယ်လို့ ဆုံးဖြတ်ထားတဲ့ "အာသာဘယ်ရီ" ဒီတစ်ခါ တရားရုံးကချမှတ်လိုက်တဲ့ ထောင်ဒဏ်နှစ် ၂၀ ကို ကျေကျေနပ်နပ် ခံယူလိုက်ပါတယ်။

"အာသာဘယ်ရီ" ပြောခဲ့ပါတယ်။ "သူ့ဘဝထဲကအချိန်တွေ အခိုးခံခဲ့ရတယ်။ ခိုးသွားတဲ့သူဟာ သူများမဟုတ်ပါဘူး။ သူကိုယ်တိုင်ပါပဲတဲ့။ သူ့ဘဝထဲက တန်ဖိုးကြီးမားလှတဲ့ အချိန်တွေကို အခိုးခံလိုက်ရတာကြောင့် ရာဇဝတ်သား ဝရမ်းပြေးအဖြစ်ကို ရောက်ခဲ့ရသလို သူအင်မတန်ချစ်ရတဲ့ ချစ်သူနဲ့လည်း ကွေကွင်းရပါတယ်။ မိုက်မဲတဲ့လုပ်ရပ်တွေကို သိမြင်လာတဲ့အခါ သူ့ဘဝကို ဖြူစင်ရိုးသားသူ ဖြစ်ချင်ခဲ့တယ်။ အပြစ်ကင်းသူ ဖြစ်ချင်ခဲ့ရှာတယ်။ အောင်မြင်သော ဘဝပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်သူဖြစ်အောင် ကြိုးစားချင်ခဲ့သူပါ။ ဒါပေမယ့် သူခိုးယူလိုက်တဲ့အချိန်တွေက သူလိုချင်ခဲ့တဲ့ဘဝ မျှော်လင့်ချက်တွေကို ခွင့်မပြုတော့ပါဘူး။

ဘဝရဲ့အောင်မြင်မှုတွေ၊ ငြိမ်းချမ်းမှုတွေအတွက် ကြိုးစားခွင့်၊ ကိုယ်ပိုင်ဖန်တီးခွင့်တွေ နစ်နာဆုံးရှုံးသွားခဲ့တာဟာ အခိုးခံလိုက်ရတဲ့ အချိန်တွေကြောင့်ဆိုတာ မငြင်းသာပါဘူး။ "အချိန်ဆိုတာ လွယ်လွယ်နဲ့ရပြီး လွယ်လွယ်လေးနဲ့ ပျက်စီးသွားနိုင်တဲ့အရာ။ စိန်၊ ရွှေ၊ ငွေစတဲ့ တန်ဖိုးကြီးပစ္စည်းတွေနဲ့ လဲလှယ်လို့မရတဲ့အရာ။ ဘယ်အရာနဲ့မှ အစားထိုး လျော်ကြေးပေးပြီး ပြန်ယူလို့မရနိုင်ပါလားဆိုတာကို "အာသာဘယ်ရီ" သိလိုက်ရတဲ့အချိန်မှာ နောက်ကျသွားခဲ့ရပါပြီ။

သူ့ကိုလာကြည့်နေကြတဲ့လူတွေနဲ့ သူ့အကြောင်းကို စုံစမ်းမေးမြန်းကြတဲ့ သတင်းမီဒီယာတွေကို "အာသာဘယ်ရီ" ကိုယ်တိုင်ပြောခဲ့တဲ့စကားဟာ သူ့ဘဝနဲ့ရင်းပြီးရလာတဲ့ နောင်တလို့ပဲပြောပြော၊ ခံစားချက်လို့ပဲဆိုဆို၊ ဒဿနစကားလို့ပဲအမွှမ်းတင်တင် ကြားသိရသူတိုင်းအတွက် တန်ဖိုးရှိနေတာတော့ အမှန်ပါပဲ။ လူသားတိုင်း အလေးထားစဉ်းစားသင့်ပါတယ်။

ကျွန်တော်တို့အားလုံးအတွက် နေ့စဉ်နဲ့အမျှ ကုန်ဆုံးသွားတဲ့အချိန်တွေကို ပေါ့ပေါ့ဆဆ မနေသင့်ပါဘူး။ ကျောင်းသူကျောင်းသား၊ လူလတ်ပိုင်း၊ လူကြီးပိုင်းစတဲ့ အရွယ်သုံးပါးကိုယ်စီမှာ ဘဝအတွက် မလုပ်လို့မဖြစ်တဲ့ တာဝန်တွေ၊ လုပ်ငန်းတွေဆိုတာ ရှိနေကြတာအမှန်ပါပဲ။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ရယ်လို့ အရွယ်သုံးပါးရဲ့ စွမ်းဆောင်နိုင်မှု အခြေအနေအပေါ်မှာမူတည်ပြီး လောကီ၊ လောကုတ္တရာ အကျိုးစီးပွားတွေကို ဖြစ်ထွန်းစေမယ့် လုပ်ငန်းကိစ္စ တာဝန်ဝတ္တရားတွေကို မမေ့မလျော့သော သတိနဲ့ နေထိုင်ဆောင်ရွက်ကြဖို့ လိုပါလိမ့်မယ်။ ဒါမှသာ ရရှိပိုင်ဆိုင်ထားတဲ့ အချိန်တွေဟာ အလဟဿမဖြစ်တော့ဘဲ အချိန်ကိုခိုးယူသူရန်က ကင်းဝေးပြီး မျှော်လင့်ထားတဲ့ ဘဝရဲ့ တန်ဖိုးရှိသောနေ့ရက်တွေ တန်ဖိုးရှိသောလူသား အောင်မြင်မှုချမ်းသာသောဘဝတွေကို ပိုင်ဆိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

"နေ့ကုန်ညရောက် တစ်နေ့ပျောက်ခဲ့ ဘယ်လောက် တိုးပွားအကျိုးများလဲ သေချာတွေးကြည့် သင်သတိ" ဆိုတာလို ကိုယ်ပိုင်ရရှိထားတဲ့ ဘဝရဲ့အချိန်တွေကို ခိုးယူနေမိပြီလား။ တန်ဖိုးကြီးမားလွန်းတဲ့ ဘဝထဲကအချိန်တွေကို ဘယ်လိုများကုန်ဆုံးနေမိလဲ။ ကိုယ်ပိုင်အချိန်တွေ ဘယ်လောက်ထိ ကုန်ဆုံးသွားပြီလဲဆိုတာကို တွေးဖို့လိုသလို တစ်နေ့တစ်နေ့ ကုန်ဆုံးသွားတဲ့အချိန်တွေမှာ ကုသိုလ်၊ ပညာ၊ ဥစ္စာ ရရှိခဲ့ရဲ့လားဆိုတာ နေ့စဉ်နေ့တိုင်း ဆင်ခြင်စဉ်းစားသင့်တာ အမှန်ပါပဲ။

"အချိန်ဆိုတာ ဘဝ
အချိန်ဆိုတာ အသက်
အချိန်ဆိုတာ လူသားတစ်ယောက်ရဲ့တန်ဖိုး
အချိန်တွေကို အကျိုးမဲ့ကုန်စေတာ၊ ဖြုန်းပစ်တာဟာ ခိုးယူလိုက်တာဖြစ်သလို ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးလိုက်တာနဲ့လည်း အတူတူပါပဲ"။

ကိုယ်ပိုင်ဆိုင်ထားတဲ့အချိန်တွေကို မခိုးမိဖို့၊ အကျိုးမဲ့ မဖြစ်စေဖို့ဆိုရင် လူသားဆန်မှုတွေ၊ ကိုယ်ကျင့်တရားတွေ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရားတွေ ကျင့်သုံးလိုက်နာကြဖို့လိုပါတယ်။ အကုသိုလ်ဖြစ်စေမယ့် မကောင်းတဲ့အကျင့်ဆိုး အတွေးဆိုး အပြောအဆိုဆိုးတွေကို ကင်းနိုင်သမျှကင်းရှင်းဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အချိန်တွေကို အကျိုးမဲ့ဖြစ်စေနိုင်တဲ့ အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်တွေ၊ မူးယစ်သောက်စားတာတွေ၊ အပျော်အပါးတွေ၊ ပျင်းရိခြင်းတွေ၊ လုံ့လဝီရိယနည်းပါးတာတွေကို ပြုပြင်ကြရမှာပါ။ ကိုယ့်ဘဝ ကိုယ့်တန်ဖိုး ကိုယ့်ဂုဏ်သိက္ခာ ကိုယ့်မိသားစုကို အဆင့်အတန်းမြင့်မြင့်ထားချင်တယ်၊ ဂုဏ်သိက္ခာရှိရှိနေထိုင်ချင်တယ်၊ ကြီးပွားအောင်မြင်သောသူ ပျော်ရွှင်ငြိမ်းချမ်းသောသူ ဖြစ်ချင်တယ်ဆိုရင် ကိုယ့်ဘဝထဲကအချိန်တွေကို ကိုယ်တိုင် ခိုးယူသောသူမဖြစ်အောင် နေထိုင်စောင့်စည်းရမှာ ဖြစ်ပါတယ်။

တကယ်တော့ ဘဝဆိုတာ တိုတိုလေးပါ။ အချိန်ဆိုတာလည်း တစ်ခဏလေးပါ။ တိုတောင်းလွန်းတဲ့ တစ်ခဏအချိန်လေးမှာ လူသားမဆန် အဓိပ္ပာယ်မဲ့သော နေ့ရက်မျိုးတွေနဲ့ မပျော်ပိုက်စေချင်ပါဘူး။ ရလာတဲ့ဘဝ ရှင်သန်နေတုန်းမှာ အဓိပ္ပာယ်ရှိတဲ့လူ တန်ဖိုးရှိတဲ့ဘဝဖြစ်အောင် ကိုယ်ပိုင်ဆိုင်ထားတဲ့အချိန်တွေကို အကျိုးရှိရှိအသုံးချပြီး "အာသာဘယ်ရီ"လို နောင်တဆိုးတွေ မတွေ့ကြုံကြရလေအောင် အသိတရားနဲ့သတိထားပြီး တန်ဖိုးရှိရှိ နေထိုင်ကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။ ။

ဆေးလိပ်ရှောင်ရှား လူငယ်များ

❖ မူးယစ်ဆေးဝါး အန္တရာယ်
ရှောင်ကြဉ်ကြရမယ်။
ဆေးလိပ်ကိုကွယ် သတိထား
ကျောင်းသားလူငယ်များ။

❖ ဆေးလိပ်ဆေးဝါး ဆိုးကျိုးတွေ
သတိရှိကြစေ။
အသက်ကိုလေ ခြိမ်းခြောက်ထား
လူညွှန့်တုံးစေသား။

❖ ဆေးလိပ်ရှောင်ရှား နေ့ရက်ဟာ
မေသုံးဆယ့်တစ်ပါ။
ကမ္ဘာပေါ်မှာ သတ်မှတ်ကြ
ဆေးလိပ်မသောက်ရ။

❖ မူးယစ်အစ ဆေးလိပ်ပါ
ရှောင်ကြများသူငါ။
အစပြုကာ မသုံးရ
ဆေးလိပ်မုန်းတီးကြ။

❖ မီးခိုးငွေ့က အန္တရာယ်
ရောဂါရစေတယ်။
ကင်ဆာတွေကွယ် အဖြစ်များ
ဆေးလိပ်ရှောင်စို့လား။

ရွှေတိုး-ထုံးဘို